# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ တော်သလင်းလဆန်း (၁၀) ရက် ၊ တနင်္ဂနွေနေ့ ၊ (24-9-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၄၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စာဆိုတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ စာဆိုတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပြခန်းအတွင်း စိတ်ဝင်တစားကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၃**

စာဆိုတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့ အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့နှင့်အတူ ကောင်စီ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာတမ်းဖတ်ပွဲတွင် သဘာပတိများအဖြစ် ဆောင်ရွက်ကြမည့်

စာမျက်နှာ ၁၆ ကော်လံ ၁ ☞




ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်တို့အတွက် ပညာရေးအခွင့်အလမ်းများ

၂၁ ရာစုသည် ပညာခေတ်ဖြစ်သည်နှင့်အညီ ပညာဖြင့် အရာရာကို ပိုင်းဖြတ်လျက်ရှိသည်။ ပညာမဏ္ဍိုင်ကြံ့ခိုင်မှသာ ခေတ်မီတိုးတက်အောင်၊ တိုင်းပြည်သာယာဝပြောအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် အနာဂတ်၏ ခေါင်းဆောင်များဖြစ်လာကြမည့် မျိုးဆက်သစ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ဆောင်ရွက်ရာတွင် အခြေခံပညာရေးသည် အဓိကကျသောနေရာမှ ပါဝင်ပါသည်။ အခြေခံပညာသင်ယူကြမည့် ကျောင်းသားလူငယ်များ ပညာရင်နို့အပြည့်အဝသောက်စို့နိုင်ရန် နိုင်ငံတော်က ပညာသင်အရွယ်တိုင်း KG+9 အဆင့် အနည်းဆုံးပြီးစီးသူဖြစ်စေရန် အလေးထားအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့် **(Grade-9)** ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး ပညာရပ်များကို သင်ယူလေ့လာခွင့် ရရှိနိုင်ရေးအတွက် ယခုပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်း၌ ခရိုင် ၅၀ ရှိ အခြေခံပညာအထက်တန်းကျောင်း ၅၁ ကျောင်းတို့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ဘက်စုံသက်မွေးပညာကျောင်းများကိုပါ နားလည်တတ်ကျွမ်းအောင် သင်ကြားဖွင့်လှစ်ပေးနိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် လာမည့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင်လည်း ခရိုင် ၃၄ ခရိုင်၌ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အတတ်ပညာများ တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်း ၃၄ ကျောင်းကို ခေတ်နှင့်အညီ ထပ်မံဖွင့်လှစ်သွားမည်ဖြစ်သည်။ အခြေခံပညာအလယ်တန်းဆင့် **(Grade-9)** ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများ အထက်တန်းအဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးအတတ်ပညာများကိုပါ သင်ယူတတ်မြောက်နိုင်ရန် အခွင့်အလမ်းများကို အခွင့်အရေးတစ်ခုအဖြစ် ရရှိကြတော့မည်ဖြစ်ပါသည်။

တစ်နည်းအားဖြင့် ပညာရေးလောကနှင့် အလုပ်ခွင်လောက နှစ်ခုကို တိတိပပ ချိတ်ဆက်နိုင်တော့မည်ပင်ဖြစ်သည်။ ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့အခြေခံပညာရေးကို စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်းပညာများနှင့် ချိတ်ဆက်နိုင်သည့် အခွင့်အရေးမှတစ်ဆင့် လုပ်ရည်ကိုင်ရည် စွမ်းဆောင်ရည်မြင့်မားသော ပညာတတ်လူငယ်များစွာ နိုင်ငံတော်အတွက် ရရှိအားထားနိုင်တော့မည်ဖြစ်သည်။

နိုင်ငံတော်အပိုင်းက ယခုကဲ့သို့ ပညာသင်ယူနိုင်ခွင့် အခွင့်အလမ်းကောင်းများစွာ ဖော်ထုတ်ပေးသော်လည်း အချို့နေရာများနှင့် ကျောင်းသားလူငယ် လူမည်အရွယ်များစွာ ပညာသင်ကြားခွင့် အခွင့်အရေးများ ဆုံးရှုံးနေရသည်။ ပညာတတ်ဘဝကို ဖယ်ခွာ၍ လမ်းမှားတွင် လမ်းပျောက်နေကြရသည့်အပြင် အနာဂတ်မဲ့နေသော ဘဝများ၌ ရောက်ရှိနေသည်ကို စိတ်မကောင်းဖွယ်တွေ့မြင်ရသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်က လူငယ်များကို နိုင်ငံတော်၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် အားကိုးအားထားပြုရမည့် ပညာတတ်၊ ပညာရှင်များအဖြစ် ပေါ်ထွန်းလာစေရန် အမြော်အမြင်ကြီးစွာ ပြုစုပျိုးထောင်လျက်ရှိသည်။ အနာဂတ်တွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဖြစ် ဖန်တီးပုံဖော်ရာတွင် အဓိကစွမ်းအားစုအဖြစ် ပါဝင်မည့် လူငယ်များသည် ဗလငါးတန်နှင့် ပြည့်စုံနေရမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွက် သားကောင်းရတနာ လူငယ်လူရွယ်များစွာ ပေါ်ထွက်လာရေးသည် နိုင်ငံတော်နှင့်အတူ မိဘ၊ ဆရာများ၊ ပြည်သူအပေါင်းတို့၏ အားပေးပူးပေါင်းထိန်းကျောင်းတည့်မတ်ခြင်းဖြင့် ဆောင်ရွက်သွားနိုင်မည်ဖြစ်ပါကြောင်း အကြံပြုရေးသားလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့် ဝေဠုဝန်စနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူး ရဟန်းသံဃာတော်များနှင့်ပြည်သူ စုစုပေါင်း ၂၄၃၅၆၉ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မန္တလေးတောင်ပေါ်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ လာရောက်ဖူးမြော်ကြပါတယ်။ ရဟန်းသံဃာတွေနဲ့ သက်ကြီးရွယ်အိုတွေအတွက်လဲ ဓာတ်လှေကား၊ စက်လှေကားတွေ စီစဉ်ထားပါတယ်။ စောင်းတန်းကနေ တက်ရောက်ဖူးမြော်သူတွေအနေနဲ့ မန္တလေးတောင်ပေါ်မှာရှိတဲ့ ဘုရားတွေကို စုံလင်စွာဖူးမြော်နိုင်ပါတယ်။ ကား၊ ဆိုင်ကယ်တွေနဲ့ တက်ရောက်ဖူးမြော်သူတွေအတွက် လမ်းတွေကို ချဲ့ပေးထားပြီး ပြုပြင်ခင်းပေးထားပါတယ်"ဟု မန္တလေးတောင်တော် ဂေါပကအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြသည်။

မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ညနေထိ ဘုရားဖူး ၉၈၁ ဦး လာရောက် ဖူးမြော်ကြောင်း သိရသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ညနေထိ ဘုရားဖူး ၂၄၀၇၈၅ ဦး လာရောက်ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းကပြောပြသည်။

ထို့အတူ ဝေဠုဝန်စနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၁၈၀၃ ဦး လာရောက်ဖူးမြော်ကြောင်း ဝေဠုဝန်စနကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းများအတွင်း ခရီးသည်တင်ယာဉ်များ ရှုပ်ထွေးမှုမရှိစေရေး စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းများအတွင်း ခရီးသည်တင်ယာဉ်များ ပိတ်ဆို့ရှုပ်ထွေးမှုမရှိစေရေး စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အခွန်ဌာန ဒုတိယဌာနမှူး ဦးရဲထွန်းက ပြောပြ၍ သိရသည်။

မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းငါးခုဖြစ်သည့် ချမ်းမြေ့ရွှေပြည်၊ မဟာအောင်မြေ၊ ပြည်ကြီးမျက်ရှင်၊ ဒေါနဘွား၊ သီရိမန္တလာ အဝေးပြေးယာဉ်ရပ်နားစခန်းတို့အတွင်း လိုက်ပါစီးနင်းမည့် ခရီးသည်များအပါအဝင် ခရီးသည်တင်ယာဉ်များနှင့် သုံးဘီးယာဉ်များ ကားကွင်းအတွင်း ရှုပ်ထွေးကာ ယာဉ်ကြောပိတ်ဆို့မှု မရှိစေရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာနနှင့် ကားကြီးကွင်းများ၏ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ စသည့်ပူးပေါင်းအဖွဲ့များဖြင့် စက်တင်ဘာလဒုတိယပတ်မှစ၍ စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ယာဉ်ရပ်နားစခန်းတွေထဲမှာ ခရီးသည်တင်ယာဉ်တွေအပါအဝင် ခရီးသည်တင် သုံးဘီးယာဉ်တွေနဲ့ ပြည့်နက်ပြီး ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေဖို့အတွက် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းတွေ ပြန်ပြီးလုပ်ဆောင်နေပါတယ်။ အဓိကကတော့ သုံးဘီးယာဉ်တွေ ကားကွင်းအတွင်းမှာ ခရီးသည်အတင်အချပြုလုပ်ပြီး ပြန်ထွက်ဖို့ပါ။ အချိန်ကြာမြင့်စွာရပ်နေတဲ့ သုံးဘီးယာဉ်တွေကိုလဲ အထူးကြပ်မတ်ထိန်းသိမ်းမှုလုပ်ငန်းတွေ လုပ်ဆောင်နေပါတယ်"ဟု ဦးရဲထွန်းက ပြောပြသည်။

မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းငါးခုမှ လိုက်ပါစီးနင်းမည့်ခရီးသည်များ စိတ်အနှောင့်အယှက် မဖြစ်စေရေးအတွက် သက်ဆိုင်ရာ ကားကွင်းစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ကားကွင်းများအတွင်း ခရီးသည်တင်ယာဉ်များ တစ်စီးနှင့်တစ်စီး ပိတ်ဆို့ရှုပ်ထွေးမှုများ မရှိစေရေးအတွက်ပါ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့ရှိ အဝေးပြေးယာဉ်ရပ်နားစခန်းငါးခုတွင် ယာဉ်အသင်းရေ ၅၀၀ ကျော်၊ ယာဉ်အစီးရေ ၁၀၀၀ ကျော်ဖြင့် ခရီးသည်များကို ပို့ဆောင်ပေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# မန္တလေးဈေးကွက်တွင် ပဲကျား အရောင်းအဝယ်ကောင်းနေပြီး သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးဈေးကွက်တွင် ပဲကျား အရောင်းအဝယ်ကောင်းနေပြီး သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိတွင် ပဲကျားများကို တရုတ်နိုင်ငံဘက်က ဝယ်ယူမှုများ ရှိလာကြောင်း၊ ယခင်က မန္တလေးဈေးကွက်အတွင်း ပဲကျားအရောင်းအဝယ်အေးနေခဲ့ကြောင်း၊ လက်ရှိတွင် မန္တလေးဈေးကွက်အတွင်း ပဲကျား အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"အခုလက်ရှိအချိန်မှာ ပဲကျားတွေကို ပြည်ပကကော၊ ပြည်တွင်းကပါ ဝယ်ယူမှုပြန်များလာပြီး အရောင်းအဝယ်က အရင်ကထက်ပိုပြီးကောင်းလာတာကြောင့် အခုလက်ရှိ ဈေးကောင်းပြန်ပြီးရရှိလာပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေးဈေးကွက်တွင် စက်တင်ဘာလ ဒုတိယပတ်က ပဲကျားဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း စက်တင်ဘာ၂၂ ရက်နေ့ ပေါက်ဈေးအရ ပဲကျားဈေးနှုန်းမှာ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုလောလောဆယ်တော့ ပဲကျားအရောင်းအဝယ် ပြန်ပြီးကောင်းလာတယ်။ တရုတ်နိုင်ငံဘက်ကလဲ အခုတစ်လော အဝယ်ပြန်များလာတယ်။ နောက်ပိုင်းမှာလဲ ပဲကျားအရောင်းအဝယ် ဒီထက်ပိုကောင်းလာနိုင်ပြီး ဈေးကောင်းလဲ ပိုရလာနိုင်ပါတယ်"ဟု ဦးစက်မောင်ဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# စဉ့်ကူးမြို့နယ် ခတက်ချဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စဉ့်ကူး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းခရိုင် စဉ့်ကူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ခတက်ချဉ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၂ ရက် မွန်းလွဲပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြသိန်းဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်နေလူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေများကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ အသင်းသားများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဥပဒေပါပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စဉ့်ကူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နော်အေးအေးထူး၊ စီမံကိန်းတာဝန်ခံ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ခတက်ချဉ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၅၀ ကို ငွေကျပ် ၁၈ ဒသမ ၅၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၂၀ ဦးကို ငွေကျပ် ၂၈ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၀ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၆ ဒသမ ၅၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သက်မာ**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၆၅ အေ၊ ၁၀၈-၁၀၉ လမ်းကြားနေ ကျန်ရစ်သူသားသမီးများက မိခင် ဒေါ်စောမာလာအား ရည်စူး၍ ရာသက်ပန်ဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၁၃၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ဒေါက်တာ ဦးတင်ဝင်းနှင့်ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# မော်လမြိုင်ကျွန်းမြို့နယ်တွင် တီလားပီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိ



**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် တီလားပီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံ ရောင်းဝယ်ရေးပွဲရုံများထံ တီလားပီးယားငါးများ ပုံမှန်ဝင်ရောက်လျက်ရှိသောကြောင့် ပြီးခဲ့သည့် ဩဂုတ်လက တီလားပီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ထိသာ ဈေးရှိခဲ့ပြီး စက်တင်ဘာလ ပထမပတ်မှယနေ့ထိ တီလားပီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ ထိုသို့ငါးဈေးနှုန်းကောင်းလာခြင်းကြောင့် ရေလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"တီလားပီးယားငါးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ လက်ရှိငါးတွေ အထွက်နှုန်းကောင်းပြီး ဈေးကောင်းနေတယ်။ ဒါ့ပြင် ဒေသငါးဈေးကွက်မှာ ငါးအရောင်းအဝယ်လုပ်ငန်းတွေကလဲ အပြိုင်ပြန်လည်လုပ်ကိုင်လာတော့ ဈေးက ထိုးတက်လာတာဖြစ်ပါတယ်။ အရင်က ငါးတစ်ပိဿာကို ငွေကျပ် ၄၅၀၀ ထိသာရှိခဲ့တာ။ အခု တစ်ပိဿာကို ငွေကျပ် ၇၅၀၀ ထိ ဈေးကောင်းနေတာဖြစ်ပါတယ်။ အခုလအတွင်း အမှာကုန်ချိန်ကလဲ များနေပါတယ်။ ငါးဈေးကလဲကောင်း၊ အရောင်းအဝယ်ကလဲ ကောင်းတော့ ရေလုပ်ငန်းလုပ်သူတွေ အဆင်ပြေနေပါတယ်။ တီလားပီးယားငါးက ပြည်တွင်းမှာကို လိုအပ်ချက်များနေတာ။ ပြည်ပဈေးကွက်ပွင့်လာရင် အခုထက်ဈေးပိုရလာမှာပါ"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးမော်က ပြောပြသည်။

အဆိုပါတီလားပီးယားငါးမှာ ဈေးနှုန်းကောင်းပြီး အရောင်းအဝယ်ကောင်းနေကြောင်း၊ လက်ရှိ တစ်ရက်လျှင် တီလားပီးယားငါး ပိဿာချိန် ၅၀၀ မှ ၂၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ တီလားပီးယားငါး အရောင်းအဝယ်ကောင်းသဖြင့် ကုန်တင်ယာဉ်အငှားလိုက်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများ၊ ကုန်ထမ်းလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မလှိုင်မြို့နယ် နှောကန်ကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မလှိုင် စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နှောကန်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်ခင်မာလွင်(နည်းပညာ)နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ နှောကန်ကျေးရွာတွင် ကျေးရွာတွင်းလမ်း ချင်းမြေခင်းခြင်း အရှည်ပေ ၈၀၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဒေါ်စုစုက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်မှာကြားသည်။

မလှိုင်မြို့နယ် နှောကန်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၄ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုးကာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များက ဦးဆောင်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ဒုတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ လုပ်ငန်းများ ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးဒေါ်စုစုထံမှ သိရသည်။

**ဟိန်းထက်ရိုး(မလှိုင်)**

# ချောက်မြို့နယ် ရေတွင်းချိုင့်ကျေးရွာ၌ ကျောက်ရိုးစီ သံကူကွန်ကရစ်ကြမ်းခင်းတံတားဆောက်လုပ်နေမှု စစ်ဆေး

**ချောက် စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ မြို့ပြနှင့်ကျေးလက်ကွာဟမှု ကျဉ်းမြောင်းစေပြီး လူမှုစီးပွားဘဝဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ရေတွင်းချိုင့်ကျေးရွာ၌ ကျောက်ရိုးစီ သံကူကွန်ကရစ်ကြမ်းခင်းတံတားဆောက်လုပ်နေမှု အခြေအနေများကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ ကျောက်ရိုးစီ သံကူကွန်ကရစ်ကြမ်းခင်းတံတား ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူဆောင်ရွက်သည့် K.Z.E.N ကုမ္ပဏီက ကွန်ကရစ်တံတားဆောက်လုပ်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များရှင်းလင်းတင်ပြမှုအပေါ် မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်က လုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် မှာကြားသည်။

ချောက်မြို့နယ် ရေတွင်းချိုင့်ကျေးရွာ အဝင်လမ်းပေါ်ရှိ အလျားပေ ၂၀၊ အကျယ် ၂၄ ပေ၊ အမြင့် ရှစ်ပေ ကျောက်ရိုးစီ သံကူကွန်ကရစ်ကြမ်းခင်းတံတား ဆောက်လုပ်ခြင်းလုပ်ငန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေကျပ် ၃၈ သန်းဖြင့် K.Z.E.N ကုမ္ပဏီက ဇူလိုင်လ ပထမပတ်မှစတင်၍ တာဝန်ယူဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါတံတားဆောက်လုပ်မှုလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ရေတွင်းချိုင့်ကျေးရွာရှိ အိမ်ခြေ ၈၀၊ လူ ၄၀၁ ဦး အကျိုးပြုသွားမည်ဖြစ်ကြောင်း ချောက်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ(မြို့ပြ) ဦးဇော်မင်းထွဋ်ထံမှ သိရသည်။

**ဇင်မာ**



# နွားကျောင်းသား၏ကြာပွတ်သံနှင့် ကုန်လက်ကျန်ထိန်းသိမ်းခြင်း

မျိုးသူ(ကုန်သွယ်မြင့်)

အမေရိကန်နှင့်အနောက်တိုင်းတွင် နွားများကို အများအပြား ရာချီမွေးမြူကြခြင်းများရှိခဲ့သည်။ ထိုသို့ နွားအုပ်မှာ များစွာကြီးမားသဖြင့် လူတစ်ဦးတစ်ယောက်တည်း ခြေကျင်နွားကျောင်း၍ မရတော့ဘဲ မြင်းစီး၍ နွားကျောင်းသဖြင့် နွားကျောင်းသား Cow Boy ဟူသောသူများ ပေါ်ပေါက်လာခြင်းဖြစ်သည်။ ထိုနွားကျောင်းသားများတွင် ခွေးများပါရှိပြီး နွားကျောင်းခြင်းကို ခွေးများဖြင့် ဝိုင်း၍ ကျောင်းကြသည်။ ထို့ပြင် နွားကျောင်းသားလက်ထဲတွင် ကြာပွတ်ရှည်ကြီးများကိုပါ ကိုင်ထားတတ်ပြီး ထိုကြာပွတ်ရှည်ကြီးများကို ဝှေ့ယမ်းကာ အသံမြည်အောင် လုပ်တတ်ကြသည်။ ထို့နောက်တွင် အဆိုပါကြာပွတ်ဖြင့် နွားများကိုရိုက်သဖြင့် နွားများမှာ ကြာပွတ်အရိုက်မခံရစေရန် ပြေးကြသည်။ နောက်ပိုင်းတွင် နွားများသည် ကြာပွတ်ကို ဝှေ့ယမ်းသည့်အသံကြားသည်နှင့်ပင် အရိုက်မခံရစေရေးအတွက် ပြေးလွှားကြပြီး နွားတစ်အုပ်လုံးသည် ကြာပွတ်သံကြားလျှင် ကြာပွတ်နှင့် လွတ်ရာပြေးသည့် အလေ့အကျင့်ဖြစ်ပေါ်လာသည်။

ထိုကဲ့သို့ ကြာပွတ်မြည်သံ Bull Whips ကြောင့် နွားများသည် အရိုက်မခံရသော်လည်း ပြေးသည့်အလေ့အထပေါ်ပေါက်လာသည်ကို ဥပမာတင်စားပြီး Supply Chain Management အထောက်အကူပြုကွင်းဆက်ဆိုင်ရာစီမံခန့်ခွဲခြင်းဘာသာရပ်တွင် ကုန်လက်ကျန်ခန့်မှန်းခြင်း၊ ကုန်လက်ကျန်ဖြည့်ဆည်းခြင်းများတွင်သတိပြုရမည့် နွားကျောင်းသား၏ ကြာပွတ်သံအကြောင်းသင်ခဲ့ရသည်။ Bull Whips Effect ကို နွားကျောင်းသားကြာပွတ်သံ၏ သက်ရောက်မှုဟု ဘာသာပြန်ထားခြင်းဖြစ်သည်။ ဤနေရာတွင်ကြာပွတ်ကို ဝှေ့ယမ်းသူမှာ စားသုံးသူများဖြစ်သည်ကို သတိပြုရန်လိုသည်။ စားသုံးသူများက ဝယ်ယူသည့်အရေအတွက်နှင့် ကုန်အမှာများတိုးတက်လာသဖြင့် ကုန်ရောင်းချသူအဆင့်ဆင့်က အရေအတွက်ကို တိုး၍ စုဆောင်းရောင်းချရာမှ ကုန်ရောင်းကုန်ဝယ်မှုမြင့်တက်ပြီး ကုန်ဈေးနှုန်းလည်း လိုက်ပါမြင့်တက်လာတတ်ခြင်းဖြစ်သည်။ သို့ရာတွင် ဝယ်ယူသော စားသုံးသူများက အဘယ်ကြောင့် ပိုမိုဝယ်ယူလာကြသည်ဆိုသည်ကလည်း အရေးကြီးသောအချက်ဖြစ်လာသည်။ ထိုသို့ဖြစ်စေရန် မည်သူများကလှုံ့ဆော်ကြသည်ဆိုသည်ကလည်း အရေးပါသည်။

**Bull Whips Effect နှင့် ကိုဗစ်-၁၉**

Bull Whips Effect ကို ကိုဗစ်-၁၉ စတင်ဖြစ်စအချိန်တွင် တစ်ခါသုံး Maskများ၊ လက်ဆေးသည့်အဆီများ၊ အရက်ပြန်များကို အလွန်အမင်းအများအပြားဝယ်ယူကြခြင်းကြောင့် ဈေးနှုန်းများမြင့်တက်သည်များ ကြုံခဲ့ရပြီးဖြစ်သည်။ ထိုသို့ အလွန်အကျွံဝယ်ယူမှုများကြောင့် အထောက်အကူပြုကွင်းဆက်တစ်လျှောက် ကုန်လက်ကျန် ခန့်မှန်းနိုင်မှု၊ သိုလှောင်မှုပုံစံပျက်ယွင်းမှုနှင့် မလိုအပ်ဘဲ ကုန်များကိုသိုလှောင်ရသဖြင့် ကုန်ထားသိုရန်နေရာအတွက် ကုန်ကျစရိတ်၊ လုပ်သားနှင့် သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ်များလည်း လိုက်ပါများပြားလာတတ်သည်။ ထို့ကြောင့် ကုန်ဈေးနှုန်းမြင့်တက်မှုသည်လည်း လိုက်ပါလာတတ်သည်။

စားအုန်းဆီဈေးများသည် ပြည်တွင်းတွင် အလွန်အမင်းဈေးမြင့်တက်ခဲ့သည်ကို ဇူလိုင်လနှင့်ဩဂုတ်လတွင် တွေ့ရသည်။ ထိုသို့မြင့်တက်ခဲ့ရသည့်အကြောင်းရင်းကို ပြန်လည်လေ့လာကြည့်လျှင် ကောလာဟလစကားများနှင့် ကုန်ပစ္စည်းအများအပြားသိုလှောင်သူများ၏ ဈေးတက်အောင် လှုံ့ဆော်မှု၊ လော်ဘီလုပ်မှုများကြောင့်လည်း ပါဝင်နိုင်သည်ကို တွေ့ရသည်။ ထို့ပြင် ကုန်ပစ္စည်းရောင်းဝယ်သူများ၊ ပွဲစားများ၊ လက်ကားအရောင်းဆိုင်များ၊ လက်လီအရောင်းဆိုင်များနှင့် အဆုံးထိပြောရလျှင် စားသုံးသူများ၊ အိမ်ရှင်မများ၏ စိတ်ပိုင်းဆိုင်ရာနှင့်လည်းဆိုင်သည်ဟုဆိုနိုင်သည်။ စားသုံးသူများနှင့် လက်လီဆိုင်များ၊ လက်ကားဆိုင်များသည် ဆန်၊ ဆီ၊ ဆား၊ ဆေး စသောကုန်ပစ္စည်းများ ဈေးတက်လာလျှင် ဝယ်ယူထားလိုကြပြီး ဈေးကျဆင်းလျှင် ထပ်မံကျဆင်းမလားဟုတွေးပြီး လိုရုံ၊ လိုသမျှသာ ဝယ်လေ့ရှိကြသည်။ ဈေးအနည်းငယ်တက်လာသည်နှင့်ပင် Supply Chain အထောက်အကူပြုကွင်းဆက်တစ်ခုလုံးရှိ ရောင်းဝယ်သူများ၊ ဝယ်ယူသူများအားလုံးသည် ဝယ်ယူမှုအရှိန်ကို မြင့်တင်တတ်ကြသည်။

ထိုအခါ ကုန်ထုတ်လုပ်မှုနှင့် ရောင်းဝယ်သည့်လမ်းကြောင်းတစ်လျှောက်လုံးတွင် အရောင်းအဝယ်တက်လာပြီး ဈေးနှုန်းများလည်း ထပ်မံမြင့်တက်လာတတ်သည်။ လက်လီဆိုင်များ၊ Super Mart များတွင် ဝယ်လိုအားမြင့်တက်လာသည့်အခါတွင် လက်ကားဆိုင်ကြီးများ သို့မဟုတ် အဝယ်တော်များထံ မှာကြားမှုများမြင့်တက်လာသည်။ ထိုအခါ အဆိုပါလက်ကားဆိုင်ကြီးများကလည်း ကုန်ထုတ်လုပ်သူများ သို့မဟုတ် ကုန်ပစ္စည်းတင်သွင်းသိုလှောင်သူများထံသို့ အမှာများထပ်မံတောင်းဆိုလာကြသည်။ ဝယ်လိုအားမှာ နှစ်ဆ၊ သုံးဆထိ မြင့်တက်လာပြီး အရှိန်ဖြင့်လည်ပတ်သည့်အခြေအနေမျိုး ဖြစ်ပေါ်လာသည်။ ထိုအခါအရောင်းဆိုင်များကလည်းကောင်း၊ စားသုံးသူများကလည်းကောင်း ပုံမှန်ဝယ်ယူမှုမှ အဆတိုးဝယ်ယူသည့်အခြေအနေမျိုးဖြစ်ပေါ်လာသည်။ အချိန်တစ်ခုတွင် ထိုဝယ်ယူမှုများသည် ရပ်တန့်သွားသော်လည်း လက်ဝယ်တွင် ကုန်လက်ကျန်များသည် Supply Chain တစ်လျှောက်ရှိ လက်လီ၊ လက်ကားအရောင်းဆိုင်များ၊ သိုလှောင်ရောင်းဝယ်သူများ၊ စားသုံးသူများထံတွင် ပုံမှန်လိုအပ်သည်ထက် ပိုမိုရောက်ရှိနေတတ်ပြီး ဝယ်ယူထားသောဈေးနှုန်းများသည်လည်း ပုံမှန်ထက်မြင့်မားနေတတ်သည်။

ယခု ကုန်ဈေးနှုန်းများတက်ခြင်းမှာမူ အကြောင်းအမျိုးမျိုးဖြင့် ဈေးနှုန်းများမြင့်တက်လာခြင်းဖြစ်ခဲ့ပြီး စားသုံးသူများ၏ဝယ်လိုအားသည် နှစ်ဆမှ သုံးဆထိ မြင့်တက်လာကာ ကုန်လက်ကျန်ထိန်းသိမ်းမှုကို မိသားစုတစ်စုချင်း၊ တစ်အိမ်ထောင်ချင်းတွင်ပင် ပိုမိုသိုလှောင်ခြင်းဖြင့် လူတစ်ရာလျှင် ပိသာပေါင်းရာချီပြီး ပိုမိုဝယ်ယူစုဆောင်းသည့်အခြေအနေမျိုး ဖြစ်ပေါ်လျက်ရှိ၍ အများအပြားလက်ဝယ်တွင် စုဆောင်းမိနေကြသည့်သဘောမျိုးဖြစ်သည်ကို တွေ့ရတတ်သည်။ စားသုံးရန်လိုအပ်သည့်အရေအတွက်ထက် ပိုမိုဝယ်ယူထိန်းသိမ်းခြင်းကြောင့် Supply Chain Mechanism အထောက်အကူပြု ကွင်းဆက်လုပ်ငန်းစဉ်များသည် ပုံမှန်အတိုင်းလည်ပတ်နေရာမှ လျင်မြန်စွာလည်ပတ်လာသည့်အနေအထားဖြစ်သည်။ ထိုသို့ဖြစ်ပေါ်ရသည့် အခြေခံအကြောင်းရင်းမှာ လိုအပ်သည့်ကုန်ပစ္စည်းလက်ဝယ်တွင် နည်းပါးမည်ကို စိုးရိမ်မှုကြောင့်ဖြစ်သကဲ့သို့ လက်လီ၊ လက်ကား ကုန်သည်များသည်လည်း လက်ဝယ်တွင် ကုန်ရောင်းချရန်စိုးရိမ်စိတ်ကြောင့် ပိုမိုချန်ထားသဖြင့်ဖြစ်သည်။ ပုံမှန်အတိုင်းလည်ပတ်သွားသည့်အခါတွင် ကုန်ပစ္စည်းများသည် လက်ဝယ်တွင် ဈေးအမြင့်ဖြင့် အများအပြားကျန်နေမည်ဖြစ်သည်။ ဈေးကြီးမိထားသောကုန်များကို လက်ဝယ်ရှိသူက အရှုံးခံပြီးမရောင်းလိုသဖြင့် ကုန်ပစ္စည်းများကို ဆက်လက်ဈေးမြင့်အောင် ထိန်းထားလိုပြီး စားသုံးသူများဘက်ကလည်း ဈေးအနိမ့်ဖြင့်သာ ဝယ်လိုသည့်ကြားတွင် အားပြိုင်သကဲ့သို့ ဖြစ်လာသည်။

**Bull Whips Effect ကို မည်သို့ထိန်းမည်နည်း**

အဆိုပါကြာပွတ်သံကို ထိန်းသိမ်းနိုင်သည့်နည်းလမ်းများအနက်မှတစ်ခုမှာ ကုန်လက်ကျန်ကို အများအပြား လက်ဝယ်တွင်မထားဘဲ လိုအပ်သည့်အရေအတွက်ထက် ပိုမိုခြင်းမရှိအောင် လက်လီ၊ လက်ကားကုန်သည်များ၊ ရောင်းချသူများအားလုံးက စနစ်တကျကုန်မှာသော စနစ်တစ်ခုဖြစ်ပေါ်လာရန်လိုအပ်လာသည်။ ကုန်သိုလှောင်မှုများကို မလိုအပ်ဘဲအများအပြားသိုလှောင်ခြင်းကို လျှော့ချနိုင်ရန်လိုအပ်သည်။ အချို့သောနိုင်ငံများတွင် အရေးကြီးကုန်စည်သိုလှောင်ခြင်းကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် အရေအတွက်အများအပြား သိုလှောင်ခြင်းမရှိရန် ထိန်းသိမ်းတတ်ကြသည်။

> ❖ ကုန်လက်ကျန်ကို အများအပြား လက်ဝယ်တွင်မထားဘဲ လိုအပ်သည့်အရေအတွက်ထက် ပိုမိုခြင်းမရှိအောင် လက်လီ၊ လက်ကား ကုန်သည်များ၊ ရောင်းချသူများအားလုံးက စနစ်တကျကုန်မှာသောစနစ်တစ်ခုဖြစ်ပေါ်လာရန်လိုအပ်လာသည်။ ကုန်သိုလှောင်မှုများကို မလိုအပ်ဘဲ အများအပြားသိုလှောင်ခြင်းကို လျှော့ချနိုင်ရန်လိုအပ်သည်။ အချို့သောနိုင်ငံများတွင် အရေးကြီးကုန်စည်သိုလှောင်ခြင်းကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများဖြင့် အရေအတွက်အများအပြား သိုလှောင်ခြင်းမရှိရန် ထိန်းသိမ်းတတ်ကြသည်။ ❖

ဥပမာ-အိန္ဒိယနိုင်ငံတွင် ပဲစင်းငုံ၊ မတ်ပဲ စသောပဲများသည် အရေးကြီးသီးနှံများဖြစ်သဖြင့် အရေအတွက်မည်မျှသာသိုလှောင်ရမည်ကို ကန့်သတ်ထားလေ့ရှိကြသည်။ ထို့ကြောင့် ကုန်စည်သိုလှောင်မှုအဆင့်ဆင့်သည် ချိန်ကိုက်လှုပ်ရှားနိုင်ရန် အရေးကြီးသည်။ စားသုံးသူများလက်ဝယ်သို့ ဈေးနှုန်းများမကြီးမြင့်ဘဲ ပုံမှန်ဈေးနှုန်းများဖြင့် ရောက်ရှိရေးမှာ Supply Chain တစ်လျှောက်လုံးတွင် အထစ်အငေါ့မရှိဘဲ စီးဆင်းသွားရန်လိုအပ်သည်။ ရေလမ်းကြောင်းတစ်နေရာရာတွင် ကျဉ်းမြောင်းသွားသည်နှင့် ထိုနေရာတွင် ရေတန့်ကာ သိုလှောင်သကဲ့သို့ဖြစ်ပြီး စီးဆင်းမှုသည် ပုံမှန်မဟုတ်ဘဲ ပျက်ယွင်းမည်ဖြစ်သည်။ ထိုကဲ့သို့ပင် ကုန်ပစ္စည်းများသည် စားသုံးသူလက်ဝယ်ရောက်သည်ထိ ပုံမှန်အတိုင်းစီးဆင်းရန်နှင့်မလိုအပ်ဘဲ တစ်နေရာရာတွင် ကုန်ပစ္စည်းများ စုပုံသိုလှောင်ခြင်းမျိုးမဖြစ်ရန် လိုအပ်သည်။ သို့ရာတွင် တစ်ဖက်မှလည်း ကုန်ပစ္စည်းများလိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ဖြန့်ဖြူးရောင်းချနိုင်သည့် အရေအတွက်ကို လက်ဝယ်တွင်ရှိနေရန်လည်း လိုအပ်သည်။ ကုန်ပစ္စည်းသိုလှောင်သည့်နည်းစနစ်ကို စီမံခန့်ခွဲသည့်နည်းလမ်းများ Warehouse Management System ကို ချမှတ်ကျင့်သုံးနိုင်ရန် လိုအပ်သည်။

ထို့ကြောင့် သိုလှောင်ထားသိုမှုရှိရမည်ဖြစ်သော်လည်း အလွန်အကျွံသိုလှောင်မှုမျိုးလည်းမဖြစ်အောင် စီမံခန့်ခွဲနိုင်ရန်လိုအပ်သည်။ အခြားတစ်ဖက်တွင်လည်း ဝယ်နိုင်သည့်အရေအတွက်ကို ဝယ်ချင်သလောက်ဝယ်ရောင်းချပေးနိုင်ရန် ဆောင်ရွက်မည်လားဆိုသည်ကို တွက်ချက်ကြည့်ရန်လိုအပ်သည်။ ဝယ်ချင်သလောက်ဝယ်ယူမှုကိုခွင့်ပြုမည်ဆိုပါက မလိုအပ်ဘဲအများအပြားကုန်သိုလှောင်မှုကို အားပေးသကဲ့သို့ဖြစ်နိုင်သည်။

အခြားအချက်တစ်ခုမှာ ကုန်ဝယ်ယူသည့်အခြေအနေကို အစဉ်အမြဲလေ့လာသုံးသပ်ပြီး ကုန်လိုအပ်ချက်ကို ပြင်ဆင်ခြင်းနည်းဖြစ်သည်။ အဆိုပါလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် ပုံမှန်ဝယ်ယူနေကျဖောက်သည်များ၊ စားသုံးသူများ၏ ပုံမှန်ဝယ်ယူမှုအခြေအနေများကို သုံးသပ်နိုင်ရန်အရေးကြီးသည်။ စားသုံးနှုန်းများကို သိရှိထားရန်လည်း လိုအပ်သည်။ မည်သည့်အတွက်ကြောင့် ဝယ်ယူသည်ကိုလည်း လေ့လာသိရှိထားရန်လိုအပ်မည်ဖြစ်သည်။

ဥပမာ-မြန်မာနိုင်ငံတွင် လူတစ်ဦး ဆန်စားသုံးနှုန်းသည် တစ်နှစ်လျှင် ၁၅၅ ကီလိုဂရမ်ခန့်ရှိသည်။ ဆီစားသုံးနှုန်းမှာ တစ်နှစ်လျှင် ခြောက်ပိဿာခန့်ရှိသည် စသည့်အခြေအနေမျိုးပေါ်တွင်အခြေခံပြီး တစ်နိုင်ငံလုံး၏ ဆန်၊ ဆီလိုအပ်ချက်ကို ခန့်မှန်းနိုင်သည်။ ဆန်လိုအပ်ချက်မှာ ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်သဖြင့် အရေအတွက်လိုအပ်ချက်ကို ထိန်းသိမ်းနိုင်သည်ဖြစ်သည်။ စားသုံးဆီလိုအပ်ချက်မှာ ပြည်တွင်းကြိတ်ခွဲထုတ်လုပ်နိုင်မှုဖြင့် လုံလောက်သောအခြေအနေ မရှိသေးသဖြင့် ပြည်ပမှတင်သွင်းနေရသောကြောင့် လူတစ်ဦးချင်းစားသုံးမှုနှင့် လိုအပ်ချက်သည် ဆက်စပ်နေသည်။ ထို့ကြောင့် လိုအပ်ချက်ကို လိုသလောက်သာဝယ်ယူရန်ကလည်း အရေးပါလာသည်။ စားသုံးသူများ၏ လိုအပ်ချက်ကိုအခွင့်အရေးယူပြီး ဈေးမြင့်တက်အောင်ဆောင်ရွက်တတ်သည်ကိုလည်း သတိပြုရန်လိုအပ်လာသည်။ စားသုံးသူများ ကြိုက်နှစ်သက်သည့် မြေပဲဆီကို အကြောင်းပြု၍ စားအုန်းဆီကိုမြေပဲအနံ့သာထည့်ပြီး ရောဆီ၊ စပ်ဆီအဖြစ် ဈေးမြင့်ရောင်းချခြင်းမျိုးကို သတိပြုရှောင်ကြဉ်ရန်လိုအပ်သည်။ အရေးယူရန်လိုအပ်သည်။ အမျိုးအစားမမှန်သည့် စားဆီများကို ထိထိရောက်ရောက်အရေးယူရန်လိုအပ်သည်။

ဈေးနှုန်းအတက်အကျဖြစ်ပေါ်ခြင်းကို ထိန်းသိမ်းနိုင်ရန်လည်း အရေးကြီးသည်။ စားသုံးသူများ၏အလေ့အထသည် အလွန်အရေးပါသည်။ စားသုံးသူများသည် ဈေးနှုန်းငြိမ်နေလျှင် ပိုမိုဝယ်ယူမှုမျိုးကို မပြုလုပ်တတ်ကြဘဲ ဈေးနှုန်းတက်သည့်အချိန်မျိုးတွင် စိုးရိမ်စိတ်ဖြင့် ပိုမိုဝယ်ယူတတ်ကြသဖြင့် ဈေးနှုန်းတက်သည်ကို ထိန်းနိုင်ရန် အရေးကြီးသည်။ ထို့ကြောင့် ဈေးနှုန်းတည်ငြိမ်စွာရှိနေရန်လိုအပ်သည်။ ဈေးနှုန်းတည်ငြိမ်ရေးအတွက် ကုန်သည်များအနေဖြင့် တစ်ဦးချင်းလုပ်ကိုင်ရန်ခက်ခဲနိုင်သော်လည်း ကုန်သည်များစုပေါင်းထားသည့်အသင်းအဖွဲ့များက ဆောင်ရွက်နိုင်သည့်အခြေအနေရှိသည်။ သို့ရာတွင် အရေးကြီးဆုံးအချက်မှာ ညီညီညွတ်ညွတ်စိတ်တူသဘောတူဖြင့် ဈေးနှုန်းတည်ငြိမ်ရေးကို ဝိုင်းဝန်းအကောင်အထည်ဖော်ရန် အရေးကြီးသည်။ တစ်ဖက်ကလည်း သက်ဆိုင်ရာဌာနများက ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်ပေးသင့်သည်။ အရေးယူမှုများတွင် အဓိကအားဖြင့် ဈေးကစားသူများ၊ ဒေသအသီးသီးတွင် အများအပြားသိုလှောင်ထားသူများကို ဈေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်ရာတွင် ပူးပေါင်းပါဝင်လာစေရေးဆောင်ရွက်နိုင်ရန် အရေးကြီးသည်။ ကုန်သိုလှောင်သူများအနေဖြင့် ဈေးနှုန်းအတက်တွင် တက်ရောင်းသလို ဈေးနှုန်းကျဆင်းသည့်အခါတွင်လည်း ကုန်များကိုဈေးနှုန်းချရောင်းပေးရန်လိုသည်။

ကုန်လက်ကျန်အများအပြားထားသိုခြင်း၊ အများအပြားသိုလှောင်ခြင်းများမရှိစေရန်ဖြစ်သည်။ ထို့ပြင် တစ်ဆင့်ခံပြန်လည်ရောင်းဝယ်မှုများကိုလည်း နည်းနိုင်သမျှနည်းပါးစေရေးအတွက် ဆောင်ရွက်နိုင်ရန်လိုအပ်သည်။ စတင်ရောင်းချသည့်ဈေးနှုန်းမှ စားသုံးသူထံရောက်သည်ထိကြားတွင် အဆင့်များ မများပြားရေးသည်လည်း များစွာအရေးကြီးသည်။ ထိုအခြေအနေများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများဖြင့် ဆောင်ရွက်နိုင်ရန်လိုအပ်ကြောင်း ရေးသားလိုက်ရပါသည်။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၅၁၃၂ ဧက စိုက်ပျိုးပြီးစီး

**ကလေး စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၄၅၁၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံ ၆၀၈၀၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှစတင် စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၅၁၃၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆီထွက်သီးနှံ စိုက်ပျိုးမှုကတော့ တိုးတက်မှုရှိပါတယ်။ စားသုံးဆီဖူလုံဖို့နဲ့ ဆီထွက်သီးနှံတိုးတက်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံဧက ၆၀၀၀၀ ကျော်စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိတော့ ဆီထွက်သီးနှံဧက ၄၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီစွာစိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မြို့နယ်အလိုက် ဆီထွက်သီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကလေးမြို့နယ်တွင် နှမ်း ၂၂၁၆၄ ဧက၊ အခြားဆီထွက်သီးနှံ ၄၃ ဧက၊ ကလေးဝမြို့နယ်တွင် နှမ်း ၈၉၂ ဧက၊ အခြားဆီထွက်သီးနှံ ၄၂ ဧကနှင့် မင်းကင်းမြို့နယ်တွင် မြေပဲဧက ၅၇၃၀၊ နှမ်း ၁၆၀၁၇ ဧက၊ အခြားဆီထွက်သီးနှံ ၂၄၄ ဧက စုစုပေါင်း ၄၅၁၃၂ ဧက ဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကလေးမြို့နယ်တွင် နှမ်း ၂၆၇၀၅ ဧက၊ မုန်ညင်းစေ့ ၆၁၂၅ ဧက၊ ပန်းနှမ်း ၁၁၁၉ ဧက၊ ကလေးဝမြို့နယ်တွင် နှမ်း ၁၃၄၆ ဧက၊ နေကြာ ၁၅ ဧက၊ ပန်းနှမ်းဧက ၃၈၅၀ နှင့် မင်းကင်းမြို့နယ်တွင် မြေပဲဧက ၄၈၀၊ နှမ်း ၁၈၉၈၂ ဧက၊ ပန်းနှမ်း ၂၁၈၂ ဧက စုစုပေါင်း ၆၀၈၀၄ ဧကဖြစ်ကြောင်း သိရသည်။

ကလေးခရိုင်တွင် ယခုနှစ် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က ပန်းနှမ်းစိုက်ခင်းကို တွေ့ရစဉ်။

# ကွတ်ခိုင်မြို့နယ် မန်ဂျတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကွတ်ခိုင် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ဂျတ်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေသတ္တမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယိုင်ဆိုင်က ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ အတိုးဆပ်ကာလနှင့် အရင်းဆပ်ကာလများ၊ အတိုးနှုန်းများနှင့်မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ကျေးရွာရှိ ဒေသခံပြည်သူများတစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုး လုပ်ငန်းများ ဖော်ဆောင်ရာ၌ ရန်ပုံငွေလေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယိုင်ဆိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ငွေကျပ် ၄ ဒသမ ၂၈ သန်း လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မန်ဂျတ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄ ဒသမ ၂၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကွတ်ခိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ဂျတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ အဆိုပါ စီမံကိန်းရန်ပုံငွေဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း ကွတ်ခိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးယိုင်ဆိုင်က ပြောပြ၍ သိရသည်။ **အောင်ရဲကျော်**

## မြန်မာ့အလှ မြန်မာ့စိတ်ရင်း

- မှိုင်းညိုညို တောင်ပြာတန်း
  စိမ်းစိုလန်း လှပပေ၊
  တသွင်သွင် စီးခွေရစ်
  မြစ်ချောင်းစုံနေ၊
  မေခမလိခ ပေါင်းဆုံသလေ
  ဖြစ်ပေါ်ချေ ရောအလှ၊
  သမိုင်းတွေ မညှိုးနွမ်းပါဘု
  သစ်ဆန်းနေပ။

- မြစ်သံလွင် ရှည်လျားစွ
  ပေးစွမ်းကြ သားငါးစုံ၊
  ပြည်သူတွေ ဝမ်းစာရေး
  အေးရအဖုံဖုံ၊
  ဟင်းသီးဟင်းရွက် စပါးဖူလုံ
  ထွက်ရှိကုန် လယ်ကွင်းထဲ၊
  သာယာတကယ် တို့မြေကြီးက
  ရွှေသီးအမြဲ။

- အလှဖြာ ပန်းများလည်း
  ဖူးပွင့်ဆဲ အမြဲသာ၊
  မိုးဆောင်းနွေ ရာသီပန်း
  လန်းဆန်းမြဲပါ၊
  သဘာဝ မြေသြဇာ
  ကောင်းမွန်ကာ မြန်မာ့အလှ၊
  သီးနှံတွေ ထွက်ပေါ်ပြီးက
  လှူကြီးပေးကြ။

- သာသနာ ရွှေရောင်တောက်ပ
  ဆယ့်နှစ်လ ပွဲသဘင်၊
  ပျော်ရွှင်စွာ ပေါင်းစုန္ဓဲ
  ပျော်မြဲအစဉ်၊
  ဝိုင်းဝန်းကြ အတူယှဉ်
  တစ်အူထုံ့ပင် ညီအစ်ကိုရင်း၊
  ချစ်ခင်ကာ မေတ္တာမပျက်ဘဲ
  လက်တွဲချစ်ခြင်း။

- မြန်မာ့အလှ မြန်မာ့ရှုခင်း
  လှပအဆင်း တည်ပါစေ၊
  မေတ္တာတွေ မပျက်သုဉ်း
  မမုန်းကာနေ၊
  ဗုဒ္ဓတရား ရင်ထဲလေ
  ရှိနေချေ ငြိမ်းချမ်းအေး၊
  ဓမ္မသံ ပျံ့လွင့်ကြားတိုင်း
  ပွားများပါလေး။ ။

**မိုးမြင့်စံ(မေတ္တာရိပ်)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်



ကိုဗစ်-၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင်ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# နိုင်ငံတကာ သတင်းများ

## ကွန်ဂို၏ အစ္စရေးနိုင်ငံဆိုင်ရာသံရုံး ဂျေရုဆလင်မြို့သို့ ရွှေ့ပြောင်းအခြေစိုက်မည်

**နယူးယောက် စက်တင်ဘာ ၂၃**

ကွန်ဂိုဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ(ဒီအာရ်စီ)သည် ၎င်း၏ အစ္စရေးနိုင်ငံဆိုင်ရာသံရုံးကို တဲလ်အဗစ်မြို့မှ ဂျေရုဆလင်မြို့သို့ရွှေ့ပြောင်းမည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ထို့အတူ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံဆိုင်ရာ အစ္စရေးသံရုံးကို ကင်ရှာဆာမြို့၌ ဖွင့်လှစ်မည်ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ်က ကြေညာခဲ့သည်။

အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုသည် အမေရိကန်နိုင်ငံ နယူးယောက်မြို့၌ ကျင်းပနေသည့် ကုလသမဂ္ဂအထွေထွေညီလာခံကာလအတွင်း စက်တင်ဘာ ၂၂ ရက်တွင် ကွန်ဂိုသမ္မတဖိလစ်တီရှီဆီကီဒီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

လက်ရှိအချိန်တွင် အစ္စရေးနိုင်ငံနှင့် သံတမန်အဆက်အဆံရှိသောကမ္ဘာ့နိုင်ငံများအနက်အနည်းငယ်တို့ကသာ ၎င်းတို့၏သံရုံးများကို တဲလ်အဗစ်မှ ဂျေရုဆလင်သို့ ရွှေ့ပြောင်းထားသည်။

အစ္စရေးနိုင်ငံသည် ဂျေရုဆလင်မြို့တစ်ခုလုံးကို အစ္စရေးနှင့်ခွဲခြား၍မရသည့် မြို့တော်အဖြစ် သတ်မှတ်ထားပြီး ပြည်ပသံရုံးများအားလုံး ဂျေရုဆလင်တွင်သာ အခြေစိုက်ရန် ဆန္ဒရှိနေကြောင်း သိရသည်။

သို့သော် ပါလက်စတိုင်းလူမျိုးများကလည်း ၎င်းတို့၏အနာဂတ်ပါလက်စတိုင်းနိုင်ငံတော်၏မြို့တော်အဖြစ် အရှေ့ဂျေရုဆလင်ကို တောင်းဆိုထားကြောင်း သိရသည်။

Ref : CNA

Trs : KKO



## ၂၀၂၄ ဘဏ္ဍာနှစ်အစိုးရအသုံးစရိတ်ကို ၂၅ ဒသမ ၈ ရာခိုင်နှုန်းထိ မြှင့်တင်သုံးစွဲမည်ဟု ရုရှားဝန်ကြီးချုပ်ပြောကြား



**မော်စကို စက်တင်ဘာ ၂၃**

ရုရှားနိုင်ငံသည်၂၀၂၄ဘဏ္ဍာနှစ်အစိုးရအသုံးစရိတ်ကို ၂၅ဒသမ ၈ ရာခိုင်နှုန်းထိမြှင့်တင်၍ ရူဘယ်လ်ငွေ ၃၆ ဒသမ ၆ ထရီလီယံ(အမေရိကန်ဒေါ်လာ ၃၈၃ ဘီလီယံ)သုံးစွဲမည်ဖြစ်ကြောင်း ရုရှားဝန်ကြီးချုပ်မစ်ခေးလ်မီရှူစတင်က စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားခဲ့သည်။

ရုရှားနိုင်ငံအနေဖြင့် လာမည့်နှစ်အစိုးရအသုံးစရိတ်ကို မြှင့်တင်၍ ၂၀၂၄ခုနှစ် သမ္မတရွေးကောက်ပွဲမတိုင်မီကာလအတွင်း စစ်ရေးနှင့် လူမှုအကျိုးပြုလုပ်ငန်းများအတွက် အသုံးစရိတ် မြှင့်တင်သုံးစွဲဖွယ်ရှိသည်။

ရုရှားအစိုးရ၏ ၂၀၂၄ ဘဏ္ဍာနှစ်အစိုးရအသုံးစရိတ် လျာထားချက်သည် ရုရှားနိုင်ငံ၏ နှစ်စဉ်စုစုပေါင်း ပြည်တွင်းထုတ်လုပ်မှုတန်ဖိုး(ဂျီဒီပီ)၏ ၂၀ ဒသမ ၄ ရာခိုင်နှုန်းနှင့်ညီမျှသည်။

ရုရှားနိုင်ငံသည် ၂၀၂၄ ခုနှစ်၏ ကာကွယ်ရေး အသုံးစရိတ်ကိုလည်း ဂျီဒီပီ၏ခြောက်ရာခိုင်နှုန်းထိ မြှင့်တင်သုံးစွဲရန် စီစဉ်ထားသည်။

နှိုင်းယှဉ်ကြည့်ပါက ရုရှားနိုင်ငံသည် ယခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်ကိုဂျီဒီပီ၏ ၃ ဒသမ ၉ ရာခိုင်နှုန်းထိသုံးစွဲခဲ့ပြီး ၂၀၂၁ခုနှစ်က ၂ ဒသမ ၇ ရာခိုင်နှုန်းထိသာ သုံးစွဲခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားအစိုးရ တာဝန်ရှိသူများသည် နောင်လာမည့် သုံးနှစ်တာကာလ အစိုးရအသုံးစရိတ် အစီအစဉ်များအတွက်လည်း ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

Ref : Tass

Trs : KKO

## ကော်စတာရီကာနိုင်ငံ၌ လူသတ်မှုဖြစ်ပွားနှုန်း စံချိန်တင်မြင့်တက် လူပေါင်း ၆၅၆ ဦးထိ သေဆုံးခဲ့ကြောင်းထုတ်ပြန်

**ဆန်ဟိုဆေး စက်တင်ဘာ ၂၃**

ကော်စတာရီကာနိုင်ငံ၌ ယခုနှစ်အတွင်း လူသတ်မှုများကြောင့် လူပေါင်း ၆၅၆ ဦးထိ သေဆုံးခဲ့သည်ဟု စက်တင်ဘာ ၂၂ ရက်တွင်ထုတ်ပြန်ခဲ့သည့် အစိုးရကိန်းဂဏန်းများအရ သိရသည်။

လူသတ်မှုများကြောင့် သေဆုံးသူအရေအတွက်မှာ ယခုနှစ်ကုန်တွင် ဦးရေ ၉၀၀ထိ မြင့်တက်လာနိုင်ကြောင်း ကော်စတာရီကာအစိုးရ တာဝန်ရှိသူများက ခန့်မှန်းထားသည်။

ကော်စတာရီကာအစိုးရ တာဝန်ရှိသူများ၏အဆိုအရ ယခုနှစ်သည် ကော်စတာရီကာအတွက် လူသတ်မှုဖြစ်ပွားနှုန်း စံချိန်တင်မြင့်တက်လာသည့်နှစ် ဖြစ်နိုင်ကြောင်း သိရသည်။

နှိုင်းယှဉ်ကြည့်ပါက ပြီးခဲ့သည့်နှစ်အတွင်း ကော်စတာရီကာနိုင်ငံ၌ လူသတ်မှုပေါင်း ၆၅၄မှုထိရှိခဲ့သည်။

ကော်စတာရီကာ နိုင်ငံသည် ဘေးကင်းလုံခြုံမှုအရှိဆုံးနှင့်အငြိမ်းချမ်းဆုံး အမေရိကနိုင်ငံတစ်နိုင်ငံအဖြစ် နှစ်ပေါင်းများစွာရပ်တည်ခဲ့သောနိုင်ငံဖြစ်သည်။

သို့သော် လက်ရှိအချိန်တွင် ကော်စတာရီကာနိုင်ငံ ပြည်နယ်ခုနစ်ခုအနက် ခြောက်ခုတို့တွင် လူသတ်မှုဖြစ်ပွားနှုန်း မြင့်တက်လာပြီး ဆန်ဟိုဆေးမြို့မှာ လူသတ်မှုဖြစ်ပွားနှုန်း အမြင့်ဆုံးဖြစ်ကြောင်း သိရသည်။

Ref : The Strait Times

Trs : KKO

## ဆွီဒင်အနောက်တောင်ပိုင်း၌ မြေပြိုမှုကြောင့် မော်တော်ကားလမ်းကျွံကျ၍ လူသုံးဦးဒဏ်ရာရရှိ

**ဇောဟ္ဟမ်း စက်တင်ဘာ ၂၃**

ဆွီဒင်နိုင်ငံ အနောက်တောင်ပိုင်း၌ စက်တင်ဘာ ၂၂ ရက်ညပိုင်းကမြေပြိုမှုကြောင့် မော်တော်ကားလမ်းအစိတ်အပိုင်း ပြိုကျခဲ့ရာ လူပေါင်း သုံးဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဆွီဒင်နိုင်ငံ ဂိုသင်ဘာ့ဂ်မြို့နှင့် နော်ဝေနိုင်ငံ အော့စလိုမြို့တို့ကြားတည်ရှိသည့် အဆိုပါမော်တော်ယာဉ်လမ်းပိုင်းသည် မြေပြိုမှုကြောင့် ကျွံကျခဲ့ရခြင်းဖြစ်ကြောင်း ဆွီဒင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

မြေပြိုမှုကြောင့် အလျား မီတာ ၁၅၀ နှင့် အနံ မီတာ ၁၀၀ ရှိ မော်တော်ကားလမ်းဧရိယာထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။

မြေပြိုမှုနှင့်အတူ မော်တော်ကားလမ်း ကျွံကျမှုကြောင့် မော်တော်ယာဉ် ၁၀ စီး ပိတ်မိနေခဲ့ရာ ကယ်ဆယ်ရေးသမားများက ခရီးသည်များကို ကယ်ထုတ်ပေးခဲ့ရသည်။

မြေပြိုမှုကြောင့် ပေါ်ထွက်လာသော မော်တော်ကားလမ်း ကျင်းပေါက်များ၊ အက်ကြောင်းများအကြားတွင် လူစီးကားများနှင့် ကုန်တင်ယာဉ်တစ်စီးထိုးဆင်းကျရောက်ခဲ့ရကြောင်း ဆွီဒင်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆိုပါ မော်တော်ယာဉ်လမ်းပိုင်းပေါ်တွင် မြေပြိုမှုများ ထပ်မံဖြစ်နိုင်သည်ဟု ဆွီဒင်တာဝန်ရှိသူများက သတိပေးထားကြောင်း သိရသည်။

Ref : The Strait Times

Trs : KKO

## တရုတ်(တိုင်ပေ)ဂေါက်ရိုက်ပစ္စည်းစက်ရုံ မီးလောင်ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူငါးဦးသေဆုံး၍ ဦးရေ ၁၀၀ ကျော်ဒဏ်ရာရရှိ

**တိုင်ပေ စက်တင်ဘာ ၂၃**



တရုတ်(တိုင်ပေ) တောင်ပိုင်းရှိ ဂေါက်သီးရိုက် အားကစားပစ္စည်းထုတ်လုပ်မှု စက်ရုံတစ်ရုံ၌ စက်တင်ဘာ ၂၂ ရက်က မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူငါးဦး သေဆုံး၍ ဦးရေ ၁၀၀ ကျော် ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

မီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာစက်ရုံသည် ပင်တန်းခရိုင်အတွင်းရှိ စက်မှုဇုန်တစ်ခုအတွင်း တည်ရှိသည်။

စက်ရုံ မီးလောင်ပေါက်ကွဲမှုကြောင့် သေဆုံးသူ ငါးဦးထဲတွင် မီးသတ်သမားသုံးဦးပါဝင်ကြောင်း တရုတ်(တိုင်ပေ)တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ထို့ပြင် စက်ရုံအလုပ်သမားလေးဦးနှင့် မီးသတ်သမားတစ်ဦးတို့လည်း ပျောက်ဆုံးနေဆဲဖြစ်ရာ ရှာဖွေကယ်ဆယ်ရေးသမားများက ၎င်းတို့ကိုရှာဖွေနေဆဲဖြစ်သည်။

စက်ရုံ မီးလောင်ပေါက်ကွဲမှုအတွင်း သေဆုံးခဲ့သူ၊ ဒဏ်ရာရရှိခဲ့သူများအတွက် ဝမ်းနည်းမိကြောင်း တရုတ်(တိုင်ပေ)သမ္မတဆိုင်အင်းဝမ်က ပြောကြားထားသည်။

ထို့ပြင် သမ္မတဆိုင်အင်းဝမ်သည် မီးလောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် စက်ရုံသို့လည်း ကိုယ်တိုင်သွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Sky News

Trs : KKO

# SCIENCE AND TECHNOLOGY

## SKA ရေဒီယိုတယ်လီစကုပ်စနစ်အတွက် ပထမဆုံး လှိုင်းကြိမ်နှုန်းအလယ်အလတ်ရှိ ရေဒီယိုအင်တင်နာကို တရုတ်အင်ဂျင်နီယာများက တည်ဆောက်ခဲ့



**ပေကျင်း စက်တင်ဘာ ၂၃**

SKA အမည်ရှိ ရေဒီယိုတယ်လီစကုပ်စနစ်အတွက် ပထမဆုံး လှိုင်းကြိမ်နှုန်း အလယ်အလတ်ရှိ ရေဒီယိုအင်တင်နာကို တရုတ် အင်ဂျင်နီယာများက တည်ဆောက်ခဲ့ကြကြောင်း တရုတ်ပြည်တွင်း မီဒီယာများက စက်တင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

SKA ရေဒီယိုတယ်လီစကုပ်စနစ်စီမံချက်သည် ပုံစံအမျိုးမျိုး၊ အရွယ်အစား အမျိုးမျိုးရှိသည့် ရေဒီယိုအင်တင်နာ ရာပေါင်းများစွာတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ကမ္ဘာ့အကြီးဆုံး တယ်လီစကုပ်ကွန်ရက်စနစ်စီမံကိန်းဖြစ်သည်။

SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက်ကို တရုတ်၊ ဩစတြေးလျ၊ တောင်အာဖရိကနှင့် အီတလီနိုင်ငံတို့ ပူးတွဲတည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

၎င်းရေဒီယိုတယ်လီစကုပ်စနစ်တွင် လှိုင်းကြိမ်နှုန်း အလယ်အလတ် ရေဒီယိုအင်တင်နာ ၆၄ တိုင်ပါဝင်မည်ဖြစ်ပြီး ပထမဆုံးအင်တင်နာကို တရုတ်အင်ဂျင်နီယာများက တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။

SKA ရေဒီယိုတယ်လီစကုပ်စီမံကိန်းကို တရုတ်အပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၀ နိုင်ငံတို့က ရန်ပုံငွေ ဖြည့်ဆည်းပေးထားပြီး ပူးတွဲတည်ဆောက်၍ ပူးတွဲကွပ်ကဲမည်ဖြစ်သည်။

SKA ရေဒီယိုတယ်လီစကုပ်ကွန်ရက်၏ ရေဒီယိုအင်တင်နာများကို ဩစတြေးလျနိုင်ငံအနောက်ပိုင်းနှင့် တောင်အာဖရိကနိုင်ငံတို့၌ အခြေစိုက်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

**Ref : China Daily**

**Trs : KKO**

## တရုတ်သိပ္ပံပညာရှင်များက ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာကြမ်းပြင်မြေအောက်၌တည်ရှိသော ဗိုင်းရပ်တစ်မျိုးကို ရှာဖွေတွေ့ရှိ

**ပေကျင်း စက်တင်ဘာ ၂၃**


တရုတ်သိပ္ပံပညာရှင်များသည် ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာကြမ်းပြင်မြေအောက်၌ တည်ရှိသော ဗိုင်းရပ်တစ်မျိုးကို ရှာဖွေတွေ့ရှိထားကြောင်း စက်တင်ဘာ ၂၂ ရက် သတင်းများအရ သိရသည်။

အဆိုပါဗိုင်းရပ်ကို မာရီယာနာချောက် ပင်လယ်ရေမျက်နှာပြင်အောက် အနက် ငါးမိုင်တွင်ရှိသော အနည်ကျမြေလွှာအတွင်း ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

မာရီယာနာချောက်ဒေသသည် ပစိဖိတ်သမုဒ္ဒရာကြမ်းပြင်၌ တည်ရှိ၍ အနက် ခုနစ်မိုင်ထိ အများဆုံးရှိသော ကမ္ဘာ့အနက်ရှိုင်းဆုံး သမုဒ္ဒရာချောက်ဖြစ်သည်။

မာရီယာနာချောက်နက်အတွင်း တရုတ်သိပ္ပံပညာရှင်များ တွေ့ရှိရသည့် ဗိုင်းရပ်မှာ Bacteriophage ခေါ် ဗက်တီးရီးယားစား ဗိုင်းရပ် အမျိုးအစားဖြစ်သည်။

လူသားများကို ဆေးပညာအရ အကျိုးပြုနိုင်ခြေရှိသော အဆိုပါ ဗိုင်းရပ်ကို မာရီယာနာချောက် ပင်လယ်ရေမျက်နှာပြင်အောက် ပေ ၂၉၂၀၀ တွင်ရှိသော အနယ်ကျမြေလွှာအတွင်း တွေ့ရှိခဲ့ရခြင်းဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။




အဆိုပါ ဗိုင်းရပ်အထောက်အထားအရ ကမ္ဘာ့အနက်ရှိုင်းဆုံး နေရာမျိုးတွင်လည်း သက်ရှိများ ရှင်သန်ရေးအတွက် ဂေဟစနစ်မျိုး ရှိနေနိုင်သည့် သဘောမျိုးတွေ့ရကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

**Ref : Daily Mail**

**Trs : KKO**

## အိန္ဒိယအာကာသအေဂျင်စီမှ ကျွမ်းကျင်သူများက ချန်ဒရာယန်-၃ လဆင်းယာဉ်နှင့် လမျက်နှာပြင်လှည့်လာရေးယာဉ်တို့ ပြန်လည်နိုးထလာရေးအတွက် ကြိုးပမ်းနေ

**နယူးဒေလီ စက်တင်ဘာ ၂၃**

အိန္ဒိယအာကာသအေဂျင်စီမှ ကျွမ်းကျင်သူများသည် ချန်ဒရာယန်-၃ လဆင်းယာဉ်နှင့် လမျက်နှာပြင်လှည့်လာရေးယာဉ်တို့ ပြန်လည်နိုးထလာရေးအတွက် ကြိုးပမ်းနေသော်လည်း အောင်မြင်မှုမရှိသေးကြောင်း သိရသည်။

ချန်ဒရာယန်-၃ လဆင်းယာဉ်နှင့် လမျက်နှာပြင်လှည့်လာရေးယာဉ်တို့သည် လပေါ်သို့ အောင်မြင်စွာ ဆင်းသက်ခဲ့ပြီးနောက် စူးစမ်းလေ့လာရေးမစ်ရှင်များ ပြီးဆုံးချိန်တွင် သီတင်းနှစ်ပတ်ကြာ လကမ္ဘာညကာလကို ကျော်ဖြတ်ရေးအတွက် စူးစမ်းလေ့လာရေးလုပ်ငန်းများ ရပ်တန့်၍ စနစ်များပိတ်ထားခဲ့ရသည်။

လက်ရှိအချိန်တွင် ချန်ဒရာယန်-၃ လဆင်းယာဉ်နှင့်လမျက်နှာပြင် လှည့်လာရေးယာဉ်တို့ကို အဆက်အသွယ်ပြုလုပ်နေဆဲဖြစ်ပြီး တုံ့ပြန်မှုမရသေးကြောင်း အိန္ဒိယအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

ချန်ဒရာယန်-၃ လဆင်းယာဉ်နှင့် လမျက်နှာပြင်လှည့်လာရေးယာဉ်တို့သည် ဩဂုတ် ၂၃ ရက်တွင် လကမ္ဘာတောင်ဝင်ရိုးစွန်းနယ်မြေသို့ အောင်မြင်စွာဆင်းသက်နိုင်ခဲ့သည်။

အဆိုပါလဆင်းယာဉ်နှင့် လမျက်နှာပြင် လှည့်လာရေးယာဉ်တို့သည် စက်တင်ဘာ ၂ နှင့် စက်တင်ဘာ ၄ ရက်တို့တွင် လကမ္ဘာညပိုင်းကို ကျော်ဖြတ်ရေးအတွက် စနစ်များ စပိတ်ခဲ့ခြင်းဖြစ်သည်။

ချန်ဒရာယန်-၃ မစ်ရှင်အောင်မြင်မှုကြောင့် အိန္ဒိယနိုင်ငံသည် လမျက်နှာပြင်ပေါ်သို့ လဆင်းယာဉ် စေလွှတ်နိုင်ခဲ့သည့် စတုတ္ထမြောက် ကမ္ဘာ့နိုင်ငံဖြစ်လာခဲ့ကြောင်း သိရသည်။

**Ref : Space.com**

**Trs : KKO**

# HEALTH

## လီမာနှင့် ဘာဘွန်းမျောက်၏မစင်များက ဆီးချိုလူနာ ခြေထောက်အနာများကုသရာတွင် ထောက်ကူပေးနိုင်

**လန်ဒန် စက်တင်ဘာ ၂၃**

လီမာမျောက်နှင့် ဘာဘွန်းမျောက်၏မစင်များသည် ဆီးချိုလူနာများကို ခြေထောက်အနာများကုသရာတွင် အထောက်အကူပေးနိုင်ကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားလိုက်သည်။

လီမာမျောက်နှင့် ဘာဘွန်းမျောက်များ၏ မစင်၌တွေ့ရှိရသည့် ဗိုင်းရပ်တစ်မျိုးသည် ဆီးချိုရောဂါ ခြေထောက်အနာများအတွင်းရှိ ဗက်တီးရီးယားများကို ရှင်းလင်းချေမှုန်းပေးနိုင်ကြောင်း ဗြိတိန်နိုင်ငံ ရှက်ဖီးတက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

ဆီးချိုရောဂါ ခြေထောက်အနာများမှ ဗက်တီးရီးယားများသည် ပဋိဇီဝဆေးယဉ်ပါး‌ဗက်တီးရီးယားများဖြစ်နေတတ်ရာ ၎င်းတို့ကို ဆေးဝါးများဖြင့် ရှင်းလင်း၍ မရနိုင်ပေ။

သို့ရာတွင် လီမာမျောက်နှင့် ဘာဘွန်းမျောက်များ၏ မစင်တွင် တွေ့ရသော Bacteriophages ခေါ် ဗိုင်းရပ်သည် အထက်ပါ ဗိုင်းရပ်များကို ရှင်းလင်းပေးနိုင်သည်ဟု ဗြိတိန်သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

ဗြိတိန် သုတေသနပညာရှင်များသည် Bacteriophages ဗိုင်းရပ်ကို ဓာတ်ခွဲခန်းအတွင်း လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သို့ရာတွင် အထက်ပါဗိုင်းရပ်၏ ကျန်းမာရေးအရ အကျိုးပြုနိုင်စွမ်းကို ဆီးချိုလူနာများဖြင့် လက်တွေ့စမ်းသပ်ရန် လိုအပ်ဆဲဖြစ်ကြောင်း သိရသည်။

**Ref : The Daily Mail**

**Trs : KKO**

## အလွန်အကျွံပြုပြင်ထားသော အစားအစာများကြောင့် စိတ်ကျဝေဒနာဝင်နိုင်ခြေ မြင့်တက်လာနိုင်

**နယူးယောက် စက်တင်ဘာ ၂၃**

အလွန်အကျွံပြုပြင်စီရင်ထားသော အစားအစာများကြောင့် စိတ်ကျဝေဒနာ ဝင်ရောက်နိုင်ခြေ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များက စက်တင်ဘာ ၂၂ ရက်တွင် ရေးသားတင်ပြထားသည်။

အလွန်အကျွံပြုပြင်ထားသော အစားအစာများကို အစားများသူများ၌ စိတ်ကျဝေဒနာ ဝင်နိုင်ခြေမှာ ပုံမှန်ထက် ၅၀ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း အမေရိကန်နိုင်ငံ မက်ဆာချူးဆက် ဆေးရုံကြီးမှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အထူးသဖြင့် ပြုပြင်စီရင်မှု လွန်ကဲသည့်အစားအစာများမှာ ဓာတုအချိုဓာတ်ပါဝင်သော အစားအစာများဖြစ်ခဲ့ပါက စိတ်ကျဝေဒနာ ဝင်နိုင်ခြေပိုမြင့်မားကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် သက်လတ်ပိုင်းအရွယ် အမျိုးသမီးဦးရေ ၃၂၀၀၀ တို့၏ အစားအစာ ရွေးချယ်စားသောက်ပုံနှင့် စိတ်ကျန်းမာရေးပြဿနာများပေါ်ထွက်မှု အခြေအနေတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ထွက်ပေါ်လာသောရလဒ်များအရ အလွန်အကျွံ ပြုပြင်စီရင်ထားသည့် အစားအစာများကို အလွန်အကျွံစားသုံးသူ အမျိုးသမီးများမှာ အနည်းငယ် စားသုံးသူများထက် စိတ်ကျဝေဒနာ ဝင်နိုင်ခြေ ၅၀ ရာခိုင်နှုန်း ပိုမြင့်မားသည်ကို တွေ့ရသည်ဟု သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

**Ref : Health Day News**

**Trs : KKO**






# ဂျူပင်တပ်အသင်းက ရှက်တာဒိုးနက် ကွင်းလယ်ကစားသမားဆူဒါကိုဗ်ကို ခေါ်ယူရန်ကြိုးပမ်း

**ရောမ စက်တင်ဘာ ၂၃**

ဂျူဗင်တပ် အသင်းသည် ကွင်းလယ်ပိုင်းလိုအပ်ချက်အတွက် ရှက်တာဒိုးနက်အသင်းတွင် ခြေစွမ်းပြကစားနေသည့် ကွင်းလယ်ကစားသမား ဆူဒါကိုဗ်ကို ခေါ်ယူရန် ကြိုးပမ်းနေသည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမား ဆူဒါကိုဗ်သည် ယူကရိန်းပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ရှက်တာဒိုးနက် အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၂၉ ပွဲ ပါဝင်ကစားခဲ့ရာ သွင်းဂိုး ငါးဂိုးနှင့် ဂိုးဖန်တီးမှု ခုနစ်ကြိမ်ထိ ပြုလုပ်နိုင်ခဲ့သဖြင့် ဥရောပထိပ်သီးကလပ်အသင်းများ၏စိတ်ဝင်စားမှုကိုခံခဲ့ရပြီး ဂျူဗင်တပ်အသင်းက ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် လက်ဦးမှုရယူနိုင်ရန် ပစ်မှတ်ထားလျက်ရှိသည်။


ဆူဒါကိုဗ်သည် ကွင်းလယ်ပိုင်းတွင် တောင်ပံနှင့်တိုက်စစ်ပိုင်းတို့ပါ လိုက်ပါကစားနိုင်သည့်ကစားသမားဖြစ်သောကြောင့် အသင်းတာဝန်ရှိသူများက ကာလရှည်ထိန်းသိမ်းရန်အတွက် ယခုနှစ်ဖေဖော်ဝါရီလက ငါးနှစ်သက်တမ်းတိုးစာချုပ်ချုပ်ဆိုခဲ့သဖြင့် လာမည့် ၂၀၂၈ ခုနှစ်ထိ အသင်းတွင် ဆက်ရှိနေမည်ဖြစ်သော်လည်း ဥရောပကလပ် အသင်းများက တရားဝင်ကမ်းလှမ်းမှုပြုလုပ်လာပါက ရောင်းချသွားမည်ဖြစ်သော်လည်း ပြောင်းရွှေ့ကြေးကို ထုတ်ဖော်ပြောကြားခဲ့ခြင်းမရှိသေးကြောင်း သိရသည်။

Ref : Goal.com

Trs : ML



# ဝက်စ်ဟမ်းအသင်းနှင့် ဘဲလ်ဂရိတ်အသင်းတို့ပွဲစဉ်တွင် ဂိုးမသွင်းနိုင်ခဲ့သည့် ဟာလန်းအတွက် နည်းပြဂွါဒီယိုလာ ကာကွယ်ပြောကြား

**မန်ချက်စတာ စက်တင်ဘာ ၂၃**

မန်စီးတီးအသင်းအတွက် ပုံမှန်သွင်းဂိုးများသွင်းနေသည့် တိုက်စစ်မှူး ဟာလန်းသည် ပြီးခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့် ပွဲစဉ်နှင့် ချန်ပီယံလိဂ်ပြိုင်ပွဲ ဘဲလ်ဂရိတ်အသင်းနှင့် ပွဲစဉ်တို့တွင် အပိုင်အခွင့်အရေးများလွဲချော်၍ ဂိုးသွင်းယူနိုင်ခဲ့ခြင်း မရှိခဲ့သော်လည်း နည်းပြဂွါဒီယိုလာက ဟာလန်းအတွက် ကာကွယ်ပြောကြားခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး ဟာလန်းသည် ယခုနှစ် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးခုနစ်ဂိုးထိ သွင်းယူထားပြီး ဂိုးသွင်းအများဆုံးအဖြစ် ထိပ်ဆုံးမှ ဦးဆောင်၍ ရွှေဖိနပ်ဆုကိုကာကွယ်နိုင်ရန် အခြေအနေကောင်းသော်လည်း ပြီးခဲ့သည့်ဝက်စ်ဟမ်းအသင်းနှင့် ဘဲလ်ဂရိတ်အသင်းတို့ပွဲစဉ်တွင် အပိုင်အခွင့်အရေးများ လွဲချော်၍ ဂိုးသွင်းယူနိုင်ခြင်း မရှိခဲ့သဖြင့် ဝေဖန်မှုများ ရှိလာခဲ့သောကြောင့် နည်းပြဂွါဒီယိုလာက ဟာလန်းအနေဖြင့် အပိုင်အခွင့်အရေးများ လွဲချော်ခြင်းမရှိခဲ့ပါက ယခုရာသီတွင် သွင်းဂိုး ၁၅ ဂိုးထိရရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးသုံးဂိုးဖြင့် ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နေသည့် ပဲလေ့စ်တိုက်စစ်မှူး အီဇိုအာ၊ ဘရိုက်တန်တိုက်စစ်မှူး ဖာဂူဆန်နှင့် ဘရန့်ဖို့ဒ်တိုက်စစ်မှူး မိအူဘိုတို့မှာ ဟာလန်း၏ပြိုင်ဘက်များမဟုတ်ကြောင်း နည်းပြဂွါဒီယိုလာက ဆက်လက်ပြောကြားခဲ့သည်။

အသက် ၂၃ နှစ်ရှိ တိုက်စစ်မှူး ဟာလန်းသည် ပြီးခဲ့သည့်ဘောလုံးရာသီက အပိုင်အခွင့်အရေး ၆၀ ရာခိုင်နှုန်းထိ ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့သော်လည်း ယခုနှစ်တွင် အပိုင်အခွင့်အရေး ၂၉ ရာခိုင်နှုန်းထိသာ ဂိုးရရှိခဲ့ပြီး ဝက်စ်ဟမ်းအသင်းနှင့် ဘဲလ်ဂရိတ်အသင်းတို့ပွဲစဉ်တွင် အပိုင်အခွင့်အရေး ကိုးကြိမ်ထိ လွဲချော်ခဲ့သောကြောင့် ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

# နည်းပြဂျာရတ်၏ အယ်အီသီဖတ်အသင်းနှင့် ပူးပေါင်းလေ့ကျင့်ရန် ဆော်ဒီသို့သွားရောက်မည်ဖြစ်ကြောင်း လင်းဂတ် ပြောကြား

**ရီယာ့ဒ် စက်တင်ဘာ ၂၃**

ဝက်စ်ဟမ်းအသင်းသို့ ပြောင်းရွှေ့ရန် သတင်းထွက်ပေါ်ခဲ့သည့် လင်းဂတ်အနေဖြင့် နည်းပြဂျာရတ်တာဝန်ယူကိုင်တွယ်နေသည့် ဆော်ဒီအာရေဗျကလပ် အယ်အီတီဖတ်အသင်းတွင် ပူးပေါင်းလေ့ကျင့်ရန် ယနေ့တွင် ဒူဘိုင်းမြို့သို့ထွက်ခွာခဲ့ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား လင်းဂတ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက နော်တင်ဟမ်အသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ခဲ့ပြီးနောက် စာချုပ်ကုန်ဆုံးချိန်တွင် အသင်းနှင့်လမ်းခွဲခဲ့ကာ အသင်းလက်မဲ့ဖြစ်နေချိန်တွင် ဝက်စ်ဟမ်းအသင်း၌သွားရောက်၍ လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး ပြောင်းရွှေ့ရန် ဆွေးနွေးမှု ပြုလုပ်ခဲ့သော်လည်း မအောင်မြင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဝက်စ်ဟမ်းအသင်းနှင့် လင်းဂတ်တို့၏အပြောင်းအရွှေ့မှာ မရေရာမှုများရှိလာသောကြောင့် ၎င်းသည် နည်းပြဂျာရတ်ကိုင်တွယ်နေသည့် အယ်အီသီဖတ်အသင်းတွင် တစ်လတာပူးပေါင်းလေ့ကျင့်မှုပြုလုပ်ရန် ခွင့်ပြုချက်ရရှိခဲ့သောကြောင့် ဒူဘိုင်းမြို့သို့ထွက်ခွာခဲ့ပြီး ၎င်း၏လူမှုကွန်ယက်စာမျက်နှာပေါ်တွင် တရားဝင်ဖော်ပြခဲ့ခြင်းဖြစ်သည်။

အသက် ၃၀ ရှိ ကွင်းလယ်ကစားသမားသည် ၎င်း၏ကစားသမားဘဝကို ၂၀၁၁ ခုနှစ်တွင် မန်ယူအသင်းနှင့် စတင်ခဲ့သော်လည်း လက်စတာအသင်း၊ ဘာမင်ဂမ်အသင်း၊ ဘရိုက်တန်အသင်း၊ ဒါဘီအသင်းတို့တွင် အငှားစာချုပ်များဖြင့်သာ ကျင်လည်ခဲ့ရပြီးနောက် မန်ယူအသင်းတွင် ငါးနှစ်ကြာကစားခဲ့ရာ ပြိုင်ပွဲစုံ ၂၀၉ ပွဲတွင် သွင်းဂိုး ၃၃ ဂိုးသွင်းယူခဲ့သော်လည်း ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့သဖြင့် ၂၀၂၀ ခုနှစ်တွင် ဝက်စ်ဟမ်းအသင်းသို့ အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရကာ ခြေစွမ်းပြသနိုင်ခဲ့သောကြောင့် အသင်းက သက်တမ်းတိုးရန် ကမ်းလှမ်းခဲ့သော်လည်း ၎င်းကပုံမှန်ပွဲကစားခွင့် အာမခံချက်ရရှိရန် တောင်းဆိုခဲ့သဖြင့် ၂၀၂၂ ခုနှစ်တွင် မန်ယူအသင်းနှင့်လမ်းခွဲခဲ့ပြီး နော်တင်ဟမ်အသင်းသို့ ပြောင်းရွှေ့ခဲ့ကြောင်း သိရသည်။

Ref : Daily Mail

Trs : ML

## အားကစားသတင်း အတိုအထွာများ

- အယ်နာဆာအသင်းက အယ်အာလီအသင်းကို အနိုင်ရခဲ့သည့် ဆော်ဒီအာရေဗျအမှတ်ပေးပြိုင်ပွဲတွင် တိုက်စစ်မှူး စီရော်နယ်ဒိုက အသင်းအတွက် သွင်းဂိုး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကြောင်း သိရသည်။
- ဘာစီလိုနာအသင်းက ခေါ်ယူထားသည့် တိုက်စစ်မှူး ရိုက်ဒ်ီ အနေဖြင့် ဘရာဇီးကလပ် ပါရာနန်စီအသင်းအတွက် ပါဝင်ကစားပေးခဲ့ရာ ခြေချင်းဝတ်ဒဏ်ရာ ရရှိခဲ့သောကြောင့် သုံးလခန့်အနားယူရမည်ဖြစ်ကြောင်း ပါရာနန်စီအသင်းက အတည်ပြုပြောကြားခဲ့သည်။
- ယူအီးအက်ဖ်အေနေးရှင်းလိဂ်ပြိုင်ပွဲတွင် အင်္ဂလန်အမျိုးသမီးအသင်းက စကော့တလန်အမျိုးသမီးအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့ကြောင်း သိရသည်။ ML

**ပရီးမီးယားလိဂ် ပွဲစဉ် (၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၀ | - | ၀ | ဖူလ်ဟမ် |
| လူတန် | ၁ | - | ၁ | ဝုဗ် |
| မန်စီးတီး | ၂ | - | ၀ | နော်တင်ဟမ် |

**စပိန်လာလီဂါ ပွဲစဉ် (၆) ရလဒ်**


| | | | | |
|---|---|---|---|---|
| ဂျီရိုနာ | ၅ | - | ၃ | မာယောကာ |
| အိုဆာဆူနာ | ၀ | - | ၀ | ဆီဗီလာ |

**ပြင်သစ်လီဂူး ပွဲစဉ် (၆) ရလဒ်**

| | | | | |
|---|---|---|---|---|
| နန့်တက် | ၅ | - | ၃ | လိုရီယန့် |

(၀၄၀)

# ဂိုးသမားဒီဂီယာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူဖွယ်ရှိနေ



**မန်ချက်စတာ စက်တင်ဘာ ၂၃**

မန်ယူအသင်းနှင့်လမ်းခွဲခဲ့ပြီးနောက် ကလပ်အသင်းလက်မဲ့ဖြစ်နေသည့် ဂိုးသမား ဒီဂီယာသည် ပွဲထွက်ခွင့်ပေးမည့်အာမခံချက်ဖြင့် ခေါ်ယူမည့်အသင်းမရှိပါက ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူရန် ပြင်ဆင်လျက်ရှိနေကြောင်း သိရသည်။

အသက် ၃၂ နှစ်ရှိ ဒီဂီယာသည် အေတီကိုအသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၀၉ ခုနှစ်က အေတီကိုအသင်းနှင့်ပရော်ဖက်ရှင်နယ်စာချုပ်ချုပ်ဆိုကာ စတင်ကစားခဲ့သော်လည်း အေတီကိုအသင်းတွင် သုံးနှစ်သာပါဝင်ကစားခဲ့ပြီး ၂၀၁၁ ခုနှစ်က မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားခဲ့သည်။

ဂိုးသမားဒီဂီယာသည် မန်ယူအသင်းတွင် ဆယ်စုနှစ်တစ်ခု ကျော်ကြာကစားပြီး ဆုဖလားများ ဆွတ်ခူးနိုင်ခဲ့သည့်အပြင် တစ်နှစ်တာ အကောင်းဆုံးဂိုးသမားဆုများကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံး ရာသီအကုန်က မန်ယူအသင်းနှင့် လမ်းခွဲခဲ့ပြီးနောက် လက်ရှိတွင်ကလပ်အသင်း လက်မဲ့ဖြစ်နေသူဖြစ်သည်။

ဒီဂီယာကို အစောပိုင်းက ဆော်ဒီထိပ်တန်း ကလပ်အသင်းများက မြင့်မားသည့်လုပ်ခလစာဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဒီဂီယာကိုယ်တိုင်က ဥရောပတွင်သာကစားလိုနေသည့်အတွက် ပယ်ချခဲ့ပြီး ပြီးခဲ့သည့်ရက်ပိုင်းက ဘက်တစ်အသင်းသို့ ပြောင်းရွှေ့ကစားရန် ဆွေးနွေးမှုများပြုလုပ်ခဲ့သော်လည်း လက်ရှိအချိန်ထိ အဆင်မပြေဖြစ်နေခြင်းဖြစ်သည်။

ထို့ကြောင့် ဂိုးသမားဒီဂီယာက ပွဲထွက်ခွင့်ပေးမည့် အာမခံချက်ရှိမှသာလျှင် အသင်းသစ်သို့ပြောင်းရွှေ့မည်ဖြစ်ပြီး ခေါ်ယူမည့်အသင်းမရှိပါက ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အပြီးတိုင်အနားယူရန်အတွက် ပြင်ဆင်နေကြောင်း သိရသည်။

Ref : Talk Sports

Trs : STA

# မတူညီသည့်ကလပ်အသင်းငါးသင်းနှင့် ဥရောပပြိုင်ပွဲကစားခဲ့သည့် ပထမဆုံးအင်္ဂလန်ကစားသမားအဖြစ် ဂျိမ်းစ်မီနာ မှတ်တမ်းဝင်

**လန်ဒန် အောက်တိုဘာ ၂၃**

ဘရိုက်တန်အသင်း ဝါရင့်ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာသည် ဘရိုက်တန်အသင်းနှင့် အေအီးကေအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီးနောက် မတူညီသည့်ကလပ်အသင်း ငါးသင်းနှင့် ဥရောပအဆင့်ပြိုင်ပွဲများတွင် ပါဝင်ကစားခဲ့သည့် ပထမဆုံး အင်္ဂလန်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သည်။




အသက် ၃၇ နှစ်ရှိ ဝါရင့်ကွင်းလယ်ကစားသမား ဂျိမ်းစ်မီနာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ၂၀၀၂ ခုနှစ်က လိဒ်အသင်းနှင့်စတင်ခဲ့ပြီးနောက် နယူးကာဆယ်အသင်း၊ အေဗီလာအသင်း၊ မန်စီးတီးအသင်းနှင့် လီဗာပူးအသင်းတို့သို့ အဆင့်ဆင့်ပြောင်းရွှေ့ကစားခဲ့ပြီးနောက် ပြီးခဲ့သည့်နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက လီဗာပူးအသင်းမှ ဘရိုက်တန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

ဂျိမ်းစ်မီနာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ နယူးကာဆယ်အသင်း၊ အေဗီလာအသင်း၊ ဘရိုက်တန်အသင်းတို့နှင့်အတူ ယူရိုပါလိဂ်ပြိုင်ပွဲတွင်ကစားခဲ့ပြီး မန်စီးတီးအသင်း၊ လီဗာပူးအသင်းတို့တွင် ချန်ပီယံလိဂ်ပြိုင်ပွဲ ကစားခွင့်ရရှိခဲ့ပြီးနောက် မတူညီသည့်ကလပ်အသင်း ငါးသင်းနှင့်ဥရောပအဆင့်ပြိုင်ပွဲများကိုကစားခဲ့သည့် ပထမဆုံးအင်္ဂလန် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ခြင်းဖြစ်သည်။

ဂျိမ်းစ်မီနာသည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ဥရောပအဆင့်ပြိုင်ပွဲများတွင် လီဗာပူးအသင်းနှင့်အတူ ချန်ပီယံလိဂ်ဆုဖလားဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီး စုစုပေါင်းပြိုင်ပွဲစုံ ၃၃၂ ပွဲထိပါဝင်ကစားခဲ့ကာ ၎င်း၏ ပရော်ဖက်ရှင်နယ်ကစားသမားဘဝတွင် ပွဲအများဆုံးကစားခဲ့သည့်အသင်းဖြစ်ကြောင်း သိရသည်။

**Ref : One Football**
**Trs : STA**

# WBA(Super) လိုက်ဖလိုင်းဝိတ်တန်းချန်ပီယံဟောင်း ဟီရိုတိုက ဖိလစ်ပိုင်လက်ဝှေ့သမား ဂျာဗင်မာမာကို ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိ



**တိုကျို အောက်တိုဘာ ၂၃**

WBA(Super) လိုက်ဖလိုင်းဝိတ်တန်းချန်ပီယံခါးပတ်ကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်မှစ၍ ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်ထိ ထိန်းသိမ်းနိုင်ခဲ့သော ဂျပန်လက်ဝှေ့သမားဟီရိုတိုနှင့်ဖိလစ်ပိုင်လက်ဝှေ့သမားဂျာဗင်မာမာတို့ ဂျပန်နိုင်ငံ တိုကျိုမြို့တွင် စက်တင်ဘာ ၂၂ ရက်က ထိုးသတ်ခဲ့ကြသည်။

အဆိုပါစိန်ခေါ်ပွဲတွင် ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ ဟီရိုတိုက တတိယမြောက်အချီတွင် ဒိုင်ပွဲရပ်ရလဒ်ဖြင့်အနိုင်ရရှိခဲ့ပြီး ဆုံးရှုံးထားရသော ကမ္ဘာ့ချန်ပီယံခါးပတ်အတွက် လက်ရှိချန်ပီယံကိုစိန်ခေါ်ခွင့်ရခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဟီရိုတိုသည် တစ်နိုင်ငံတည်းသားဖြစ်သော တီရာဂျီကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁ ရက်တွင် ဒိုင်ပွဲရပ်ဖြင့်ရှုံးနိမ့်ကာ ငါးနှစ်အကြာ ထိန်းသိမ်းလာခဲ့သည့် ကမ္ဘာ့ချန်ပီယံခါးပတ်ကိုဆုံးရှုံးခဲ့ရပြီးနောက် တီရာဂျီကိုပြန်လည်စိန်ခေါ်နိုင်ရေးအတွက် ချန်ပီယံစိန်ခေါ်ခွင့်ရရှိရန် စိန်ခေါ်ပွဲများဆက်တိုက်ထိုးသတ်လာသူလည်း ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် မေလကလည်း ဖိလစ်ပိုင်လက်ဝှေ့သမား ဘင်ဒီမာနှင့်ထိုးသတ်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

လေးလအတွင်း စိန်ခေါ်ပွဲ နှစ်ပွဲထိုးသတ်ကာ နှစ်ပွဲစလုံးအနိုင်ရရှိထားသည့် ဟီရိုတိုအနေဖြင့် ဆုံးရှုံးထားသော ကမ္ဘာ့ချန်ပီယံခါးပတ်ကို ပြန်လည်ရယူသွားမည်ဖြစ်ကြောင်းလည်း ဂျာဗင်မာမာနှင့် ထိုးသတ်မှုအပြီးတွင် ပြောကြားခဲ့သည်။

ဟီရိုတိုက "ကျွန်တော့်အနေနဲ့ မီနီဖလိုင်းဝိတ်တန်းရယ်၊လိုက်ဖလိုင်းဝိတ်တန်းမှာ ချန်ပီယံခါးပတ်တွေကို ရယူခဲ့ဖူးပါတယ်။ လိုက်ဖလိုင်းဝိတ်တန်းမှာ ကမ္ဘာ့ချန်ပီယံအဖြစ် ငါးနှစ်တိတိ ရပ်တည်နိုင်ခဲ့တယ်။ မနှစ်က လိုက်ဖလိုင်းဝိတ်တန်းခါးပတ်ကို ဆုံးရှုံးခဲ့ရတယ်။ ဆုံးရှုံးထားခဲ့ရတဲ့ခါးပတ်ကို ပြန်ယူနိုင်အောင် ကြိုးစားသွားမယ်။ အဲ့ဒီအတွက်ကြောင့်လဲ စိန်ခေါ်ပွဲတွေ ဆက်တိုက်ထိုးသတ်နေတာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Ring TV**
**Trs : AZL**

# စီရော်နယ်ဒိုနှင့် အယ်နာဆာအသင်းတို့ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် မကြာမီဆွေးနွေးမှုများပြုလုပ်သွားမည်

**ရီယာ့ဒ် အောက်တိုဘာ ၂၃**

စီရော်နယ်ဒိုနှင့် အယ်နာဆာအသင်းတို့သည် သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန်အတွက် မကြာမီဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အသက် ၃၈ နှစ်ရှိ စီရော်နယ်ဒိုသည် ပြီးခဲ့သည့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလက မန်ယူအသင်းနှင့်ဆက်ဆံရေးတင်းမာမှုများရှိလာခဲ့ပြီးနောက် ဘောလုံးရာသီမကုန်ဆုံးမီ မန်ယူအသင်းနှင့်စာချုပ်ဖျက်သိမ်းခဲ့ကာ အယ်နာဆာအသင်းသို့တစ်နှစ်လုပ်ခ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ဖြင့် ၂၀၂၅ ခုနှစ်ထိစာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက စီရော်နယ်ဒိုအနေဖြင့် ၎င်း၏ပရော်ဖက်ရှင်နယ်ကစားသမားဘဝကို ကစားသမားဘဝစတင်ခဲ့သည့် စပို့တင်းလစ္စဘွန်းအသင်းတွင် ကုန်ဆုံးဖွယ်ရှိနေသည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း ယခုအခါ စီရော်နယ်ဒိုက အခြားအသင်းတစ်သင်းသို့ မပြောင်းရွှေ့ဘဲ ၎င်း၏ကစားသမားဘဝကို အယ်နာဆာအသင်းတွင်သာ ကုန်ဆုံးလိုသည်ဟု အယ်နာဆာအသင်း တာဝန်ရှိသူများထံ အသိပေးခဲ့ပြီးနောက် မကြာမီ သက်တမ်းတိုးစာချုပ်ချုပ်ဆိုရန် ဆွေးနွေးသွားမည်ဖြစ်သည်။

စီရော်နယ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အယ်နာဆာအသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသလျက်ရှိနေပြီး ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် ခြောက်ပွဲကစားခဲ့ရာ ကိုးဂိုးထိသွင်းယူထားပြီး လေးကြိမ်ထိ ဂိုးဖန်တီးမှု ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : STA**

# Guadalajara Open ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်သို့ ဆက်ကာရီ တက်ရောက်

**ဂွါဒါလာဂျာရာ အောက်တိုဘာ ၂၃**

မက္ကဆီကိုနိုင်ငံ ဂွါဒါလာဂျာရာမြို့တွင်ကျင်းပနေသည့် Guadalajara Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ဂရိတင်းနစ်မယ် ဆက်ကာရီနှင့် ပြင်သစ်တင်းနစ်မယ် ဂါစီယာတို့ယှဉ်ပြိုင်ကစားခဲ့ရာ ဆက်ကာရီက (၆-၃ ၊ ၆-၀) ရလဒ်ဖြင့် အနိုင်ရရှိကာ ဗိုလ်လုပွဲစဉ်အဆင့်သို့တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဆက်ကာရီနှင့် ဂါစီယာတို့ပွဲစဉ်သည် အကြိတ်အနယ်ရှိမည့်ပွဲစဉ်ဖြစ်လာနိုင်ကြောင်း ထင်ကြေးပေးခံခဲ့ရသော်လည်း ဆက်ကာရီက ပြတ်သားသည့် ရလဒ်များဖြင့် ဂါစီယာကို အနိုင်ရခဲ့သည်။

လက်ရည်ညီသည့် ပြိုင်ဘက်ကစားသမားဂါစီယာကိုသက်သောင့်သက်သာဖြင့်ပင် အနိုင်ကစားနိုင်ခဲ့သည့် ဆက်ကာရီသည် ချန်ပီယံဆုကိုစိန်ခေါ်နိုင်သည့်စွမ်းဆောင်ရည်ရှိကြောင်းလည်း ပြသနိုင်ခဲ့သည်။

ဆက်ကာရီသည် ယခုနှစ် တင်းနစ်ရာသီအတွင်း အခက်အခဲတချို့ဖြင့်ရင်ဆိုင်ထားရသဖြင့် ဂွါဒါလာဂျာရာမြို့သို့ ရောက်ရှိလာစဉ်ကလည်း ယုံကြည်မှုနည်းနေကြောင်း ပြောကြားခဲ့သူဖြစ်သော်လည်း ပြိုင်ပွဲအတွင်းတစ်ဆင့်ထက်တစ်ဆင့် စွမ်းဆောင်ရည်ကောင်းများ ပြသလာခဲ့သည့် ဆက်ကာရီက ထင်မှတ်မထားသော စွမ်းဆောင်ရည်မျိုးဖြင့် ဗိုလ်လုပွဲစဉ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းအပေါ် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားခဲ့သည်။

ဆက်ကာရီက "ပထမအဆင့်မှာတုန်းက အခက်အခဲတချို့ရှိခဲ့ပါတယ်။ ပြိုင်ပွဲကိုလာရောက်စဉ်ကလဲ ယုံကြည်မှု နည်းနေတဲ့အတွက်ကြောင့် စိတ်ထဲမှာလေးလံနေတယ်လို့လဲ ကျွန်မပြောခဲ့ဖူးတယ်။ ဆီမီးဖိုင်နယ်အဆင့်ကို ကျော်ဖြတ်နိုင်ခဲ့ပြီးတဲ့နောက် စိတ်ထဲမှာပျောက်ဆုံးနေတဲ့ယုံကြည်မှုတွေ ပြန်ရလာသလို ဂွါဒါလာဂျာရာဟာလဲ ကျွန်မရဲ့ အခက်အခဲတွေ၊ စိတ်ပျက်ဝမ်းနည်းစရာတွေကို ကျော်ဖြတ်စေနိုင်ခဲ့တဲ့ နေရာတစ်ခုဖြစ်တယ်လို့ ခံစားမိလာတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**
**Trs : AZL**

# French Open ဂေါက်သီးရိုက်ပြိုင်ပွဲ အမှတ်ပေးဇယားကို ဂျော်ဒန်စမစ် ဦးဆောင်

**ပဲရစ် အောက်တိုဘာ ၂၃**

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပနေသည့် French Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား ဂျော်ဒန်စမစ်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၂ ချက်လျော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

စကော့တလန်ဂေါက်သီးရိုက်ကစားသမားဖာဂူဆန်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ရပ်တည်နေပြီး အင်္ဂလန်ဂေါက်သီးရိုက်ကစားသမား မန်ဆဲလ်အပါအဝင် ပြိုင်ပွဲဝင်ခြောက်ဦးထိက စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ခုနစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်လျက်ရှိသည်။

ဒုတိယနေ့တွင်လည်းလေတိုက်နှုန်းမြင့်မားခဲ့ခြင်းကြောင့် ပြိုင်ပွဲဝင်များ အခက်တွေ့ခဲ့ကြရသည်။

ဂျော်ဒန်စမစ်အနေဖြင့် ပထမကိုးကျင်းတွင် ငါးကျင်းဆက်တိုက် Birdies ရိုက်ချက်များရရှိခဲ့သလို ဒုတိယ ကိုးကျင်းတွင်လည်း Birdies လေးကျင်းရခဲ့သည့်အတွက်ကြောင့် ဒုတိယနေ့အပြီးတွင် အမှတ်ပေးဇယားထိပ်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ဂျော်ဒန်စမစ်က "ဒုတိယနေ့မှာ Iron Shot တွေ တော်တော်အားရစရာကောင်းခဲ့တယ်။ ဒုတိယနေ့မှာ လေတိုက်နှုန်း မြင့်မားခဲ့တဲ့အတွက်ကြောင့် ကစားရနည်းနည်းတော့ခက်တယ်။ လေတိုက်နှုန်းအပေါ်မူတည်ပြီး ယူဆရတာဖြစ်တဲ့အတွက်ကြောင့် ပုံမှန်အချိန်ထက်တော့ ပိုပြီးတော့စဉ်းစားကစားရတယ်။ အခုကကတော့ လေတိုက်နှုန်းနဲ့ လေလမ်းကြောင်းကို အကောင်းဆုံးအသုံးချနိုင်ရင်တော့ ထင်ထားတဲ့ရလဒ်ထက် ပိုကောင်းအောင် လုပ်ပြနိုင်လိမ့်မယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : TSN**
**Trs : AZL**

### ဂျာမန်ဘွန်ဒက်လီဂါ ပွဲစဉ် (၅) ရလဒ်

| | | | |
|---|---|---|---|
| အော့စ်ဘတ် | ၂ - ၁ | မိန့်ဇ် | |
| ဘိုင်ယန်မြူးနစ် | ၇ - ၀ | ဘိုချန် | |
| ဒေါ့မွန် | ၁ - ၀ | ဝုဖ်ဘတ် | |
| ဝလာဘတ် | ၀ - ၁ | လိုက်ပ်ဇစ် | |
| ယူနီယံဘာလင် | ၀ - ၂ | ဟော်ဖန်ဟိမ်း | (၀၄၀) |

# တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်ပါစေ

**ချာန်လေး(ပညာရေး)**

ကျွန်ုပ်တို့လူသားအားလုံးသည် နေ့စဉ်ဘဝ ရပ်တည်ရာ၌ အခက်အခဲများစွာကို ရင်ဆိုင်ကျော်ဖြတ်ရပေသည်။ ထိုသို့ ရင်ဆိုင်ကျော်ဖြတ်ရာ၌ အကောင်းအဆိုး နှစ်မျိုးစလုံးကို ကြုံတွေ့ရပေသည်။ ထိုအခါ ကောင်းမှုလုပ်လျှင် ကောင်းကျိုးကိုခံစားစံစားရတတ်ပြီး မကောင်းမှုလုပ်လျှင် မကောင်းသော အကျိုးကို ခံစားစံစားရပေသည်။ ထိုသည်ကား တန်ပြန်အကျိုးဟု ဆိုရပေမည်။

ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ နည်းပညာပိုင်းများ တိုးတက်ပြောင်းလဲလာပါသော်လည်း လူသားများ၏စိတ်ဓာတ်သည်ကား တိုးတက်ပြောင်းလဲလာမှုမရှိခြင်းကို များစွာတွေ့မြင်နေရပါသည်။ ရိုးသားခြင်းဆိုသော စာရိတ္တများ ပျက်ပြားလာသမျှ တန်ဖိုးရှိသော လူသားများလည်း တဖြည်းဖြည်း လျော့နည်းလာပါတော့သည်။ တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်ရန်အတွက် ရိုးသားခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ မနာလို ဝန်တိုစိတ်ကင်းခြင်း၊ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်ခြင်း၊ အများအကျိုးကိုလိုလား၍ ကိုယ်ကျိုးမငဲ့တတ်ခြင်း စသည်တို့လိုအပ်ပေသည်။

> ❖ ခေတ်စနစ်များ ပြောင်းလဲလာသည်နှင့်အမျှ နည်းပညာပိုင်းများ တိုးတက်ပြောင်းလဲလာပါသော်လည်း လူသားများ၏စိတ်ဓာတ်သည်ကား တိုးတက်ပြောင်းလဲလာမှုမရှိခြင်းကို များစွာတွေ့မြင်နေရပါသည်။ ရိုးသားခြင်းဆိုသောစာရိတ္တများ ပျက်ပြားလာသမျှ တန်ဖိုးရှိသော လူသားများလည်း တဖြည်းဖြည်းလျော့နည်းလာပါတော့သည်။ တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်ရန်အတွက် ရိုးသားခြင်း၊ ကိုယ်ချင်းစာတရားရှိခြင်း၊ မနာလိုဝန်တိုစိတ်ကင်းခြင်း၊ ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်ခြင်း၊ အများအကျိုးကိုလိုလား၍ ကိုယ်ကျိုးမငဲ့တတ်ခြင်း စသည်တို့လိုအပ်ပေသည်။ ❖

**ရိုးသားခြင်း**

ရိုးသားပါ။ သင့်အနေဖြင့် အစွမ်းကုန်ရိုးသားပါ။ လိုအပ်သည်ထက် ပို၍ရိုးသားရန် လိုအပ်သည်။ သို့သော် မအလိုက်ပါနှင့်။ မိမိ၏ရိုးသားမှုကို ခုတုံးလုပ်ပြီး မိမိဘဝ နင်းခြေတတ်သူများကို သတိထားပါ။ ဘဝတွင် မိမိမှလွဲ၍ မည်သူကမျှ မိမိအနား အမြဲရှိမပေးနိုင်သကဲ့သို့ မိမိကိုလိုအပ်၍ အသုံးချသူများ ရှိနေတတ်ကြသည်။ ရိုးသားခြင်းသည် လူတစ်ယောက်၏တန်ဖိုးပင်ဖြစ်သည်။ လူလိမ်လူညာများ များတတ်ပြီး ပွေလိမ်နေသည့် လောကကြီးထဲတွင် မိမိက ရိုးသားလိုက်၍ တစ်ခါတလေ မိမိဘဝကြီး ရှုံးနိမ့်ကောင်း ရှုံးနိမ့်သွားပါလိမ့်မည်။ သို့သော် မိမိတစ်ဘဝလုံးစာအတွက် မိမိသည်သာ အနိုင်ရသွားသလို နောက်ဆုံးအဆင့် အသက်ထွက်သွားလျှင်လည်း ကိုယ့်လိပ်ပြာကိုယ်လုံပါသည်။

**ကိုယ်ချင်းစာတရားရှိခြင်း**

လူတိုင်းအပေါ် ကိုယ်ချင်းစာတရားထားပါ။ ထားနိုင်အောင်လည်း အမြဲကြိုးစားရန် လိုအပ်သည်။ သို့သော် မိမိဒုက္ခရာများကို လူတိုင်းအပေါ် မချပြလိုက်ပါနှင့်။ မိမိအပေါ် ကိုယ်ချင်းစာပေးမည့်သူထက် ကျိတ်ပြီးပျော်နေတတ်သူများ များစွာရှိတတ်သည်။ တစ်ခါတစ်ရံ မိမိဘက်က လိုအပ်နေမှန်းသိလျှင် အချို့က ထွက်သွားချင်တတ်ကြသည်။ လွယ်လွယ်နှင့် ရတတ်သောအရာကို တန်ဖိုးမထားတတ်ကြသည်မှာ လူသားတိုင်း၏ ရှိရိုးထုံးစံပင်ဖြစ်သည်။ ထို့ကြောင့် အမှန်တကယ်လိုအပ်နေသူအတွက်သာ မိမိအနေဖြင့် ကိုယ်ချင်းစာတရားထားရှိ၍ တစ်ပါးသူ အမှန်တကယ် လိုအပ်နေသော အရာများကို ဖေးမကူညီပေးသင့်သည်။ ကိစ္စတစ်ခုခုတွင် ဘဝနှင့်ပတ်သက်၍ အပြုအဘော၊ အကောင်းဘက်ကကြည့်တတ်သော အမြင်မျိုး၊ တက်ကြွရွှင်လန်းသောစိတ်ထားမျိုးရှိရန်လည်း လိုအပ်ပါသည်။ ကျွန်ုပ်တို့သည် ကိုယ့်ကိုယ်ကိုယ် အမြင့်ဆုံးတွင် အကောင်းဆုံးအနေဖြင့် ကြိုးစားအားထုတ်နေကြသည်မှန်သော်လည်း ထိုအထဲမှ ချို့ယွင်းချက်၊ အားနည်းချက်များ ရှိနေနိုင်သေးသည်ဖြစ်ရာ ၎င်းချို့ယွင်းချက်များကို သူတစ်ပါးမသိအောင် ဖုံးကွယ်ခြင်းသော်လည်းကောင်း၊ ကိုယ်ကိုယ်တိုင် မသိချင်ယောင်ဆောင်ခြင်းမျိုးသော်လည်းကောင်း မပြုလုပ်ဘဲ အရှိကိုအရှိအတိုင်း သိမြင်လက်ခံတတ်ခြင်းသည် တန်ဖိုးရှိသောလူတစ်ယောက် ဖြစ်ပေသည်။

**မနာလိုဝန်တိုစိတ်ကင်းခြင်း**

အချို့လူများသည် သူတစ်ပါးအပေါ် လိုအပ်သည်ထက်ပို၍ ပြစ်တင်ဝေဖန်ရှုတ်ချတတ်ကြသည်။ ဤသည်ကား မနာလိုဝန်တိုစိတ် များနေခြင်းပင်ဖြစ်သည်။ သူတစ်ပါးအောင်မြင်နေသည်ကို မုဒိတာ မပွားပေးနိုင်ခြင်းမျိုး၊ တစ်ဆိတ်ကိုတစ်အိတ်လုပ်ပြောနေတတ်သောလူများသည် လောက၌ များစွာရှိပေသည်။ စကားအပြောအဆို မဆင်မခြင်ပြောဆိုတတ်သော လူအများကြောင့် ဘဝတွင် ကြိုးစားအားထုတ်နေသူအဖို့ စိတ်အနှောင့်အယှက် ဖြစ်စေနိုင်သည်။ ထိုကဲ့သို့သောလူမျိုးကိုလည်း မည်သူကမျှ အယုံအကြည် မရှိနိုင်ကြပေ။ အကြောင်းကြောင်းကြောင့် သူတစ်ပါးပြစ်တင်ဝေဖန်သည်ကို ခေါင်းငုံ့ခံရသောအခါ အားငယ်ခြင်း၊ စိတ်ပျက်ခြင်းနှင့်မကျေနပ်ခြင်းများ ဖြစ်ပေါ်လာတတ်သည်။ မိမိက သူတစ်ပါးအပေါ် စိတ်ပျက်အားငယ်မှုနှင့် မကျေနပ်မှုများစွာကို ဖန်တီးပေးလိုက်ပါက ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာမှု၊ စိတ်အေးချမ်းမှုများကို ပိုင်ဆိုင်မှုရှိနိုင်ပါ့မလား။ မိမိနှင့် အယူအဆ၊ အတွေးအခေါ် မတူနိုင်သော်လည်း သူတစ်ပါး၏ ကောင်းကွက်ကိုရှာဖော်ထုတ်ချီးမြှောက်ပေးလိုက်ပါက သူတစ်ပါးအတွက်လည်း အကျိုးရှိသလို ကိုယ်ကိုယ်တိုင်လည်း စိတ်ချမ်းသာမှုကို ပိုင်ဆိုင်နိုင်သည်။ သို့မှသာ မနာလိုဝန်တိုခြင်းမှလည်း ကင်းဝေးနိုင်ကြပါလိမ့်မည်။ မနာလိုဝန်တိုခြင်းကင်းဝေးနိုင်မှ တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်ပါပေလိမ့်မည်။

**ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်ခြင်း**

ကိုယ့်ကိုယ်ကိုယ် နှိမ့်ချခြင်းသည် မြတ်သော မင်္ဂလာတစ်ပါးဟု မြတ်စွာဘုရားရှင်က လမ်းပြထားသည်။ အရာရာကို ငါသိ၊ ငါတတ်မလုပ်ဘဲ လူမှုနယ်ပယ်တွင် ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေအောင် နေတတ်၊ ထိုင်တတ်ရပါမည်။ မိမိနှင့် မသက်ဆိုင်သော အကြောင်းအရာများဆိုလျှင် ဝင်ရောက်စွက်ဖက်မှု မပြုလုပ်ခြင်းသည် အကောင်းဆုံးဖြစ်ပေသည်။

ခဏတာလူ့ဘဝထဲတွင် ဘဝကို အကျိုးရှိရှိနှင့် သမိုင်းကောင်းအောင် နေထိုင်သွားရန်လိုအပ်သည်။ လူသေသော်လည်း နာမည်မသေပါစေနှင့်။ အချို့က လူမသေသေးသော်လည်း နာမည်သေနေတတ်ကြသည်။ ဤသည်ကား တန်ဖိုးရှိသော လူတစ်ယောက် မဟုတ်နိုင်တော့ပေ။ မုန်းစိတ်၊ မနာလိုစိတ်၊ ဒေါသစိတ်များကို အတတ်နိုင်ဆုံး ထိန်းချုပ်နိုင်ရပါမည်။

ထို့ကြောင့် ရှေးလူကြီးများက "လူ့အောက်ကျို့လို့ လူပိမသေနိုင်ပါဘူး"ဟု ဆိုခဲ့ကြပေသည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကိုယ်နှိမ့်ချတတ်ခြင်းဖြင့် တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်အောင် အစဉ်ထာဝရ ကြိုးစားရပ်တည်နိုင်ရပါမည်။

**အများအကျိုးကိုလိုလား၍ ကိုယ်ကျိုးမငဲ့တတ်ခြင်း**

မိမိအတွက်ချည်း အရေးကြီး မနေ၊ ကိုယ်ကိစ္စချည်း တွေးပူမနေတတ်ဘဲ သူတစ်ပါး၏အရေးကိစ္စနှင့် ကြုံကြိုက်လာသောအခါ မိမိအနေဖြင့် ကူညီဆောင်ရွက်ပေးတတ်သော အလေ့အကျင့်ကို မွေးမြူတတ်ရပါမည်။ ထိုကဲ့သို့သော အကျိုးကျေးဇူးသည် တစ်ကိုယ်ရေ သောကလှောင်အိမ်ထဲမှ အခိုက်အတန့် လွတ်မြောက်သွားနိုင်သကဲ့သို့ လူတစ်ဖက်သားအား ကူညီခြင်းကြောင့် ဖြစ်ပေါ်လာသည့်ပီတိကိုလည်း ခံစားနိုင်ပါလိမ့်မည်။

အချုပ်အားဖြင့်ဆိုသော် သင်စိုက်ပျိုးသမျှ သင်ရိတ်သိမ်းရမည်ဖြစ်သည်။ နှမ်းပင်စိုက်သူအဖို့ နှမ်းပင်ကိုသာ ရိတ်သိမ်းရမည်ဖြစ်ပြီး နှမ်းပင်ကိုစိုက်ပြီး ပဲပင်ကိုရိတ်သိမ်းချင်၍ မရပေ။ ထို့ကြောင့် ကိုယ့်သမိုင်းကို ကိုယ်သာလျှင် ရေးရမည်ဖြစ်သောကြောင့် ကောင်းစွာရေးနိုင်ပါက ကောင်းသောအကျိုးကို ခံစားရမည်ဖြစ်ပြီး ကောင်းစွာမရေးနိုင်လျှင် မကောင်းသောအကျိုးကို ခံစားရပေမည်။ တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်ခြင်း၊ မဖြစ်ခြင်းက မိမိအပေါ် ရာခိုင်နှုန်းအပြည့် မူတည်နေသောကြောင့် "အတ္တာသမ္မာ ပဏိဓိစ" ကိုယ့်ကိုယ်ကိုယ် ကောင်းစွာဆောက်တည်နိုင်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်၍ "တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်ပါစေ" ဟု ဆန္ဒပြုရေးသားလိုက်ရပေသည်။

## ကျောင်းကုန်းမြို့နယ် မီးသွေးတိုက်(တောင်စု)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ကျောင်းကုန်း စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းကုန်းမြို့နယ် မီးသွေးတိုက်(တောင်စု)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေး၊ ကျုံပျော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝါဝါမြတ်မွန်နှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ မီးသွေးတိုက်(တောင်စု) ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကျောင်းကုန်းမြို့နယ် မီးသွေးတိုက်(တောင်စု)ကျေးရွာ၌ အကျယ် ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၃၆၀ ရှိ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ အလျား ၁၀ ပေ၊ အနံ ၁၀ ပေ၊ အမြင့် ရှစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း၊ အလျား ပေ ၃၀ ပတ်လည် ခြံစည်းရိုးကာရံခြင်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ယခုနှစ် မေလစတုတ္ထပတ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက မီးသွေးတိုက် (တောင်စု) ကျေးရွာရှိ အိမ်ခြေ ၁၁၈ အိမ်၊ လူ ၄၂၂ ဦးနှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။



**သံသာ**

# တောင်ကြီးတန်ဆောင်တိုင်ရိုးရာမီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်


၂၀၁၉ ခုနှစ်က မီးပုံးပျံပွဲတော်ကို တွေ့ရစဉ်။

**တောင်ကြီး စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် ထင်ရှားသည့် ပွဲတော်တစ်ခုဖြစ်သော တောင်ကြီး တန်ဆောင်တိုင် ရိုးရာမီးပုံးပျံ ပွဲတော်ကို နိုဝင်ဘာ ၂၀ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ စည်ကား သိုက်မြိုက်စွာ ကျင်းပသွားမည် ဖြစ်ကြောင်း ရှမ်းပြည်နယ် (တောင်ပိုင်း) ရိုးရာမီးပုံးပျံအကဲဖြတ် ဒိုင်အဖွဲ့မှ သိရသည်။

အဆိုပါ တောင်ကြီးတန်ဆောင် တိုင် ရိုးရာမီးပုံးပျံပွဲတော်ကို ကိုဗစ် ရောဂါ အခြေအနေများကြောင့် သုံးနှစ်တာ ရပ်နားထားရာမှ ယခု နှစ် နိုဝင်ဘာလတွင် ပြန်လည်ကျင်းပ သွားမည်ဖြစ်ကြောင်း သိရသည်။

"ရှမ်းပြည်နယ်ရဲ့ အထင်ကရ ပွဲတော်တစ်ခုဖြစ်တဲ့ တောင်ကြီး တန်ဆောင်တိုင်ပွဲကို ပြန်လည် ဖော်ဆောင်တာပါ။ ဖောင်တော်ဦး ဘုရားပွဲတော်ရက်နဲ့ တစ်ပေါင်း တည်း ကျင်းပသွားမှာပါ။ ခရီးသွား လုပ်ငန်းကို ပိုမိုမြှင့်တင်ချင်တာရယ်၊ ဒေသထွက်အစားအစာတွေနဲ့အသုံး အဆောင်တွေ ရောင်းချနိုင်ဖို့ရယ် ရည်ရွယ်ကျင်းပတာဖြစ်ပါတယ်"ဟု ရှမ်းပြည်နယ်(တောင်ပိုင်း) ရိုးရာ မီးပုံးပျံအကဲဖြတ်ဒိုင်အဖွဲ့မှ အဖွဲ့ဝင် စိုင်းအောင်မျိုးက ပြောပြသည်။

ယခုနှစ်တွင် ပြိုင်ပွဲပုံစံထက် ရိုးရာမီးပုံးပျံပွဲတော်ကိုသာ ဦးစား ပေးကျင်းပမည်ဖြစ်ပြီး ညမီးကြိုး မီးပုံးပျံ၊ စိန်နားပန်မီးပုံးပျံ၊ နေ့လွှတ် အရုပ်ခြေနှစ်ချောင်း၊ ခြေလေးချောင်း ရုပ်အုပ်စုများ လွှတ်တင်သွားရန် ကနဦးစီစဉ်ထားကြောင်း သိရသည်။

ASH

# Sicario-3 ဇာတ်ကား ထုတ်လုပ်မှုလုပ်ငန်း စတင်နေပြီဖြစ်

**နယူးယောက် စက်တင်ဘာ ၂၃**

Sicario-3 ဇာတ်ကားထုတ်လုပ် မှုလုပ်ငန်းကို စတင်နေပြီဖြစ်ကြောင်း ၎င်းဇာတ်ကားများအတွက် ထုတ် လုပ်သူအဖြစ် တာဝန်ယူထားသူများ က စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားလိုက်သည်။

မိမိတို့အနေဖြင့် Sicario-3 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်း ရေးသားမှုကိုပင် စတင်နေပြီဖြစ် ကြောင်း ထုတ်လုပ်သူ ဘာဆေးအီ အိုင်ယန့်ခဲနှင့် အာရီကာလီတို့က The Messenger သတင်းဝက်ဘ် ဆိုက်သို့ ထုတ်ဖော်ပြောကြားခဲ့သည်။

လက်ရှိတွင် ဟောလီဝုဒ် ဇာတ် ညွှန်းရေးဆရာများနှင့်သရုပ်ဆောင် များ၏သပိတ်ကြောင့် ဇာတ်ညွှန်း ရေးသားမှုလုပ်ငန်းရပ်ထားရကြောင်း Sicario-3 ထုတ်လုပ်သူများက ဝန်ခံထားသည်။

Sicario-3 ဇာတ်ကားတွင် မူလ Sicario(2015) မှ မင်းသား ဘင်နီစီယိုဒယ်တိုရို ပြန်လည်ပါဝင် လာဖွယ်ရှိသည်။

မူလ Sicario(2015) ကို ဒါရိုက်တာ ဒင်းနစ်ဗီလီနော့က တာဝန်ယူရိုက်ကူးခဲ့ပြီး မင်းသား ဘင်နီစီယိုဒယ်တိုရိုနှင့် မင်းသမီး အမ်မလီဘလန့်တို့ ပါဝင်သရုပ် ဆောင်ထားကြောင်း သိရသည်။

**Ref : Movieweb**

**Trs : KKO**





# အဆိုတော် ဟိဏ်းသစ်၏ ခဏ EP Album ထွက်ရှိမှု စာနယ်ဇင်းမိတ်ဆက်

**ရန်ကုန် စက်တင်ဘာ ၂၃**

အဆိုတော် ဟိဏ်းသစ်၏ ခဏ EP Album ထွက်ရှိမှု စာနယ်ဇင်း မိတ်ဆက်ပွဲကို စက်တင်ဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ Sika Lounge & Restaurant Red Hill Tower တွင် ကျင်းပပြုလုပ် ခဲ့ကြောင်း အဆိုတော် ဟိဏ်းသစ်က ပြောပြ၍ သိရသည်။

အဆိုတော် ဟိဏ်းသစ်၏ ခဏ EP Album ထွက်ရှိမှု စာနယ်ဇင်းမိတ်ဆက်ပွဲသို့ တေးရေး၊ တေးဆို သားသား၊ အဆိုတော် မိစန္ဒီ၊ တေးရေး ငြိမ်းချမ်းကို၊ အဆိုတော် ခေမာတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

"လက်ရှိ ကျွန်တော့်ရဲ့ ထိမိဂွ Brand က လာမဲ့ နိုဝင်ဘာလမှာ နှစ်နှစ်ပြည့်မှာဖြစ်ပါတယ်။ ပထမ တစ်နှစ်ပြည့်တုန်းက မန္တလေးမှာ စတုဒိသာအလှူအနေနဲ့ ကျင်းပခဲ့ ပါတယ်။ အခု နှစ်နှစ်ပြည့်မှာလဲ Product အသစ်ထပ်မိတ်ဆက်ရင်း ပရိသတ်တွေနဲ့အတူ အလှူလေး လုပ်ဖို့ရှိပါတယ်။ ချစ်ရတဲ့ရုပ်ရှင်




အနုပညာရှင် မင်းသမီးတစ်ယောက် က ကျွန်တော့်ရဲ့ ထိမိဂွ Brand ကို ကြော်ငြာရယ်၊ Presenter အနေနဲ့ရယ် ပြုလုပ်ပေးမှာဖြစ်ပါ တယ်။ အဲဒီမင်းသမီးက ဘယ်သူ ဖြစ်မလဲဆိုတာ အောက်တိုဘာ ၁ ရက်မှာ ကြေညာမှာပါ။ ဘယ်သူ ဖြစ်မလဲဆိုတာကို ခန့်မှန်းပေး ကြပါ။ အဖြေမှန်သူတွေကို ဆု လက်ဆောင်တွေ ပေးအပ်ပါ့မယ်" ဟု အဆိုတော် ဟိဏ်းသစ်က ပြောပြသည်။

ထိမိဂွ နှစ်နှစ်ပြည့်အနေဖြင့် အမျိုးသမီး သရုပ်ဆောင်မည်သူ နှင့် တွဲဖက်အလုပ်လုပ်မည်ဆိုသည် ကို ပဟေဠိပြုလုပ်ထားပြီး ဘယ်သူ နှင့် ကြော်ငြာရိုက်ကူးမည်ဆို သည့် ခန့်မှန်းချက်များကို ထိမိဂွ Page အောက်တွင် ခန့်မှန်းပေး ထားသူများအနက်မှ အဖြေမှန် Comment ပေးနိုင်သူကို ဟိဏ်းသစ်က ထွက်ရှိထားသည့် Product ရှစ်မျိုးကို လက်ဆောင် အဖြစ် ပေးအပ်သွားမည်ဖြစ် ကြောင်း သိရသည်။

ASH

# Spy Kids: Armageddonနောက်ဆက်တွဲ ဇာတ်ကားရိုက်ကူးရန် ရောဘတ်ရိုဒရီဂတ် ဆန္ဒရှိနေ

**နယူးယောက် စက်တင်ဘာ ၂၃**

ကမ္ဘာကျော်ဒါရိုက်တာ ရောဘတ် ရိုဒရီဂတ်အနေဖြင့် Spy Kids: Armageddon ဇာတ်ကား၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ကို ရိုက်ကူးရန် ဆန္ဒရှိနေကြောင်း စက်တင်ဘာ ၂၂ ရက် သတင်းများ အရ သိရသည်။

သို့ရာတွင် Spy Kids: Armageddon နောက်ဆက်တွဲဇာတ်ကား သစ်ကိုရိုက်ကူးရေးအတွက် ပြဿနာ တစ်ရပ်ရှိနေကြောင်း ဒါရိုက်တာ ရောဘတ်ရိုဒရီဂတ်က ဟောလီဝုဒ် သတင်းဝက်ဘ်ဆိုက်များသို့ ထုတ် ဖော်ပြောကြားထားသည်။


မိမိအနေဖြင့် Spy Kids: Armageddon နောက်ဆက်တွဲဇာတ် ကားကို ရိုက်ကူးလိုသော်လည်း ကလေးသရုပ်ဆောင်များ၏ ကျောင်း တက်ချိန် အချိန်ဇယားကြောင့် နွေ ရာသီကျောင်းပိတ်ရက်များမှသာ ရိုက်ကူးရေးအတွက် အချိန်ရယူနိုင် မည်ဖြစ်ကြောင်း ရောဘတ်ရိုဒရီဂတ် ကထုတ်ဖော်ပြောကြားခဲ့သည်။

ဒါရိုက်တာ ရောဘတ်ရိုဒရီဂတ် ၏ နောက်ဆုံးရိုက်ကူးထားသော Spy Kids ဇာတ်ကားဖြစ်သည့် Spy Kids: Armageddon ဇာတ် ကားကို စက်တင်ဘာ ၂၂ ရက်တွင် စတင်ရုံတင်ခဲ့ကြောင်း သိရသည်။

၎င်းဇာတ်ကားတွင် မင်းသား ဇာချာရီလီဗိုင်း၊ မင်းသမီး ဂီနာရိုဒရီ ဂတ်၊ ကလေးသရုပ်ဆောင်များဖြစ် ကြသော ကွန်နောအက်စတာဆန် နှင့် အဲဗလီကာဂန်နယ်လာတို့ ပါဝင် ထားကြောင်း သိရသည်။

**Ref : ScreenRant**

**Trs : KKO**




# ညောင်ရွှေမြို့နယ် ကေလာကျေးရွာ၌ VDP စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**ညောင်ရွှေ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကေလာကျေးရွာတွင် ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) လုပ်ငန်းများ ဆောင်ရွက် နေမှုကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ တွင် ညောင်ရွှေမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်၊ ဦးစီး အရာရှိ(နည်းပညာ) ဒေါ်မြမြမွေး နှင့် စီမံကိန်းတာဝန်ခံ ဒုတိယ ဦးစီးမှူး ဒေါ်မူစီတို့က ကေလာ ကျေးရွာတွင် သစ်သားမီးတိုင်မှ ကွန်ကရစ်မီးတိုင် 10M ၅၂ တိုင် လဲလှယ်ခြင်းလုပ်ငန်းများ ဆောင်ရွက် နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကိုကိုနိုင်က ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ နှင့်တွေ့ဆုံကာ လုပ်ငန်းများ အရည်အသွေး ပြည့်မီအောင်နှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ညောင်ရွှေမြို့နယ် ကေလာ ကျေးရွာတွင် အဆိုပါလုပ်ငန်းများ ကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ရန်ပုံ ငွေကျပ် သိန်း ၁၅၀၊ ပြည်သူ ထည့်ဝင်ငွေကျပ် ၁၀ သိန်း အသုံး ပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ် လဒုတိယပတ်မှစ၍ အကောင် အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခု အခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်ခိုး(မလှိုင်)**

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends paper reading session in commemoration of 555$^{th}$ birthday of Shin Maha Ratthasara



Senior General Min Aung Hlaing and Daw Kyu Kyu Hla view the documentary works of Shin Maha Ratthasara.

**Nay Pyi Taw September 23**

Opening ceremony of a paper reading session in commemoration of the 555th birthday of Shin Maha Ratthasara, a Buddhist monk and a laureate poet, was held at MICC-2 in Nay Pyi Taw this morning, attended by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla.

Also present together with the Senior General and wife were the Joint SAC Secretary and wife, SAC members and wives, union ministers, union level officials and wives, senior military officers from Office of Commander-in-Chief and wives, the Nay Pyi Taw Command commander, deputy ministers, chairmen of the session, resource persons, officers and staff of ministries, and honoured guests.

On arrival at the venue, the Senior General and wife were welcomed by officials. They were conducted round the birthday commemorated exhibition, and the Senior General and wife looked around the biography and documentaries of Shin Maha Ratthasara, his works including treatises, contemporary poets, the articles honouring Shin Maha Rtthasara and looked into the requirements presented by officials.

At the ceremony, Union Minister for Religious Affairs and Culture U Tin Oo Lwin reported on the purpose of holding the 555th birthday ceremony of Shin Maha Ratthasara.

The Senior General and wife and attendees enjoyed the first part of a musical play "A flowery poet portraying gratitude and loyalty" held in honour of Shin Maha Ratthasara, performed by artistees of the Fine Arts Department of the Ministry of Religious Affairs and Culture.

At the paper reading session, Director Dr Lae Lae Win of Department of Historical Research and National Libraries read the paper on studying Shin Maha Rtthasara from historical point of view, U Arn Yu Maung (Maung Lu Hmwe-Myanmar Hmu), fundamental Myanmar literature and spelling,



The paper reading session in progress.

Director Dr Tun Tun Oo of DHRNL, royal ethics of Myanmar Myanmar moral conducts, independent resource person U Thura Zaw honoured Shin Maha Ratthasara from the poetic point of view. The paper reading session was followed by a question and answer session.

Then the Senior General and wife and attendees enjoyed the second part of the musical play. The Union Minister for RA&C presented gifts to the chairmen and resource persons of the paper reading session.

The history of Myanmar literature saw the emergence of a large number of literary idols. Myanmar literature developed alongside the Theravada Buddhist treatises, and the literary scholars include monks, intellectuals, civil servants of the kings, courtiers, and commoners, and Shin Maha Ratthasara who emerged during Inwa period in ME 830 was one of them.

Shin Maha Ratthasara had composed a large array of poems of various categories that compared the secular world and Dhamma. His historic poem about the way of learning the rules of composing a poem with eight words, which are, listening, idea, quest, discussion, exploration, noting, practicing, memorizing, is still useful today. The musical play was staged as an effort to honour the poet monk. The name of the play represented the matchless graduate owned to the monks by the Myanmar literature world.

100



Senior General Min Aung Hlaing and Daw Kyu Kyu Hla enjoy the musical play.


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Maungtaw border trade post achieves a trade surplus of over US$4 m from April to August in 2023-2024 FY


Boats loaded with goods at Maungtaw border jetty.

**Maungtaw September 23**

The Maungtaw border trade post was able to achieve a trade surplus of more than US$4 million during the five-month period from April to the end of August of the 2023-2024 FY, according to the Ministry of Commerce.

Maungtaw border trade post is conducting border trade with Bangladesh and was able to achieve export value of US$5.206 million, import value of US$0.486 million, totaling US$4.72 million in trade volume.

In addition, the Maungtaw border trade post exported and sold US$268 million worth of goods during the nine days from September 1 to September 9, and since there was no import, the Maungtaw border trade post was able to earn a trade surplus.

Myanmar is using the Sittway-Buthidaung-Maungtaw route and the Sittway-Angumaw-Maungtaw route and now goods are entering through Sittway-Angumaw-Maungtaw route mainly. The export and import activities are carried out via Kanyinchaung economic zone to Teknaf, Bangladesh.

336

# Pope Francis says migration is a reality in call for action during France visit

**Paris September 23**

Pope Francis has called on European nations to show greater tolerance towards migrants during a visit to the southern French city of Marseille.

Speaking at a meeting of bishops and young people from Mediterranean countries, the pontiff said "those who risk their lives at sea do not invade".

French President Emmanuel Macron was among the audience for the address.

It comes as the migration debate has been reignited by mass arrivals on the Italian island of Lampedusa last week.

France's Interior Minister Gerald Darmanin, who greeted the Pope upon his arrival in Marseille on Friday, said the country would not welcome any migrants coming from the island.

Some 8,500 people arrived on Lampedusa on 199 boats between Monday and Wednesday last week, according to the UN's International Organization for Migration.

Pope Francis said on Saturday that migration was not an emergency, but rather "a reality of our times, a process that involves three continents around the Mediterranean and that must be governed with wise foresight, including a European response".

BBC

# Crop insurance system for farmers to be based on farmer participatory approach this cold season crops

**Nay Pyi Taw September 23**


The UMFCCI issued a press release on 22 September, saying that it will implement the farmer participatory approach for managing the insurance of crops for farmers in cultivation of cold season crops this year.

As Myanmar is based in agricultural sector as a main business, favourable weather is one of the factors to develop the agriculture tasks. Currently, the whole world including Myanmar is facing impacts of climate change.

Such impacts also become a burden for farmers of Myanmar, suffering loss and damage in cultivation of crops. As such, the Myanma Insurance under the Ministry of Planning and Finance takes a leading role in functioning the task force comprising officials from the government and private sectors in systematically managing the loss of crops through the crop insurance system.

In this regard, the task force will manage the crop insurance policy for the cold season crops this year, based on the farmer participatory approach.

On 22 September, Deputy Minister for Agriculture, Livestock and Irrigation Dr Tin Htut presided over a meeting at the UMFCCI Office in Yangon, with attendance of officials from Myanma Insurance, relevant departments, experts, Vice President of UMFCCI President of Myanmar Rice Federation U Ye Min Aung, Chairman of Myanmar Beans, Maize and Sesame Association U Tun Lwin and officials.


A crop plantation.

In accord with the guidance of the Head of State, the crop insurance system is based on the weather index insurance similar to that of other agro-based countries.

336

# Bob Menendez steps down as US Senate foreign relations chairman after indictment

**Washington September 23**

A veteran US senator has temporarily stepped down as head of the chamber's powerful foreign relations committee as he battles bribery charges.

Justice department prosecutors allege Robert Menendez and his wife accepted hundreds of thousands of dollars in exchange for aid to Egypt's government.

The couple have denied the charges.

The embattled senator has rejected calls from fellow Democrats back in his home state of New Jersey to resign his seat.

Senate majority leader Chuck Schumer said on Friday that Mr Menendez had decided to step down as chairman of the influential committee "until the matter has been resolved".

The New York Democrat said his colleague was "a dedicated public servant and is always fighting hard for the people of New Jersey".

It is not the first time that Mr Menendez, 69, who has served in Congress since 2006, has had to give up the coveted post on the foreign relations panel.

He also stepped down in 2015 after being indicted in New Jersey on charges that he had accepted bribes from a Florida eye doctor. That case ended in a mistrial after jurors were unable to reach a unanimous verdict.

BBC


Prosecutors allege Bob and Nadine Menendez accepted bribes to secretly aid the Egyptian government.

# Yamaethin locals plant over 39,000 acres of rain-fed oil seed crops in this year

**Yamaethin September 23**

More than 39,000 acres of rain-fed oil seed crops have been planted in the rain-fed crop growing season in Yamaethin Township in the current fiscal year, said U Aung Myo Thant, head of Department of Agriculture for the township.

In the township, 43,778 acres of rain-fed oil seed crops have been planted since the last week of May, and until today, the cultivated acres are 19,171 acres of rain-fed peanuts, 14,919 acres of rain-fed sesame and 5,107 acres of rain-fed sunflower, totaling 39,197 acres of rain-fed oil seed crops. The remaining acres are still being cultivated.

"The cultivation of oilseeds is done with the main goal of ensuring oil sufficiency for the local consumers. Oilseed crops are grown every year. In order to ensure self-sufficiency in oil consumption, the Department of Agriculture obtains good varieties of oilseeds and distributes agricultural technologies, and post-harvest technologies according to the fiscal year," he explained.

185

# နိုင်ငံတကာစစ်မှုရေးရာအပြားပြား

## လီယိုနာဒိုကုမ္ပဏီက Proteus Rotary-Wing ဒရုန်းကို ထုတ်ဖော်ပြသ



အီတလီအခြေစိုက် လီယိုနာဒိုကုမ္ပဏီသည် လန်ဒန်တွင် မကြာသေးမီကပြုလုပ်ခဲ့သော ကာကွယ်ရေးကုန်စည်ပြပွဲတွင် ၎င်း၏ Proteus Rotary-Wing ဒရုန်းစနစ် (RWUAS) ကို ထုတ်ဖော်ပြသခဲ့ကြောင်း စက်တင်ဘာ ၁၉ ရက်က www.thedefense.com သတင်းဌာနတွင် ရေးသားဖော်ပြထားသည်။

Proteus Rotary-Wing ဒရုန်းတွင် ပင်မ Rotor တစ်ခုတည်းနှင့် အယူအဆဆိုင်ရာ တိုးတက်ဖွံ့ဖြိုးလာမှု၊တည်ဆောက်မှုဒီဇိုင်းပုံစံကို တွေ့မြင်ရမည်ဖြစ်သည်။

နှစ်တန်မှ သုံးတန်အလေးချိန်ရှိသော Proteus ဒရုန်းသည် ထောက်လှမ်းမှု၊ စောင့်ကြည့်မှု၊ ပစ်မှတ်စိစစ်ခွဲခြားမှုတို့အပြင် ထောက်ပံ့ပို့ဆောင်ရေးကဏ္ဍများတွင်ပါ အသုံးပြုနိုင်မည်ဖြစ်သည်။

Proteus ဒရုန်း၏ နောက်ဆုံးဒီဇိုင်းသည် ခေတ်မီဒရုန်းတွင် ပေါင်းစည်းနိုင်သည့် အလားအလာရှိသောစနစ်များအပေါ်၌ မူတည်နေသေးသည်။ လီယိုနာဒိုကုမ္ပဏီသည် ဆယ်စုနှစ်ဝက်ကာလခန့်တွင် RWUAS ဒရုန်းကို ပထမဆုံးစမ်းသပ်ပျံသန်းနိုင်ရန် စီစဉ်နေသည်။

RWUAS စီမံကိန်း၏ ဖွံ့ဖြိုးတိုးတက်မှုသည် ၂၀၂၂ ခုနှစ် ဇူလိုင်လတွင် ဗြိတိန်နိုင်ငံ ကာကွယ်ရေးပစ္စည်း ဖြည့်တင်းထောက်ပံ့ရေးဌာနမှ လီယိုနာဒိုကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သော အမေရိကန်ဒေါ်လာ ၇၂ သန်းတန် သဘောတူစာချုပ်ဖြစ်သည်။

ရည်ရွယ်ချက်မှာ ရန်သူရေငုပ်သင်္ဘောများကို ခြေရာခံနိုင်သော မောင်းသူမဲ့ရဟတ်ယာဉ်ဒီဇိုင်းများ တီထွင်ရန်ဖြစ်သည်။ ခေတ်မီဒရုန်းတွင် ပေါင်းစပ်ထားသော စနစ်များသည် ကြည်းတပ်၏ ကုန်းတွင်းမစ်ရှင်များကို ပံ့ပိုးပေးနိုင်လောက်အောင် လိုက်လျောညီထွေဖြစ်စေသည်ဟု လီယိုနာဒိုကုမ္ပဏီက ထုတ်ပြန်ခဲ့သည်။

ဒေါင်လိုက် အတက်အဆင်းပျံသန်းနိုင်သော VTOL ဒရုန်း၊ ရဟတ်ယာဉ်များသည် ဗြိတိန်နှင့် ကမ္ဘာတစ်ဝန်းရှိ အခြားဈေးကွက်ကဏ္ဍများတွင် အသုံးများနေချိန်၌ စစ်ရေးစွမ်းရည်ကိုပြောင်းလဲပေးနိုင်လိမ့်မည်ဟု လီယိုနာဒိုကုမ္ပဏီမှ ဒါရိုက်တာ Adam Clarke က ပြောကြားခဲ့သည်။

Proteus ဒရုန်းကို ဗြိတိန်နိုင်ငံတော်ဝင်ရေတပ်၏ အနာဂတ်ပင်လယ်ရေကြောင်းလေတပ်တွင် တပ်ဖြန့်အသုံးပြုသွားနိုင်မည်ဖြစ်သည်။

**Leonardo Unveils Proteus Rotary-Wing Drone ကို ဘာသာပြန်ဆိုထားပါသည်။**

## ရုရှားနိုင်ငံက Hypersonic ဒုံးကျည်များထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု Rostec ကုမ္ပဏီပြော

ရုရှားနိုင်ငံပိုင် ကော်ပိုရေးရှင်းကြီး Rostec ကုမ္ပဏီသည် Hypersonic Kinzhal (Dagger) အမျိုးအစား ဒုံးကျည်များထုတ်လုပ်မှုကို အရှိန်မြှင့်လုပ်ဆောင်နေသည်ဟု စက်တင်ဘာ ၁၉ ရက်က ကာကွယ်ရေးစက်မှုလုပ်ငန်းစု၏စက်မှုဘက်ဆိုင်ရာ ဒါရိုက်တာ Bekhan Ozdoev က ထုတ်ဖော်ပြောကြားခဲ့သည်။

အခြားစစ်ဘက်ဆိုင်ရာ စစ်လက်နက်ပစ္စည်းကိရိယာနှင့် ခဲယမ်းမီးကျောက်ထုတ်လုပ်မှုပမာဏမှာလည်း သိသိသာသာတိုးမြင့်လာနေသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အချို့သော ခဲယမ်းမီးကျောက်များထုတ်လုပ်မှုဆိုင်ရာကိန်းဂဏန်းများသည် ဆယ်ဆထိမြင့်တက်လာနေသည်ဟု Ozdoev ၏ ပြောကြားချက်များအပေါ် ကိုးကား၍ စက်တင်ဘာ ၁၉ ရက်တွင် Interfax သတင်းဌာနက ရေးသားဖော်ပြထားသည်။

အခြားစစ်လက်နက်ပစ္စည်းများတွင် Kinzhal၊ Iskander နှင့် Pantsir စနစ်များအတွက် ဒုံးကျည်များထုတ်လုပ်မှု၊ ဝေဟင်မှကြဲချနိုင်သည့်ဗုံးများ၊ အမြောက်များနှင့် တင့်ကားသုံးကျည်များကို အရှိန်မြှင့်လုပ်ဆောင်နေကြောင်း Ozdoev က မှတ်ချက်ပြုခဲ့သည်။

ရုရှားနိုင်ငံကာကွယ်ရေးစက်မှုလုပ်ငန်း ထုတ်လုပ်သူများသည် တင့်ကားများ၊ သံချပ်ကာယာဉ်များနှင့် အတွဲလိုက်ဒုံးကျည်ပစ်လွှတ်မှုစနစ်များစွာကို ပိုမိုထုတ်လုပ်လာကြကြောင်း သိရသည်။

ပဲ့ထိန်းအမြောက် ခဲယမ်းမီးကျောက်များ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး စစ်ဘက်သုံးဒရုန်းများထုတ်လုပ်မှုကိုလည်းတိုးမြှင့်လုပ်ဆောင်သွားရန် အစီအစဉ်ရှိသည်ဟု ဒါရိုက်တာ Ozdoev က ပြောကြားခဲ့ကြောင်း သိရသည်။

ဇူလိုင်လတွင် Rostec ကုမ္ပဏီ လက်ထောက် အမှုဆောင်အရာရှိချုပ် Vladimir Artyakov က နိုင်ငံပိုင်ကုမ္ပဏီသည်ယခင်က သုတေသနနှင့်ဖွံ့ဖြိုးတိုးတက်မှုအပြည့်အဝလိုအပ်မှုဖြင့် ကန့်သတ်ထားသော Kinzhal ဒုံးကျည်များ၏ စီးရီးလိုက်ထုတ်လုပ်မှုကို စိတ်အားထက်သန်စွာ စတင်နိုင်ခဲ့ပြီဖြစ်သည်ဟု ပြောကြားခဲ့သည်။

"ဒါကြောင့် ကာကွယ်ရေးဝန်ကြီးဌာနက ကျွန်ုပ်တို့ထံ တောင်းဆိုသမျှကို အရည်အသွေးပြည့်မီအောင် လုပ်ဆောင်ပေးပြီး သူတို့လိုအပ်တဲ့ ပမာဏအတိုင်း လွှဲပြောင်းပေးပို့သွားမှာပါ"ဟု Artyakov က ပြောကြားခဲ့သည်။

Kinzhal Hypersonic ဒုံးကျည်သည် ရုရှားစစ်ဘက်တွင် ၂၀၁၇ ခုနှစ်ကတည်းက တပ်ဖြန့်အသုံးပြုနိုင်ခဲ့သည်။ အဆိုပါဒုံးကျည်သည် Mach 12 (တစ်နာရီကီလိုမီတာ ၁၄၈၀၀ ခန့်) အမြန်နှုန်းဖြင့် ပျံသန်းနိုင်ပြီး လက်ရှိလေကြောင်းရန်ကာကွယ်ရေးစနစ်များကို ထိုးဖောက်ဝင်ရောက် တိုက်ပွဲဝင်နိုင်စွမ်းရှိသည်ဟု ယုံကြည်ထားကြသည်။



ရုရှားနိုင်ငံသည် ယူကရိန်းနှင့် ပဋိပက္ခအတွင်း Kinzhal ဒုံးကျည်ကို အကြိမ်ပေါင်းများစွာတိုက်ပွဲဝင် တပ်ဖြန့်အသုံးပြုခဲ့သည်။

**Russia boosting hypersonic missile production – Rostec ကို ဘာသာပြန်ဆိုထားပါသည်။**

## Kamikaze ဒရုန်းများရောင်းချရန် Elbit ကုမ္ပဏီနှင့် ဥရောပနိုင်ငံတစ်နိုင်ငံ စာချုပ် ချုပ်ဆို

အစ္စရေးနိုင်ငံ Elbit Systems ကုမ္ပဏီသည် ဥရောပနိုင်ငံတစ်နိုင်ငံအတွက် ရာပေါင်းများစွာသော Kamikaze ဒရုန်းများရောင်းချပေးရန် အမေရိကန်ဒေါ်လာ ၉၅ သန်းတန် ဝယ်ယူရေးသဘောတူစာချုပ်တစ်ရပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း www.thedefensepost.com သတင်းဌာနက စက်တင်ဘာ ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။



စာချုပ်အရ Elbit Systems ကုမ္ပဏီသည် ၎င်း၏အလိုအလျောက် အပြည့်အဝလုပ်ဆောင်နိုင်သည့် Sky Striker အမည်ရှိ Kamikaze ဒရုန်း ရောင်းချပေးခဲ့ခြင်းဖြစ်သည်။

Sky Striker သည် ၅ ကီလိုဂရမ် သို့မဟုတ် ၁၀ ကီလိုဂရမ်ရှိသော ထိပ်ဖူးကို အသုံးပြု၍ ခြိမ်းခြောက်မှုပစ်မှတ်များကို ခွဲခြားဖော်ထုတ်ကာ တိုက်ခိုက် ဖျက်ဆီးနိုင်သည်။ အဆိုပါဝယ်ယူမှုအတွက် စာချုပ်လုပ်ဆောင်မှုသက်တမ်းကို နှစ်နှစ်သတ်မှတ်ပေးထားသည်။

Sky Striker ဒရုန်းသည် စစ်မြေပြင်တွင် တာဝေးပျံသန်းစစ်ဆင်ခြင်းနှင့် တိကျမှုမြင့်မားသော တိုက်ခိုက်မှုများကို ထမ်းဆောင်နိုင်သည်။ အသုံးပြုသူများသည် Elbit ကုမ္ပဏီထုတ် Precise and Universal Launching System (PULS) ဒုံးကျည်၊ အမြောက်ပစ်လွှတ်သည့် Special Canister စနစ် အပါအဝင် ဝေဟင်နှင့် မြေပြင်အခြေပြု လွှတ်တင်ရေးစနစ်များဖြင့် ပစ်လွှတ်နိုင်မည်ဖြစ်သည်။

Sky Striker ကိုအမြင့်ပေအနိမ့်ပျံသန်းမှုများအတွင်း လေထဲတွင် တစ်ဆက်တစ်စပ်တည်း နှစ်နာရီကြာ အကွာအဝေးကီလိုမီတာ ၁၀၀ (၆၂ မိုင်)ထိ ပျံသန်းနေနိုင်သော လျှပ်စစ်တွန်းကန်အားဖြင့် မောင်းနှင်ပေးထားသည်။

အင်ဂျင်၏ အသံပိုင်းဆိုင်ရာဆူညံမှုကင်းမဲ့ခြင်းနှင့်စနစ်၏ အလုံးစုံအပူထွက်ရှိမှုနည်းပါးခြင်းသည် တိတ်တဆိတ်၊ ကိုယ်ရောင်ဖျောက်၊ ရုတ်တရက် တိုက်ခိုက်ရေးစွမ်းဆောင်ရည်မျိုး ပိုင်ဆိုင်ထားနိုင်စေသည်။ ပြောင်းလဲနေသောလုပ်ငန်းဆောင်ရွက်မှုလိုအပ်ချက်များနှင့် ကိုက်ညီစေရန် Sky Striker တွင် ထိပ်ဖူးအမျိုးမျိုးတပ်ဆင်၍ စစ်ဆင်ရေးလုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

"Elbit Systems ရဲ့ ဝေဟင်နဲ့မြေပြင်ဖြေရှင်းချက်တွေကို ပေါင်းစပ်ထားတဲ့၊ ဆန်းသစ်ထိရောက်တဲ့ စနစ်တစ်ခုကို ကျွန်ုပ်တို့ရဲ့ဖောက်သည်တွေဆီ ရောင်းချပေးနိုင်တာ အလွန်ကျေနပ်မိပါတယ်။ လျှို့ဝှက်ပြီး ပေါ့ပါးသွက်လက်တဲ့ ပလပ်ဖောင်းတစ်ခုအနေနဲ့ Sky Striker တိုက်ခိုက်ရေးဒရုန်းဟာ စွမ်းဆောင်ရည်မြင့်မားမှု၊ တိကျမှုနဲ့ ယုံကြည်စိတ်ချရမှုတို့ကိုပေးစွမ်းပြီး စစ်မြေပြင်ရှိ စစ်တိုက်သူတွေအတွက် အရေးပါတဲ့ ရည်မှန်းချက်တာဝန်တွေကို ထမ်းဆောင်နိုင်စွမ်းရှိ စေမှာဖြစ်ပါတယ်"ဟု Elbit Systems ကုမ္ပဏီ၏ Aerospace အထွေထွေမန်နေဂျာ Yoram Shmuely က ပြောကြားခဲ့သည်။

**Elbit to Provide 'Several Hundred' Kamikaze Drones to European Customer ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး

# မအူပင်မြို့နယ်တွင် ထောပတ်ပဲနီ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀ ထိ ဈေးကောင်းရရှိ



**မအူပင် စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး) ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်တွင် ဩဂုတ်လက ထောပတ်ပဲနီ (အပြားကြီး) ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၇၁၀၀၀ ထိသာ ဈေးရှိခဲ့ပြီး စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ ထောပတ်ပဲနီ(အပြားကြီး) ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါ ထောပတ်ပဲများ ဈေးကောင်း ရရှိလာခြင်းသည် ရန်ကုန်မြို့မှ အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ တခြားပဲတွေထက် ထောပတ်ပဲနီ ဈေးကောင်းလာပါတယ်။ ရန်ကုန်ဈေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေလို့ပါ။ ပြည်ပပဲဈေးကွက်ကို ပြန်တင်ပို့နေရလို့ အခုလို အဝယ်လိုက်လာတဲ့အတွက် ဈေးကောင်းရရှိလာပါတယ်။ အခု ထောပတ်ပဲနီဈေးက အရင်ထက် ၂၄ ပြည်ဝင်တစ်အိတ်ကို ငွေကျပ် ၁၇၀၀၀ ထိ ဈေးကောင်းရရှိလာပါတယ်။ စက်တင်ဘာလ ပထမပတ်လောက်ကနေ စတင်ပြီးဈေးကောင်းရရှိလာတာပါ။ လက်ရှိထောပတ်ပဲစိုက်ပျိုးသူတွေနဲ့ သိုလှောင်ထားတဲ့ကုန်သည်တွေ ဈေးကောင်းရရှိနေပါတယ်။ ထောပတ်ပဲနီက လာမဲ့ပဲပေါ်ရာသီ မရောက်မီထိ ဈေးကောင်းရရှိနေမှာပါ"ဟု မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြသည်။

မအူပင်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် ထောပတ်ပဲနီများ ဈေးကောင်းရရှိလာခြင်း၊ ဝယ်လိုအား ကောင်းလာခြင်းတို့ကြောင့် ပဲသိုလှောင်ထားသူများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း မအူပင်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခိုင်ခိုင်ဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လားရှိုးမြို့နယ် တာပုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လားရှိုး စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေဖြင့် တာပုံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လားရှိုးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဘရန်ဆိုင်းနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ တာပုံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



လားရှိုးမြို့နယ် တာပုံကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၆၀ အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် စက်တင်ဘာလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း၊ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက တာပုံကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# ကော့မှူးမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ် ထုတ်ချေး

**ကော့မှူး စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာတန်းရှည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ အဌမအကြိမ်ထုတ်ချေးခြင်းကိုစက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ လူထုဇရပ်ပြခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့မှူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်ဝင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးနိုင်မည်ဖြစ်ပြီး မိသားစုဝင်ငွေတိုးပွားလာကာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် အကျိုးပြုစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းတာဝန်ခံနှင့်ဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်၊ ပြန်ဆပ်ရမည့်ကာလတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရွာတန်းရှည်ကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၀၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၇၄ ဒသမ ၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၂၃-၉-၂၀၂၃

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၁၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၀၂၀၀၀/၁၀၄၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၅၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၉၆၀၀၀/၉၈၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၇၄၀၀၀/၇၈၀၀၀ |
| ရွှေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၉၀၀၀/၇၂၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၂၅၀၀/၁၃၅၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၆၃၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၁၀ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၃၃၅ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၄၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၉၆)

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး Global Sustainable Transport. Forum သို့တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



**နေပြည်တော် စက်တင်ဘာ ၂၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E Mr. Li Xiaopeng ၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်ထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ကျင်းပမည့် Global Sustainable Transport. Forum သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့မှ ဌာနအကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# (၇)ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး($7^{th}$ AMRI+3)သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်

**ဒါနန်း စက်တင်ဘာ ၂၃**

(၇) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး($7^{th}$ AMRI+3)ကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ယနေ့တွင် ကျင်းပရာ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်၍ ဗီယက်နမ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရာက်ကြသည်။

အစည်းအဝေးတွင် AMRI ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး H. E. Nguyen Manh Hung၊ ပူးတွဲဥက္ကဋ္ဌများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စီ ပြန်ကြားရေးဝန်ကြီး Mr. SUN YELI၊ ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Nomura Eigo နှင့် ကိုရီးယားသမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Nam Chanwoo တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်ပြီး အိမ်ရှင် ဗီယက်နမ်နိုင်ငံက သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် အာဆီယံ +3 ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးလုပ်ငန်းစီမံချက် ၂၀၁၈-၂၀၂၃ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေကိုတင်ပြရာ အဆိုပါ လုပ်ငန်းစီမံချက်များကို ၂၀၂၅ ခုနှစ်ထိ သက်တမ်းတိုးနိုင်ရန် တက်ရောက်လာသည့် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံများမှ ဝန်ကြီးများက ဆွေးနွေးသဘောတူခဲ့ကြသည်။

ထို့နောက် ၁၆ ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ (AMRI)၏ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့်ပတ်သက်သည့် ပူးတွဲမီဒီယာ ထုတ်ပြန်ချက်မူကြမ်းနှင့် အထွေထွေကိစ္စရပ်များအပေါ် သဘောတူခဲ့ကြသည်။

အာဆီယံဒေသတွင်း လူစွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးများမြှင့်တင်ပေးရန်၊ မီဒီယာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်နှင့် New Media အပါအဝင် မီဒီယာကွန်ရက်ချိတ်ဆက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်တို့အတွက် မဟာဗျူဟာများချမှတ်၍ လက်ရှိလုပ်ငန်းစီမံချက်ကို ၂၀၂၅ ထိ သက်တမ်းတိုးရန် အတည်ပြုကြသည်။

ဆက်လက်ပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဘရူနိုင်းနိုင်ငံက (၈) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး($8^{th}$ AMRI+3) ကျင်းပမည့်နေ့ရက်နှင့်အချိန်အား အသိပေးတင်ပြပြီး အခမ်းအနားကို အောင်မြင်စွာကျင်းပပြီးစီးသည်။



ခရီးစဉ်အတွင်း အိမ်ရှင်ဗီယက်နမ်နိုင်ငံ၏ စီစဉ်ပေးမှုဖြင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ဒါနန်းမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၄၀ အကွာတွင်ရှိသော BaNa တောင်ပေါ်သို့ မီတာ ၅၈၀၀ ကျော်ရှည်လျားသည့် ကေဘယ်ကားဖြင့် သွားရောက်လည်ပတ်ခဲ့သည်။

တောင်အောက်ခြေမှ မီတာ ၁၃၆၈ အမြင့်ထိ တက်နိုင်သဖြင့် အမြင့်ဆုံးတက်နိုင်သည့် Cable Carလည်းဖြစ်သည်။ BaNa တောင်ပေါ်တွင် ပြင်သစ်ဘုရင်မကြီး၏ နွေရာသီစံအိမ်အဖြစ် အသုံးပြုခဲ့သော နေရာဖြစ်သည့် Old French Villas ကို ဒေသခံခရီးသွားအဖွဲ့အစည်းမှ ခရီးသွားများလည်ပတ်စရာနေရာအဖြစ် သတ်မှတ်ပေးခဲ့သည်။ ယခုအခါ တောင်ပေါ်အပန်းဖြေစခန်းအဖြစ် ဟိုတယ်အဖြစ်လည်းကောင်း ဖွင့်လှစ်ထားရှိပြီး အေးမြသည့်ရာသီဥတုကို ခံစားရင်း ရဲတိုက်အဆောက်အအုံများ၊ ပန်းခင်းများဖြင့် ပုံဖော်စိုက်ပျိုးထားသည့် သာယာလှပသော ရှုခင်းများနှင့်အတူ ဓာတ်ပုံရိုက်ကူးနိုင်သည့်အပြင် အလှဓာတ်ပုံများရိုက်ရန် အကောင်းဆုံးနေရာလည်းဖြစ်သော မီတာ ၁၅၀ ရှည်လျားသည့် Golden Bridge ခေါ် လက်ချောင်းတံတားနှင့် ပန်းဥယျာဉ်သို့ လေ့လာရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။ ဒါနန်းမြို့သို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများ သွားရောက်လေ့လာလေ့ရှိသည့် အထင်ကရနေရာတစ်ခုလည်း ဖြစ်ကြောင်း သိရသည်။

ညနေပိုင်းတွင် AMRI၊ SOMRI နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် အာဆီယံကိုယ်စားလှယ်များကို ဒါနန်းမြို့အုပ်ချုပ်ရေးအဖွဲ့က နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အရိုးရောဂါအထူးကုဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုအားပေး



**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအတွင်းရေးမှူးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်များ ဖြစ်ပေါ်စေရန်အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသည့် ချမ်းမြသာစည်မြို့နယ်ရှိ အရိုးရောဂါအထူးကု ဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသပြီး ဆေးရုံဥပဓိရုပ် ကောင်းမွန်စေရေးနှင့် အမြင်တင့်တယ်စေရေး၊ လူနာများ စိတ်ချမ်းမြေ့စေရန်အတွက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများ၊ သစ်ပင်သစ်ကိုင်းများနှင့် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းနေမှုများ၊ အမှိုက်သရိုက် မြောင်းစာများ ဆယ်ယူရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့်ဒေသခံပြည်သူများ စုစုပေါင်းဦးရေ ၅၀၀ ခန့်၊ စက်ယန္တရားတို့ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# ကေဗွီ ၅၀၀ ကံကောင်းဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် ရာနှုန်းပြည့်ပြီးစီးမည်



**နေပြည်တော် စက်တင်ဘာ ၂၃**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၉၃ အနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ကေဗွီ ၅၀၀ ကံကောင်းဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကေဗွီ ၅၀၀ ကံကောင်းဓာတ်အား ခွဲရုံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများက ကေဗွီ ၅၀၀ ကံကောင်းဓာတ်အားခွဲရုံနှင့် ကေဗွီ ၅၀၀ စပါးကြွယ်ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်း အစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ KV 500 Switch Bay နှင့် KV 230 Switch Bay တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယခု ဆောင်ရွက်လျက်ရှိသည့် ကေဗွီ ၅၀၀ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကေဗွီ ၅၀၀ ဓာတ်အားခွဲရုံစီမံကိန်းဖြစ်ကာ ၎င်းစီမံကိန်းပြီးစီးသွားသည်နှင့် နိုင်ငံမြောက်ပိုင်းတွင်တည်ရှိနေသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံ၏တောင်ပိုင်းသို့ ပြည့်ဝစွာ ပို့လွှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယခုအခါစီမံကိန်း တစ်ခုလုံးအနေဖြင့် ၇၃ ဒသမ ၁၇ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် စီမံကိန်းတစ်ခုလုံး ရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းမြို့နယ် ဖန်လုံမြို့ရှိ ကျင်းဆာရဲတပ်ဖွဲ့စခန်းသို့သွားရောက်၍ China Resident ID ကတ် ထုတ်ပေးရေးလုပ်ငန်းစဉ်များကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် စက်တင်ဘာ ၂၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့်အဖွဲ့သည် ကူမင်းမြို့ရှိ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်နှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းက ယူနန်ပြည်နယ် ကူမင်းမြို့နယ် ဖန်လုံမြို့ရှိ ကျင်းဆာရဲတပ်ဖွဲ့စခန်းသို့ သွားရောက်၍ အဆိုပါရဲတပ်ဖွဲ့စခန်းတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန နိုင်ငံတကာ ဆက်ဆံရေးဌာနကြီးမှူး ညွှန်ကြားရေးမှူးချုပ် Mr. Hu Xiaoming၊ ယူနန်ပြည်နယ် လူဝင်မှုကြီးကြပ်ရေး ဌာန ဒုတိယဌာနမှူး Mr. Jia Dong နှင့် ကျင်းဆာရဲတပ်ဖွဲ့စခန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှူး ညွှန်ကြားရေးမှူးချုပ်နှင့် စခန်းတာဝန်ခံတို့က ကျင်းဆာရဲတပ်ဖွဲ့စခန်း၏ ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များ၊ ပြည်သူများအတွက်လိုအပ်သော ဝန်ဆောင်မှုများ ပေးနိုင်ရန် စုံစမ်းရေးနှင့် မှတ်ပုံတင်ရေးသွင်းခြင်း လုပ်ငန်းဆောင်ရွက်မှု၊ ပြည်သူများအနေဖြင့် အမှုအချင်းဖြစ်ပွားခြင်းအတွက် တိုင်ကြားခြင်းလုပ်ငန်းများ ဆောင်ရွက်မှု၊ နယ်မြေဒေသအတွင်း အိမ်ထောင်စုစာရင်းများ ဆောင်ရွက်မှုနှင့်၊ မြို့နယ်ကျော် လိပ်စာပြောင်းရန်နှင့် အိမ်ထောင်စုစာရင်း ပြောင်းဝင်၊ ပြောင်းထွက်လုပ်ငန်းများ လက်တွေ့ဆောင်ရွက်ပေးနေမှု၊ ယာဉ်မောင်းလိုင်စင်လျှောက်ထားရန်အတွက် လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်၊ Resident ID ကတ်လျှောက်ထားမှုနှင့် ID ကတ်ပျောက်ဆုံးမှုများအတွက် ကာယကံရှင်ကိုယ်တိုင် မိမိ၏ အချက်အလက်များ ဖြည့်သွင်းလျှောက်ထားနိုင်သည့်စက်နှင့်ပတ်သက်သည့် အချက်အလက်များ၊ ကာယကံရှင်၏အချက်အလက်များ မှန်ကန်မှု ရှိ၊ မရှိ အွန်လိုင်းစနစ်ဖြင့် တိုက်ဆိုင်စစ်ဆေးခြင်းနှင့် ကတ်အသစ် ထုတ်ပေးရန်ဆောင်ရွက်သည့် လုပ်ငန်း အခြေအနေများကို လိုက်လံရှင်းလင်း ပြသသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး နိုင်ငံတကာဆက်ဆံရေးဌာနကြီးမှူး ညွှန်ကြားရေးမှူးချုပ်နှင့် စခန်းမှ တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး MSME လုပ်ငန်းဆောင်ရွက်ချက်များအား လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်း ဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး MSMEs လုပ်ငန်းဆောင်ရွက်ချက်များအား လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင် အစည်းအဝေးခန်းမတွင်ပြုလုပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တိုင်းဒေသကြီးအတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး အဆင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ၊ MSMEs လုပ်ငန်းများနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ မူဝါဒများနှင့် လမ်းညွှန်ချက်များကို ထိရောက်အောင်မြင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပြောကြားသည်။


ဆက်လက်၍ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်း မြေအသုံးချမှု၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး MSMEs လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

# နမ့်စန်မြို့၊ မော်ဘီမြို့၊ မုံရွာမြို့နယ်၊ ကလေးမြို့နှင့် အမရပူရမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ ပန်လင်းဆိုင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသား ၆၈၂ ဦးတို့ကို အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုရားဖြူစေတီတော် ဓမ္မာရုံ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ ဒေသခံပြည်သူ ၁၉၃ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဆေးပေးခန်း၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဇီးတောကျေးရွာနှင့် ကလေးမြို့ အောင်မေတ္တာရပ်ကွက်ရှိ ဒေသခံပြည်သူ ၂၆၂ ဦးတို့ကို အနောက်မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သတ်မှတ်နေရာများ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စံပြကွက်သစ်ရပ်ကွက်ရှိ ပတ္တမြားရိပ်သာကျောင်းတိုက်မှ သံဃာတော် ၃၂ ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌လည်းကောင်း အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွေးတိုးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချိုသွေးချိုနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့ရွာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

မိမိတို့၏ နေ့စဉ်လူမှုဘဝနေထိုင်ဖြတ်သန်းရာတွင် ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်နေမှသာ ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး မျက်စိပသာဒဖြစ်ဖွယ်ရာ သန့်ရှင်းသာယာလှပသော မြို့ရွာ Clean City၊ Clean Village များဖြစ်လာမည်ဖြစ်ကာ ကျန်းမာရေးနှင့် ညီညွတ်မျှတမည်ဖြစ်သည့်အတွက် မိမိဒေသ၊ မိမိမြို့ရွာ သန့်ရှင်းသာယာရေးကို ဒေသခံများ၊ ဒေသတွင် တာဝန်ထမ်းဆောင်နေကြသည့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေး တာဝန်ရှိသူများက မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ်စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့ရွာ၊ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများကို လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ရှစ်မြို့နယ်တို့၌လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၁မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ငါးမြို့နယ်တို့၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆မြို့နယ်တို့၌လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈မြို့နယ်နှင့် ကရင်ပြည်နယ် ဖာပွန်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ်၊ ဘုရားသုံးဆူမြို့တို့၌လည်းကောင်း၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဆေးခန်းများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံဝင်း အတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။



ကရင်ပြည်နယ် ဘုရားသုံးဆူမြို့ ၂၅ ခုတင်ဆံ့ ဘုရားသုံးဆူပြည်သူ့ဆေးရုံ၌ ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများကို အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။



နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ ပြည်သူ့ဆေးရုံ၌ ရပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

# စစ်တွေမြို့ ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက်၌ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တပ်ရင်းတပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုများက ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲပြုလုပ်၊ သံဃာတော်များအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကုသိုလ်ပြုဆောင်ရွက်



ဆရာတော်ထံ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**နေပြည်တော် စက်တင်ဘာ ၂၃**

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တပ်ရင်း၊ တပ်ဖွဲ့များ၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ သီရိမင်္ဂလာကုန်းရှိ ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက် သာသနဓဇဓမ္မဗိမာန်တော်၌ ပြုလုပ်ရာ စစ်တွေမြို့ ဓမ္မာစရိယတက္ကသိုလ်ကျောင်းတိုက်၊ ဓမ္မာစရိယနိကာယကျောင်းတိုက်နှင့် မြောက်ဦးမြို့ ဓမ္မာစရိယသာမဏေကျော်ကျောင်းတိုက်များ၏ နာယကချုပ် ဝါကျဉယျာဉ်ကျမ်းပြုဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုစိတ္တာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝါကျဉယျာဉ်ကျမ်းပြု ဆရာတော်ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြကာ သံဃာတော်များအား ဝါဆိုသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဝါကျဉယျာဉ်ကျမ်းပြု ဆရာတော်ထံမှ အနုမောဒနာတရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ထို့ပြင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါ ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရှင်သာမဏေများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ပြီး ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

# ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခြင်း SCHOOL MILK PROGRAM ပြုလုပ်

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့် ကြက်ဥများ ပေးဝေစဉ်။



**နေပြည်တော် စက်တင်ဘာ ၂၃**

ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များကို ကျန်းမာသန်စွမ်းပြီး ဇလငါးတန်နှင့်ပြည့်စုံ၍ ပညာရေးတွင်ထူးချွန်သည့် လူငယ်လူရွယ်များဖြစ်လာစေရန်နိုင်ငံတော်အတွက် အားကိုးအားထားရသည့် လူငယ်လူရွယ်များဖြစ်လာစေရန်ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် SUNJIN MYANMAR COMPANY တို့ပူးပေါင်းပြုလုပ်သည့် ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခြင်း SCHOOL MILK PROGRAM ကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့်အတူ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ခရိုင်၊မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ SUNJIN MYANMAR COMPANY မှ တာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာတိုင်းမှူးက SCHOOL MILK PROGRAM ပြုလုပ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားများပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့် ကြက်ဥများကို အသီးသီးပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား၊ ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့် ကြက်ဥများအား လိုက်လံပေးဝေခဲ့ကြပြီး စာသင်ဆောင်များအတွင်း လိုက်လံကြည့်ရှုခဲ့ကြကြောင်းနှင့် အဆိုပါ SCHOOL MILK PROGRAM တွင် ကျောင်းသား၊ကျောင်းသူ ၁၇၁၄ ဦးကို အာဟာရပြည့်နွားနို့ ၁၃၅ ပိဿာနှင့် ကြက်ဥ ၁၇၁၄ လုံးတို့ကို ကျွေးမွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

# အနောက်တောင်တိုင်းစစ်ဌာနချုပ် (၅၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၃**

အနောက်တောင်တိုင်း စစ်ဌာနချုပ် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဆုပေးပွဲကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ကွင်းကောက်မြို့ရှိ နယ်မြေခံသင်တန်းကျောင်း စက်ပစ်ကွင်း၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဆုပေးပွဲတွင် ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများကို တာဝန်ရှိသူများကလည်းကောင်း၊ ဆင့်ပွားဒိုင်းဆုနှင့် ဒိုင်းဆုရရှိသည့် ဟသ်ာတတပ်နယ်အသင်းကို တိုင်းမှူးကလည်းကောင်း ဆုများနှင့်ဂုဏ်ပြုချီးမြှင့်ငွေများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။ ဆုပေးပွဲအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အမျိုးသား မီတာ ၁၀၀ ပစ်ခတ်စဉ်ကို ကြည့်ရှုအားပေးခဲ့ကြသည်။

အဆိုပါ အနောက်တောင်တိုင်းစစ်ဌာနချုပ် ၂၀၂၄ ခုနှစ် (၅၉)ကြိမ်မြောက် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား ၁၀ သင်းနှင့် အမျိုးသမီး ၁၀ သင်းတို့ဖြင့် စက်တင်ဘာ ၁၅ ရက်မှ ၂၂ ရက်ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း ဟသ်ာတတပ်နယ်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ဖြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

☆ ကျောဖုံးမှအဆက်

ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ရှစ်ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာခုနစ်ချက် ကိုက်ညီသော ဆင်ဖြူတော်ကလေးဖြစ်သည်။

အထက်ပါ ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက"မှာ ယခုအသက်တစ်နှစ် နှစ်လသားအရွယ်တွင် အရပ်အမြင့် ၃ ပေ ၁၁ လက်မ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၈၃၁ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့် ယဉ်ပါးသည့် ဆင်ဖြူတော်ကလေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့်လူသားတို့အကြား ကောင်းမွန်စွာဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training"ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သာသနာနွယ်ဝင် သီလရှင်များအား ဆွမ်းလောင်းလှူပွဲပြုလုပ်

**နေပြည်တော် အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရပ်တော်မူဘုရားကြီး၌ ဌာနဆိုင်ရာများ စုပေါင်း၍ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင်များ ဆွမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဘုရားကြီး၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ရပ်တော်မူဘုရားကြီး အာရုံခံတန်ဆောင်း၌ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ဆွမ်းများ ဆက်ကပ်ပူဇော်ကြပြီး ဘုရားဝတ်ပြုကန်တော့ကြသည်။ ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ကျိုင်းတုံမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များနှင့် သာသနာနွယ်ဝင်သီလရှင် စုစုပေါင်းအပါး ၃၀၀ တို့ကို ဆွမ်းတော်၊ လှူဖွယ်ပစ္စည်းများနှင့် ဝတ္ထုငွေများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။



**သံဃာတော်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း ဆွမ်းလောင်းလှူစဉ်။**

# ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် အောက်တိုဘာ ၂၃**

ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ အခြေခံစားသောက်ကုန်များဖြစ်သည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူများကိုလည်းကောင်း၊ တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေး ကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူးစသည့် စားသောက်ကုန်များကိုလည်းကောင်း၊ မြန်မာ့စီးပွားရေး ဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အရောင်းဆိုင်များ၏ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို လည်းကောင်း ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ဝမ်းသာအားရ ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများကို အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။



**စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ရောင်းချပေးစဉ်။**

# (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းမှုများနှင့် သက်ကြီးဘိုးဘွားများအတွက် စားသောက်ဖွယ်ရာများပေးအပ်လှူဒါန်း



**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အောင်ပန်းမြို့ တပ်မတော်ဆေးရုံ ခုတင် ၇၀၀ ၌ စုပေါင်းသွေးလှူဒါန်းကြစဉ်။**

**နေပြည်တော် အောက်တိုဘာ ၂၃**

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်ပန်းမြို့ တပ်မတော်ဆေးရုံ ခုတင် ၇၀၀ ၌ စုပေါင်းသွေးလှူဒါန်းပွဲကို စက်တင်ဘာ ၂၂ ရက်နှင့် ယနေ့တို့တွင် ပြုလုပ်ခဲ့ပြီး ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ရှိ နယ်မြေခံ ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်စီမံဆောင်ရွက်မှုဖြင့် (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု (အလှူဒါန) ပြုလုပ်ပွဲကို ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက် ရုံး၊ရဲစခန်းများ၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များက တောင်ကြီးမြို့ ရှမ်းရိုးမ ဘိုးဘွားရိပ်သာ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကို၊ ရဲအရာရှိကြီးများ၊ ရဲတပ်ဖွဲ့ဝင်များက ပါဝင်အလှူဒါနပြုလုပ်ခဲ့ကြပြီး ရှမ်းရိုးမဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၁၉ ဦးတို့ကို အလှူငွေကျပ် ၁၀ သိန်းနှင့် ဆန်၊ ဆီ၊ အာလူး၊ ကြက်သွန်နီ၊ ဆေးဝါး၊ ခေါက်ဆွဲ၊ ကော်ဖီနှင့် မုန့်မျိုးစုံ၊ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၄၀၇၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သစ်ပင်စိုက်လျှင် တို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ၏။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှ တစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Zayyar Htut Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၂၅)ရပ်ကွက်နေ ဇေယျာထွဋ်အောင်ကို နံနက် ၁၀ နာရီမိနစ် ၅၀ တွင်လည်းကောင်း၊ "စေတမန်" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရွှေပြည်သာမြို့နယ် အမှတ်(၂၆)ရပ်ကွက်နေ သန်းထိုက်ဦးကို မွန်းလွဲ ၁ နာရီခွဲတွင်လည်းကောင်း၊ "Mar Mar Lwin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရွှေပြည်သာမြို့နယ် အမှတ်(၅)ရပ်ကွက်နေ မာမာလွင်(ခ) မဘောလုံးကို ည ၆ နာရီ ၁၅ မိနစ်တွင်လည်းကောင်း၊ "Ma Nwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ သယ်န်းကျွန်းမြို့နယ် ဗိုလ်ကုံညွန့်ရပ်ကွက်နေ ဇင်နွယ်ကို ည ၁၀ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကိုဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# အမေရိကန်နိုင်ငံတွင် အိုဖီလီယာအပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေ



**ဝါရှင်တန် စက်တင်ဘာ ၂၃**

အိုဖီလီယာဟု အမည်ပေးထားသော အပူပိုင်းမုန်တိုင်းသည် လာမည့်ရက်ပိုင်းအတွင်း အမေရိကန်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေကြောင်း အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ယနေ့ ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းသည် အမေရိကန်နိုင်ငံ နယူးယောက်ပြည်နယ်နှင့် နယူးဂျာစီပြည်နယ်တို့သို့ ဦးတည်လာနိုင်ပြီး မုန်တိုင်းပြင်းအားပြောင်းလဲမှုပေါ်မူတည်၍ မုန်တိုင်းအမျိုးအစားကို သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မြောက်ကာရိုလိုင်းနားပြည်နယ်နှင့်ဗာဂျီးနီးယားပြည်နယ်တို့သို့လည်း ဝင်ရောက်တိုက်ခတ်ဖွယ်ရှိနေပြီး မုန်တိုင်းသည် အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အခြေအနေဖြစ်ကြောင်း အမေရိကန် အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

"အိုဖီလီယာမုန်တိုင်းဟာ သစ်ပင်ကြီးတွေကျိုးကျပြီး အခြေခံအဆောက်အအုံတွေကို ဖျက်ဆီးပစ်နိုင်လောက်တဲ့ထိ အားကောင်းဖွယ်ရှိနေပါတယ်။ မြောက်ကာရိုလိုင်းနားပြည်နယ်နဲ့ ဗာဂျီးနီးယားပြည်နယ်တို့ကို အဓိက ဦးတည်တိုက်ခတ်ဖွယ်ရှိနေလို့ ဒေသခံတွေအတွက် အန္တရာယ်များတဲ့အခြေအနေဖြစ်ပါတယ်။ မုန်တိုင်းအားကောင်းနိုင်ပေမဲ့ ရေကြီးရေလျှံမှုတွေတော့ ဖြစ်ပေါ်လာနိုင်ဖွယ်မရှိပါဘူး"ဟု အမေရိကန်အမျိုးသားမိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဆာရာဂျွန်ဆင်က ပြောကြားခဲ့သည်။

မုန်တိုင်းသည် အမေရိကန်နိုင်ငံ အရှေ့ဘက်ပိုင်းမှ အနောက်ဘက်ပိုင်း မိုင် ၃၈၀ ထိ တောက်လျှောက် တိုက်ခတ်ဖွယ်ရှိနေပြီး အမေရိကန်နိုင်ငံ မြောက်ဘက်ပိုင်းမှ တောင်ဘက်ပိုင်း ၂၉၆ မိုင်ထိ တိုက်ခတ်ဖွယ်ရှိနေကြောင်း၊ မုန်တိုင်းသည် မြောက်ကာရိုလိုင်းနားပြည်နယ်နှင့် ဗာဂျီးနီးယားပြည်နယ်သို့ အဓိက ဦးတည်တိုက်ခတ်ဖွယ်ရှိရာ ပျက်စီးဆုံးရှုံးမှုမြင့်မားနိုင်ပြီး အခြေခံအဆောက်အအုံများအပြင် လျှပ်စစ်မီးပြတ်တောက်မှုများဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း အမေရိကန် အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ထားသည်။

**Ref : Gothamist**
**Trs : Sai Sat**

# ဩစတြေးလျနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုကြောင့် တိရစ္ဆာန်များစားကျက်ရှားပါးပြီး အသားထုတ်လုပ်သူများအခက်အခဲဖြစ်နေ

**ကင်ဘာရာ စက်တင်ဘာ ၂၃**

ဩစတြေးလျနိုင်ငံတွင် အယ်လ်နီညိုရာသီဥတုကြောင့် တိရစ္ဆာန်များစားကျက်ရှားပါးပြီး အသားထုတ်လုပ်သူများအခက်အခဲဖြစ်နေသည်ဟု Eastern Young Cattle Indicator (EYCI) အဖွဲ့အစည်းက စက်တင်ဘာ ၂၂ ရက်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ကျွဲ၊ နွားတိရစ္ဆာန်များ စားကျက်အခက်အခဲကြောင့် အသားထုတ်လုပ်သူများလည်း အခက်အခဲရှိကြောင်း၊ အသား တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ လေးဒေါ်လာထိ ကျဆင်းလာသဖြင့် ၂၀၁၉ ခုနှစ်နောက်ပိုင်း အသားဈေးနှုန်း အနိမ့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ကြောင်း၊ အသားထုတ်လုပ်သူများအနေဖြင့် အသားဈေးနှုန်းများ စံချိန်တင်ကျဆင်းနေသော်လည်း စားသုံးသူလိုအပ်ချက်အရ အသားထုတ်လုပ်မှုကို မဖြစ်မနေ ဆက်လက်လုပ်ကိုင်နေရသည့်အတွက် အရှုံးပေါ်ဖွယ်ရှိကြောင်း Eastern Young Cattle Indicator (EYCI) အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။



"အယ်လ်နီညိုရာသီဥတုကြောင့် အပူချိန်တွေမြင့်တက်ပြီး စားကျက်တွေရှားလာတယ်။ အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေသလို ရေရှားပါးမှုကြောင့် မွေးမြူရေးတိရစ္ဆာန်သေဆုံးမှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ အသားထုတ်လုပ်သူတွေအနေနဲ့ မလွဲမရှောင်သာလို့ အသားထုတ်လုပ်မှုတွေကို ဆက်လက်လုပ်ကိုင်နေရတာဖြစ်ပါတယ်။ ၂၀၁၉ ခုနှစ်တုန်းက နယူးဆောက်ဝေးပြည်နယ်မှာ မိုးခေါင်ရေရှားတဲ့ပြဿနာကြောင့် အသားဈေးနှုန်းတွေစံချိန်တင်ကျဆင်းခဲ့ရတဲ့အခြေအနေနဲ့လဲ ရင်ဆိုင်ခဲ့ဖူးတယ်"ဟု Eastern Young Cattle Indicator (EYCI) အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

**Ref : ABC News**
**Trs : Sai Sat**

# ဗီယက်နမ်နိုင်ငံ လောင်ကိုင်စီရင်စုမှ ရေဘေးသင့်ပြည်သူများကို သမ္မတ ဗိုဗန်သောင် သွားရောက်တွေ့ဆုံ

**ဟန်နွိုင်း စက်တင်ဘာ ၂၃**

ဗီယက်နမ်နိုင်ငံ လောင်ကိုင်စီရင်စုတွင် စက်တင်ဘာ ၁၂ ရက်မှစ၍ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရသောပြည်သူများကို ဗီယက်နမ်သမ္မတ ဗိုဗန်သောင်က စက်တင်ဘာ ၂၂ ရက်က သွားရောက်တွေ့ဆုံကာ အားပေးစကားပြောကြားခဲ့သည်ဟု ဗီယက်နမ်သမ္မတရုံးက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ရေကြီးရေလျှံမှုကို အရေးပေါ်အခြေအနေ သတ်မှတ်ခံရပြီး ပျက်စီးဆုံးရှုံးမှုလည်း များပြားခဲ့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ဒေသခံငါးဦး သေဆုံးခဲ့ပြီး နှစ်ဦး ပျောက်ဆုံးကာ ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ပြီး နေအိမ်များလည်း ပျက်စီးခဲ့ကြောင်း၊ ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသူအများအပြားရှိခဲ့ပြီး စက်တင်ဘာ ၂၂ ရက်က ရေကြီးရေလျှံမှုအခြေအနေ တည်ငြိမ်သွားခဲ့ပြီး ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း သိရသည်။

သမ္မတ ဗိုဗန်သောင်က ရေဘေးအန္တရာယ်ကြောင့် သေဆုံးခဲ့သောဒေသခံများနှင့် ပျောက်ဆုံးနေသောဒေသခံများ၏ မိသားစုဝင်များနှင့်လည်း သီးသန့်တွေ့ဆုံကာ မိသားစုနှင့် ထပ်တူဝမ်းနည်းကြောင်း တွေ့ဆုံပြောကြားကာ လိုအပ်သည်များ ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့သည်။

သမ္မတ ဗိုဗန်သောင်သည် လောင်ကိုင်စီရင်စု အာဏာပိုင်အဖွဲ့အစည်းများနှင့်လည်း တွေ့ဆုံခဲ့ပြီး ပျောက်ဆုံးနေသူများကို အမြန်ဆုံး ရှာဖွေတွေ့ရှိနိုင်ရေးအတွက် အင်အားသုံးရှာဖွေသွားရန်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန် ညွှန်ကြားခဲ့ကြောင်း၊ ရေဘေးသင့်ပြည်သူများကိုတွေ့ဆုံစဉ် လက်ဆောင်ပစ္စည်းများကိုလည်း ပေးအပ်ခဲ့ကာ လူမှုရေးအဖွဲ့အစည်းများကလည်း ရေဘေးသင့်ပြည်သူများကို အစားအသောက်နှင့် အသုံးအဆောင်ပစ္စည်းများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။


**Ref : Vietnam News**
**Trs : Sai Sat**

## ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင်လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကိုလိုက်နာပါ။



၂။ အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ။




၃။ သောက်သုံးရေသန့်(သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ။



၄။ အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်၊ခြံ အတွင်း၌ ရှိ ၊မရှိ စစ်ဆေးပါ။



## မြေပြိုခြင်းအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။မိမိပတ်ဝန်းကျင်ရှိဆင်ခြေလျှောများ၊ ချောင်းစပ်ရေစပ်များတွင် မြေဆီလွှာထိန်းသိမ်းကာကွယ်ရန် သစ်ပင်များစိုက်ပျိုးပါ



၂။ မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်းမှုများတွင် မိမိတတ်စွမ်းသရွေ့ပါဝင်ပါ။



၃။ ရွှေ့ပြောင်းတောင်ယာစနစ်အစား လှေကားထစ်စိုက်ပျိုးရေးစနစ်ကိုကျင့်သုံးပါ။



၄။ သစ်တောထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အစိုးရ ရပ်ရွာလူမှုအဖွဲ့အစည်းများနှင့်အတူပူးပေါင်းဆောင်ရွက်ပါ။



0w Kw d @

# လှောင်အိမ်ထဲက ချိုးငှက်များ

ငြိမ်းချမ်းအောင်(နတ်တလင်း)



(၁)

ချိုးဆွဲပိုက်ကွန်ကိုဖြန့်ခင်း၍ တည်ချိုးလေးကို နေရာကျအောင် ငုတ်ရိုက်ကြိုးချည်ကာ ကိုလှမောင် သစ်ကိုင်းများဖြင့်ပြုလုပ်ထားသော ပုံးအိမ်လေးရှိရာသို့ ပြန်လာခဲ့သည်။ မျက်စိကို အပ်ဖြင့်ဖောက်၍ ကြိုးချည်ပိတ်ထားသော တည်ချိုးလေးဆီမှ တောင်ပံတဖျပ်ဖျပ်ခတ်သံကြားတိုင်း အခြားချိုးများ အများကြီးရောက်လာပါစေဟုလည်း ကိုလှမောင်ဆုတောင်းနေ၏။ တည်ချိုးဆိုသည်မှာလည်း မျက်စိကိုပိတ်မထား၍မဖြစ်ပေ။ မျက်စိပိတ်ထားမှသာ တည်ချိုးက အငြိမ်မနေဘဲ ဟိုစမ်းသည်စမ်းနှင့် လှုပ်ရှားနေမည်ဖြစ်၏။ ထိုသို့လှုပ်ရှားနေသော တည်ချိုးကိုမြင်၍ အခြားချိုးများက အစာကောက်နေသည်ထင်ပြီး ဝိုင်းအုံလာမည်ဖြစ်လေသည်။ ထိုသို့ဝိုင်းအုံလာပြီဆိုလျှင် ပုံးအိမ်ထဲမှ ပိုက်ကွန်ကြိုးကို အသာလေးဆွဲလိုက်ရုံပင်။ အခြားအလုပ်များကဲ့သို့မဟုတ်သောကြောင့် စိတ်ရှည်ရှည်ထားပြီး ချိုးများအလာကိုစောင့်ရင်း ကိုလှမောင်တစ်ယောက် အိတ်ကပ်ထဲက ပါလာသောဆေးလိပ်လေးကို မီးညှိဖွာရှိုက်နေခဲ့သည်။ ယခင်ကဆိုလျှင် ကိုလှမောင် ချိုးဆွဲသွားပြီဆိုပါက ရွာထဲကလူတစ်ယောက်ကို နေ့စားခပေး၍ အဖော်ခေါ်လေ၏။ ချိုးဆွဲသွားရာမှာလည်း နေရာဝေးလျှင် အဖော်မပါ၍ကလည်းမဖြစ်ပေ။ ချိုးဆွဲပိုက်နှင့် လှောင်အိမ်ကို သယ်ရသည်မှာ တစ်ယောက်တည်းဆိုတော့ အသွားတွင် သယ်ရသည်က အကြောင်းမဟုတ်သော်လည်း အပြန်ဆိုဖမ်းမိသည့်ချိုးက များလျှင်များသလို လှောင်အိမ်အသယ်ခက်သောကြောင့်ဖြစ်လေ၏။ ယခု ချိုးဆွဲရန် ကိုလှမောင်ရောက်နေသော နေရာကလည်း ရွာနှင့်သိပ်မဝေးသောကြောင့် အဖော်မခေါ်တော့ဘဲ တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်လေသည်။

(၂)

ချိုးဆွဲသည့်အလုပ်က အကုသိုလ်များမှန်း ကိုလှမောင်သိသော်လည်း သက်သက်သာသာနှင့်ပိုက်ဆံရသောကြောင့် ချိုးဆွဲသည့်အလုပ်ကို ကိုလှမောင် မစွန့်လွှတ်နိုင်ခဲ့ပေ။ ပိုက်ကွန်ဖြင့် ထောင်ချောက်ဆင်၍ ဖမ်းရသည်မှန်သော်လည်း ချိုးထောင်သည်ဟု မခေါ်ဘဲ တောဓလေ့အတိုင်း ချိုးဆွဲသည်ဟုသာ ခေါ်ကြလေသည်။ ကိုလှမောင် ချိုးဆွဲသည့်အလုပ်လုပ်နေသည်ကို မိန်းမဖြစ်သူ မအေးနွယ်ကမကြိုက်။ မလုပ်စေချင်၍ အတန်တန်တားသော်လည်းမရပေ။ သည်အကြောင်းနှင့်ပတ်သက်၍ လင်မယားချင်း မကြာခဏစကားများဖူးပါ၏။ သို့သော် ကိုလှမောင်က လုပ်မြဲသာ။ ရွာတွင် လယ်ပိုင်ယာပိုင်ရှိသောကြောင့် အိမ်အတွက်က ဘာမျှပူပင်စရာမရှိခဲ့။ အိမ်အလုပ်လယ်အလုပ်တွင်လည်း ကိုလှမောင်က မလစ်ဟင်းရအောင် လုပ်နေမှန်းကို မအေးနွယ်သိပါ၏။ အခြားအရာများနှင့်ယှဉ်လျှင် အပြစ်ပြောစရာဟူ၍ ချိုးဆွဲသည့်အလုပ်တစ်ခုသာရှိလေသည်။

"ငါ ပြန်ရောက်ပြီ အေးနွယ်ရေ။ ဒီနေ့ ချိုးသိပ်မရဘူးဟ"ဟုပြောရင်း ကိုလှမောင် ချိုးထည့်ထားသော လှောင်အိမ်လေးကို မအေးနွယ်မြင်အောင် မြှောက်ပြလိုက်လေသည်။

"ဘယ်ရမလဲ ချိုးတွေမလာပါစေနဲ့လို့ ကျွန်မဆုတောင်းနေတာ၊ အခု ရှင်ဖမ်းမိတဲ့ချိုးတွေက ကံဆိုးလို့ဖမ်းမိတာ သိလား"ဟု မိန်းမဖြစ်သူ မအေးနွယ်၏ ငေါ့တော့တော့စကားကို ကိုလှမောင် ကြားလိုက်သော်လည်း ပြုံးရင်းသာ ဘာမျှပြန်မပြောတော့ဘဲ ချိုးလှောင်အိမ်လေးကို အိမ်အနောက်ဘက်ယူသွားတော့သည်။ ကိုလှမောင် ဖမ်းမိခဲ့သောချိုးများက မရောင်းရသေးလည်းကိစ္စမရှိ။ အစာကျွေးပြီး လှောင်အိမ်ထဲထည့်ထားလိုက်ရုံပင်။ အမှန်တိုင်းဆိုလျှင် သည်ချိုးများကို ကိုလှမောင် ရွာထဲကလူများကိုမရောင်းချင်။ တစ်ကောင်တလေမှာပြီး အမွှေးပါနုတ်ပေးရသောကြောင့် အလုပ်ရှုပ်၍ဖြစ်လေသည်။ ထို့ကြောင့် ဖမ်းမိသည့် ချိုးများ အကောင်ရေများပြီဆိုလျှင် မြို့သွားပြီး ချိုးဝယ်သူထံ ဖောက်သည်ဈေးဖြင့် ပေးလိုက်ရုံသာ။ အလုပ်မရှုပ်သည့်အပြင် တစ်ခါတည်း ပိုက်ဆံများများလည်း ရသောကြောင့် ကိုလှမောင် ပင်ပန်းရကျိုးနပ်လေ၏။ ယခုလည်း ဖမ်းမိလာသောချိုးများကို လှောင်အိမ်ထဲထည့်၍ အကောင်ရေတွက်ကြည့်ရင်း ကိုလှမောင် ဝမ်းသာပီတိဖြစ်နေခဲ့သည်။ လှောင်အိမ်ထဲရှိ ချိုးများကလည်း ကိုလှမောင်လာကြည့်ချိန်ဆို မပျံနိုင်သော်လည်း လှုပ်လှုပ်ရွရွဖြစ်နေကြ၏။ သည်လိုချိုးများ လှုပ်လှုပ်ရွရွဖြစ်နေသည်ကိုကြည့်၍ ကိုလှမောင် သဘောကျမဆုံးပေ။ ထို့ကြောင့် အနားကဇလုံထဲတွင် ထည့်ထားသော စပါးစေ့များကို လှောင်အိမ်အတွင်းသို့ ပစ်ချပေးလိုက်လေသည်။

(၃)

"ကိုလှမောင် ခင်ဗျား ချိုးဆွဲနေတာကြာပြီဆိုတော့ ချိုးအဖြူရောင်ရော ဖမ်းမမိဘူးလား"

တစ်ရွာတည်းသားချင်းဖြစ်သူ ဌေးလွင်၏စကားကြောင့် ကိုလှမောင် စဉ်းစားရကျပ်သွားလေသည်။ ဖမ်းခဲ့ဖူးသည့်ချိုးများက အများကြီးဖြစ်၍ အဖြူပါလား၊ မပါလားဆိုသည်ကို ကိုလှမောင်မသိတော့။ ထို့ကြောင့်-

"မမှတ်မိတော့ပါဘူး ကိုဌေးလွင်ရာ ကျွန်တော် ဖမ်းမိတဲ့ချိုးတွေက ဒီနေ့ဖမ်း မနက်ဖြန်ရောင်းဆိုတော့ သတိမထားမိဘူး။ နေပါအုံး ခင်ဗျားက ချိုးအဖြူရောင်ကို မေးနေတာ ဘာဖြစ်လို့တုန်းဗျ"ဟု ကိုလှမောင်က မေးလိုက်သည်။

ထိုအခါ ကိုဌေးလွင်က ရယ်ကျဲကျဲဖြင့်-

"ဘာရယ်လို့မဟုတ်ပါဘူးဗျာ။ ကျွန်တော့်အသိတစ်ယောက်က ချိုးအဖြူရရင်လိုချင်တယ်ပြောလို့ပါ။ ရတဲ့နေ့ပြောဗျာ ခင်ဗျားဆီက ဈေးကောင်းပေးဝယ်မှာ"

ကိုဌေးလွင်၏စကားကြောင့် ကိုလှမောင် တစ်ယောက်ခဏမျှ ငြိမ်သက်သွားလေသည်။ ချိုးအဖြူဆွတ်ဆွတ်ဟူ၍ ဖမ်းမိရန်လည်းမလွယ်လှ။ ကိုလှမောင် ဖမ်းမိဖူးသည့်ငှက်အများစုက ချိုးလည်ပြောက်များသာများလေသည်။

"အေးဗျာ ချိုးဖြူရတဲ့နေ့ကျပြောမယ်"

"ဒါနဲ့ပြောရအုံးမယ် ကိုလှမောင်ရေ။ ကျွန်တော် ကြက်တူရွေးလေးတစ်ကောင် ဝယ်မွေးမိတာ အိမ်က မိန်းမနဲ့ ရန်ဖြစ်ရသေးတယ်။ ခင်ဗျားလိုသာ နေ့တိုင်း ချိုးဖမ်းနေမယ်ဆို ရန်ဖြစ်လို့ဆုံးမှာမဟုတ်တော့ဘူး။ ဒါကြောင့် ကျွန်တော် ဆက်မမွေးတော့ဘဲ ပျံလိုရာပျံဖို့ လွှတ်ပေးလိုက်တယ်ဗျာ။ အဲဒီနေ့ကတည်းကစလို့ လင်မယားချင်း ရန်မဖြစ်တော့ဘူး"

ပြန်ခါနီးမှ ပြောသွားသော ကိုဌေးလွင်၏စကားကို ကိုလှမောင်ကြားသော်လည်း ဘာပြန်ပြောရမှန်းမသိ၍ ငြိမ်နေလိုက်ရသည်။ ကိုဌေးလွင် ပြောသွားသည့် မိန်းမနှင့် ရန်ဖြစ်ရသေးသည်ဆိုသောစကားကို ပြန်တွေးရင်း ကိုလှမောင်ပြုံးလိုက်မိ၏။ ကိုလှမောင် ချိုးစဆွဲသည့် အချိန်ကဆိုလျှင် နေ့တိုင်းလိုလို မိန်းမဖြစ်သူ မအေးနွယ်၏ ဆူညံပူညံစကားများကို ကြားမဆုံး။ ထို့ကြောင့် သည်လိုစကားသံများမကြားရအောင် အိမ်အလုပ်များပြီးလျှင် ကိုလှမောင် တစ်ယောက် ချိုးဆွဲထွက်ရန်သာ ပြင်လေတော့သည်။ ယခုနောက်ပိုင်းတွင် မအေးနွယ်လည်း ဘာမျှသိပ်မပြောတော့ပေ။ တစ်နေ့ အမြင်မှန်ရပြီး ကိုလှမောင် တစ်ယောက် ချိုးဆွဲသောအလုပ်ကိုစွန့်လွှတ်လိုက်မည့်နေ့ကိုသာ စောင့်မျှော်နေခဲ့သည်မဟုတ်လား။

(၄)

အကောင် ၂၀ ကျော်ထည့်ထားသော ချိုးလှောင်အိမ်လေးကိုကြည့်ရင်း ကိုလှမောင်တစ်ယောက် ဆုံးဖြတ်ရခက်နေသည်။ သည်လှောင်အိမ်ထဲက ချိုးများကြောင့်လည်း မိန်းမဖြစ်သူ မအေးနွယ်နှင့် မကြာခဏ စကားများရန်ဖြစ်ခဲ့ရသည်မဟုတ်လား။ ယခုနောက်ပိုင်း လင်မယားချင်းစကားများလျှင် မအေးနွယ်က ရက်အတော်ကြာသည်ထိ စကားမပြောတော့သည်ကို ကိုလှမောင် သတိထားမိလေသည်။ ထို့ကြောင့် သည်လှောင်အိမ်ထဲက ချိုးများကြောင့်လားဟု ကိုလှမောင်စိတ်ထဲအတွေးဝင်လာခဲ့၏။ ကိုလှမောင် ဖမ်းမိသည့်ချိုးများကလည်း ဝယ်သူမရှိသေးဘူးဆိုလျှင် လှောင်အိမ်ထဲထည့်ပြီး အစာကျွေးထားရုံပင်။ သို့သော် ငှက်တို့၏သဘာဝအတိုင်း လွတ်လွတ်လပ်လပ်နေခွင့်မရတော့ အစာများပုံနေအောင် ထည့်ပေးထားသော်လည်း သိပ်မစားခဲ့။ သည်လှောင်အိမ်ထဲကချိုးများအတွက် ကိုလှမောင် မိန်းမဖြစ်သူ မအေးနွယ်နှင့် နောက်ထပ် စကားမများချင်တော့ပေ။ ထို့ကြောင့် ကိုဌေးလွင်လို လုပ်ရမည်ဟုတွေး၍ ဆုံးဖြတ်ချက်တစ်ခု ပိုင်နိုင်စွာချရင်း မအေးနွယ်ကို လှမ်းခေါ်လိုက်သည်။

"အေးနွယ်ရေ နင်အလုပ်အားရင် အိမ်အနောက်ဘက် ခဏလာခဲ့အုံး"

ယောကျ်ားဖြစ်သူ ကိုလှမောင်၏စကားသံကြောင့် မအေးနွယ် မီးဖိုချောင်ထဲက လုပ်စရာရှိသည်များကို ထားခဲ့၍ အိမ်အနောက်ဘက် ထွက်လာခဲ့သည်။ ကိုလှမောင် ချိုးဆွဲပိုက်များနှင့် ချိုးများလှောင်ထားရာ အိမ်အနောက်ဘက်ကို မအေးနွယ် ဘယ်သောအခါမျှ သွားမကြည့်ဖြစ်ခဲ့။ ယခု ကိုလှမောင်ခေါ်နေသောကြောင့်သာ ရောက်လာခဲ့ခြင်းဖြစ်သည်။

"ဘာလုပ်ဖို့ခေါ်တာလဲ ကိုလှမောင်။ ကျွန်မ ဟင်းအိုးတည်ထားရင်းတန်းလန်းကြီးနဲ့"ဟု မအေးနွယ်က ပြောလိုက်သည်။ ထိုအခါ ကိုလှမောင်က ပြုံးစိစိနှင့်-

"နင်စိတ်ချမ်းသာဖို့ လုပ်ပေးမလို့ပါ။ ဒီမှာကြည့်နေ"ဟု ကိုလှမောင်ပြောရင်းမှ ချိုးလှောင်အိမ်တံခါးကို အလျင်အမြန်ဆွဲဖွင့်လိုက်သည်။ လှောင်အိမ်တံခါးဖွင့်လိုက်သည်နှင့် လေထဲတစ်ဟုန်ထိုးပျံတက်သွားသော ချိုးငှက်လေးများကိုကြည့်၍ ကိုလှမောင် ပျော်ရွှင်နေခဲ့သည်။ ယခင်ချိုးဆွဲချိန်ကဆိုလျှင် ပျံလာသော ချိုးများကိုမြင်သည်နှင့် ဖမ်းမိပါစေဆိုသော စိတ်တစ်ခုတည်းဖြင့် စောင့်ကြည့်နေခဲ့သည်မဟုတ်လား။ ယခုဖမ်းမိထားသောချိုးများကို လှောင်အိမ်အတွင်းမှ ကိုလှမောင်ပြန်လွှတ်ပေးလိုက်ချိန်တွင် ယခင်ကနှင့်မတူသော ခံစားချက်လေးဖြစ်ပေါ်လာခဲ့သည်။ လှောင်အိမ်အတွင်းမှ လွတ်မြောက်သွားသော ချိုးလေးများကလည်း အဝေးဆီတန်းမပျံသေးဘဲ အနားရှိသစ်ပင်ကိုင်းဖျားထက်တွင် နားခိုရင်း ကူသံပေး၍ လွတ်မြောက်မှုခံစားချက်ကို ပျော်ရွှင်စွာ သရုပ်ဖော်နေကြသည်။ သစ်ပင်ကိုင်းဖျားထက်ဆီက ငှက်ကလေးများကို ဝမ်းသာကြည်နူးစိတ်ဖြင့် ငေးကြည့်ရင်း ဘေးကင်းရာအရပ်ဆီ လွတ်လပ်စွာပျံပါတော့ ငှက်ကလေးတို့ရေဟုဆိုလိုက်သော ကိုလှမောင်၏ ရင်တွင်းက ဆုတောင်းစကားသံကို မအေးနွယ် တစ်ယောက်မကြားနိုင်ခဲ့ပေ။ မထင်မှတ်ပဲ ယောကျ်ားဖြစ်သူ ကိုလှမောင်၏လုပ်ရပ်ကြောင့် မအေးနွယ် တစ်ယောက် လေထဲပျံတက်သွားသော ချိုးငှက်လေးများကို ဝမ်းသာကြည်နူးစိတ်ဖြင့် ငေးကြည့်နေခဲ့၏။

"ငါ ဒီနေ့ကစပြီး ချိုးမဆွဲတော့ဘူး အေးနွယ်ရေ။ ဒီချိုးငှက်လေးတွေ ငါဖမ်းနေသမျှ နင်နဲ့ ရန်ဖြစ်နေရအုံးမှာပဲ။ ဒါကြောင့် နောက်ထပ်ရန်မဖြစ်ရအောင် လှောင်အိမ်ထဲက ချိုးတွေအကုန် ငါလွှတ်ပေးလိုက်ပြီ" ဟု ကိုလှမောင်ပြောရင်း လက်ထဲကငှက်လှောင်အိမ်ကို အဝေးဆီသို့လွှင့်ပစ်လိုက်လေသည်။

ငှက်လောင်အိမ်လေး အဝေးသို့ မလှမပလွင့်စဉ်သွားသော်လည်း ကိုလှမောင်နှင့် မအေးနွယ်တို့၏ တစ်ဦးအပေါ်တစ်ဦး နားလည်ပေးမှု၊ ကြင်နာမှု၊ ချစ်မေတ္တာတရားတို့မှာ ပို၍နီးနီးကပ်ကပ်ရှိနေကြတော့မည်ကိုတော့ လွတ်မြောက်သွားသော ချိုးငှက်ကလေးများပင် အသေအချာသိနေမည်ပင်ဖြစ်ပါသည်။

# ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၀၄၁၆၉ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က ပြောင်းစိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၀၄၁၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးအောင်က ပြောပြ၍ သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း ၁၅၂၂၇၈ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၄၁၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ကန့်ဘလူခရိုင်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ဧက ၁၅၀၀၀၀ ကျော် လျာထား စိုက်ပျိုးနေပြီး ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံစိုက်ပျိုးမှုက တစ်နှစ်နဲ့တစ်နှစ် တိုးစိုက်လာကြပါတယ်။ ဈေးကွက်အနေနဲ့ အသင့်အတင့်ရှိတာကြောင့် တောင်သူတွေအတွက် ပိုပြီးတွက်ခြေကိုက်တော့ စိုက်လာတဲ့သဘောပါ။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးတာတွေ၊ ပိုးမွှားရောဂါကျရောက်မှုမရှိအောင် အသိပညာပေးတာတွေ ဆောင်ရွက်နေပါတယ်"ဟု ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးအောင်က ပြောပြသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၈၈၄၉၉ ဧက၊ ဖူးစားပြောင်း ၆၇၅ ဧကနှင့် ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၉၉၅ ဧက စုစုပေါင်း ၁၀၄၁၆၉ ဧက ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စိုက်ပျိုးရန် လျာထားမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၃၆၆၂၄ ဧက၊ ဖူးစားပြောင်း ၆၈၁ ဧက၊ ကျွန်းလှမြို့နယ်တွင် အစေ့ထုတ်ပြောင်း ၁၄၉၇၃ ဧက စုစုပေါင်း ၁၅၂၂၇၈ ဧကဖြစ်ကြောင်း သိရသည်။ (၂၀၆)

# ဘိုကလေးမြို့နယ်တွင် မျှော့တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀၀ ထိ ဈေးကောင်းရရှိနေ

**ဘိုကလေး စက်တင်ဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင် မျှော့ တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း ဘိုကလေးမြို့နယ်မှ မျှော့ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်စန်းစန်းဌေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လက မျှော့တစ်ပိဿာလျှင် ငွေကျပ် ၅၅၀၀၀ ထိသာဈေးရှိခဲ့ပြီး စက်တင်ဘာလ ပထမပတ်မှ ယနေ့ထိ မျှော့တစ်ပိဿာလျှင် ငွေကျပ် ၆၇၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း၊ အဆိုပါမျှော့များကို ပြည်ပဈေးကွက် တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ်တွင် မျှော့ဝယ်ယူမှုအားကောင်းနေသည့်အပြင် ဈေးကောင်းလည်း ရရှိနေကြောင်း သိရသည်။

"ပြည်တွင်းက ထွက်ကုန်ဖြစ်တဲ့ မျှော့ရဲ့အဓိကဈေးကွက်က တရုတ်ဈေးကွက်ပါ။ အခု ဈေးကောင်းရနေတယ်။ မျှော့တွေကို တရုတ်နိုင်ငံအပြင် ထိုင်းနိုင်ငံကလဲ ဝယ်ပါတယ်။ တရုတ်က အကောင်ကြီးကော အကောင်သေးပါ ဝယ်ပါတယ်။ တရုတ်က အဝယ်ကုန်သည်တွေနဲ့ချိတ်ဆက်ပြီး ကတည်းက ပြီးခဲ့တဲ့ ဇွန်လပထမပတ်ကနေစတင် အရောင်းအဝယ်လုပ်နေတာပါ။ နယ်စပ်က ကုန်သည်တွေက မျှော့တွေကို ရသလောက်ပြန်ဝယ်ဖို့ ကမ်းလှမ်းလာတာတွေ့ရပါတယ်။ အခု မိုးဦးကာလဆိုပေမဲ့ မျှော့က အထွက်နည်းနေပါတယ်။ မျှော့တွေရှားပါးလာတာကြောင့် ဈေးကောင်းရပြီး အရောင်းအဝယ်ကောင်းနေပါတယ်"ဟု ဘိုကလေးမြို့နယ်မှ မျှော့ရောင်းဝယ်ရေးပိုင်ရှင် ဒေါ်စန်းစန်းဌေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**တောင်တွင်းကြီး စက်တင်ဘာ ၂၃**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက်တက်ကျေးရွာအုပ်စု လက်တက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွှန်းလျှန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးခုတ်မွှန်းလျှန်က ကျေးရွာသောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့် တင်ဒါအောင်မြင်သည့် ရွှေပန်းအောင်ကုမ္ပဏီမှ တာဝန်ရှိသူများကို သတ်မှတ်ကာလအတွင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

တောင်တွင်းကြီးမြို့နယ် လက်တက်ကျေးရွာအုပ်စု လက်တက်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၃ ဒသမ ၃၃ သန်းဖြင့် ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ သုံးလက်မ PVC ပိုက် အရှည်ပေ ၁၀၀၀၊ နှစ်လက်မ PVC ပိုက် အရှည် ပေ ၃၀၀၀ နှင့်တစ်လက်မခွဲ PVC ပိုက်အရှည်ပေ ၁၇၀၀ အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း၊ အလျား ငါးပေ၊ အနံ ငါးပေ၊ အမြင့် ခုနစ်ပေရှိ ရေစက်ရုံတည်ဆောက်ခြင်း လုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့်တင်ဒါအောင်မြင်သည့် ရွှေပန်းအောင်ကုမ္ပဏီတို့ပူးပေါင်း၍ ယခုနှစ် ဩဂုတ်လ တတိယပတ်မှ တာဝန်ယူ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၆၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ကျေးရွာရှိ အိမ်ခြေ ၃၂၂ အိမ်၊ လူဦးရေ ၁၂၄၂ ဦးတို့အတွက် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွှန်းလျှန်ထံမှ သိရသည်။

**နွဲ့ယဉ်**

## ထာဝရစေတနာ

\- စိတ်အပို အလိုလိုက်လျှင်ဖြင့်
နဂိုစရိုက်တွေ ပျောက်ပျက်ဖွယ်၊
ထုံးအယဉ် တမင်မဖျက်ပါနဲ့
အရှုံးတွင် မထင်ရစ်စေဖို့
သတိဖြစ်ကွယ်၊
အသက်ကလေး ပျိုမျစ်ရွယ်
ပိုချစ်စဖွယ် စကောစက၊
ဘယ်အရာ မညစ်ထည်း
ဖြူဖွေးလှပ။

\- ပျက်အစဉ် ပြင်ခဏ
ထာဝရ ပြုံးနိုင်စေ၊
သွန်သင်ရာ နာခံတတ်မှ
မြတ်စာဂဝေ၊
အဖြူအမည်း ဒွန်တွဲပေ
လွန်ဆွဲနေ လူငယ်များ၊
လမ်းမမှန် အကွေ့အကောက်
စိတ်မှောက်မိမှား။

\- အချိန်တွေ မရပ်နား
တားထားလို့ မရပေ၊
စက္ကန့်သံ အသက်ရှိ
ရပ်ကြည့်မနေ၊
အမှောင်လွှမ်းတော့ ပန်းမဝေ
စခန်းနွေ ရေမအေး၊
မိဘဆရာ
ဦးထိပ်မှာ ပန်ဆင်ရင်ဖြင့်
ပညာသင် လမ်းတစ်လျှောက်
နွမ်းမခြောက်မွေး။ ။

**ညိုဆွေဝင်း(YNT)**

# ကျောက်မဲမြို့နယ် ပန်ပေါင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်မဲ စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်ပေါင်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ နဝမအကြိမ် ထုတ်ချေးခြင်းကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးဆမ်သိန်းက ပန်ပေါင်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်း ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၀၅ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပန်ပေါင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သည့် အသင်းသား၊ အသင်းသူ ၈၉ ဦးကို ရန်ပုံငွေကျပ် ၆၀၅ သိန်းထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုမြင့်**

# မြန်မာဇာတ်ကြီး

ကိုဇော်ဌေး(ယဉ်ကျေးမှု)

၂၀၁၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်သဘင်ဘာသာရပ်ပြိုင်ပွဲတွင် ဇာတ်ကြီးဆယ်ဘွဲ့လာ မဟော်သဓာဇာတ်တော်ကို ပြဋ္ဌာန်းပေးထားသည်။ ဆိုငိုပြောပညာရပ်များဖြင့် မွန်းထုံထားသော ထိုတင်ဆက်ကပြမှုကို မြန်မာဇာတ်ကြီးဟုခေါ်ကြသည်။


ဇာတ်ကြီးနှင့်ပတ်သက်၍ ဆရာဦးသော်ဇင်က "ဇာတကသဒ္ဒါ၏အနက်အရင်းမှာ မွေးဖွားခြင်း၊ ဖြစ်ပေါ်ခြင်းပင်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားအဖြစ်သို့မရောက်မီ အလောင်းတော်ဘဝက ဖြစ်ပျက်ခဲ့သောအတ္ထုပ္ပတ္တိများပင်ဖြစ်သည်"ဟု ဖော်ပြခဲ့သည်။

ဇာတ်ကြီး၏ မူလမြစ်ဖျားခံရာသည် ကျေးလက်ရိုးရာနိပါတ်ခင်း ခေါ် လှည်းဇာတ်ဟုဆိုကြသည်။ ဒေါက်တာတင်အောင်က "မြန်မာဇာတ်ကြီး"ဟူသော ခေါင်းစဉ်ကို အင်္ဂလိပ်ဘာသာဖြင့်ပြုစုသော သုတေသနကျမ်းတွင် အေဒီ ၁၅၃၂ မှ ၁၇၅၂ ကာလအတွင်းတွင် နိပါတ်ခင်းပေါ်ပေါက်ရာကာလဟု မှန်းဆကောက်ချက်ချသည်။ ထိုကာလအတွင်းသည် အမျိုးသားစာပေဖွံ့ဖြိုးမှုရှိခဲ့ရာကာလဖြစ်သည်။ အင်းဝပျက်၍ ဟံသာဝတီတွင် အင်အားလျော့နည်းနေစဉ် တောင်ငူတွင် မင်းကြီးညိုကွယ်လွန်ပြီး သားဖြစ်သူ တပင်ရွှေထီးက မြန်မာနိုင်ငံ တစ်နိုင်ငံလုံးကို စည်းရုံးရန်ကြိုးပမ်းသောအချိန်ဖြစ်သည်။

နိပါတ်ခင်းသည် ရိုးရာအစဉ်အလာယဉ်ကျေးမှုလမ်းကြောင်းပေါ်တွင်သာ အဓိကထားအားပြုသည်။ နောက်ထပ်ဖွံ့ဖြိုးလာသည့်အဆင့်တစ်ခုတွင် အသက်မွေးဝမ်းကျောင်းပညာရှင်များက အစုအဖွဲ့များဖွဲ့၍ လှည့်လည်ကပြကြခြင်းဖြင့် ပို၍ရင့်ကျက်သောဇာတ်ကြီးအဆင့်သို့ တက်လှမ်းနိုင်ခဲ့သည်ဟု ဆိုနိုင်သည်။ နိပါတ်ခင်းသည် ကျေးလက်တောရွာများတွင်ဖြစ်ထွန်းခဲ့သည်ဟုလည်း ဆိုနိုင်သည်။

နိပါတ်ခင်းပုံမှာ ပထမဦးစွာ လှည်းတစ်စီးလျှင် ဇာတ်ဝင်ခန်းတစ်ခန်းကျ ရပ်သေအနေဖြင့် အပျော်တမ်းဇာတ်သရုပ်ဆောင်များက ငြိမ်သက်စွာလိုက်ပါလာကြသည်။ မူလက လှည်းတစ်စီးလျှင် တစ်ဇာတ်ကျ၊ လှည်းအနည်းငယ်သာ ပါဝင်ခဲ့ကြမည်ဖြစ်သော်လည်း နောက်ပိုင်းတွင် လှည်းရော၊ ဇာတ်ကွက်ရော အရေအတွက်အားဖြင့် များပြားပါဝင်လာသည်။ တစ်ဖန် ဇာတ်ကွက်များကိုလည်း နိပါတ်တစ်ခုတည်းမှ ဇာတ်ခန်းများကိုယူခြင်းအားဖြင့် ဇာတ်ထုပ်တစ်ထုပ်လုံးစာကို ကပြပြီးဖြစ်သွားသည်။ ဇာတ်ဝင်အဝတ်အစားများ ပို၍အရောင်အသွေးစုံကာ တင်ဆက်ပုံလည်း စနစ်ကျလာသည်။ ၎င်းကပြမှုအတွက် အဖွဲ့အင်အားလိုလာသည်။ ထို့ကြောင့် ရွာကို အရှေ့ပိုင်း၊ အနောက်ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း ခွဲခြားလိုက်သည်။ မြို့ကြီးများ၊ ရွာကြီးများတွင် ရပ်ကွက်လေးခုခွဲခြားသည်။ တစ်ရပ်ကွက်က တစ်ဖွဲ့စာ တာဝန်ယူရသည်။ ထိုအခါ အကောင်းဆုံးအဖွဲ့ဖြစ်ရန် ရပ်ကွက်ချင်း အပြင်းအထန်ယှဉ်ပြိုင်လာကြသည်။ အများအားဖြင့် ပျော်ပျော်ပါးပါးပြိုင်သည်ရှိသလို တစ်ခါတစ်ရံ ခိုက်ရန်ဖြစ်သည်လည်းရှိသည်။ များစွာသောကပွဲများသည် လွတ်လပ်စွာ အပြိုင်အဆိုင်ပြုသောကာလများဖြစ်သည်။ ၎င်းပြိုင်ဆိုင်မှုက နောက်ပိုင်းကပွဲများကို ဖွံ့ဖြိုးတိုးတက်စေခဲ့သည်။ တစ်ဖက်ကပြိုင်ဘက်များကိုနိုင်ရန် စိတ်ကူးစိတ်သန်းသစ်များဖြင့် အားဖြည့်ကြသည်။ ကပွဲသည် ပြဇာတ်တစ်ခုသို့မဟုတ် ဇာတ်ကြီးတစ်ခုဖြစ်လာကာ ဇာတ်ဝင်ခန်းများလည်း သက်ဝင်လှုပ်လာတော့သည်။ ကပွဲနှင့်အတူ ဘာသာရေးဆိုင်ရာ စီတန်းလှည့်လည်ပွဲကြီးလည်း လမ်းမကြီးများတစ်လျှောက် မရပ်မနားဘဲသွားလာကြသည်။ ဈေးနေရာ၊ ကျေးရွာရပ်ကွက်သူကြီးအိမ်၊ လှည့်လည်ပွဲခရီးဆုံးရာဘုရားဝိုင်းနေရာအသီးသီးတွင် လှည်းများရပ်တန့်ကာ ဇာတ်ကွက်၊ ရုပ်သေများက ရုပ်ရှင်အဖြစ် သက်ဝင်လှုပ်ရှားကပြကြသည်။ ဇာတ်စကားများ၊ အမူအရာများဖြင့် ကပြကြသည်။ ထို့ကြောင့် လှည်းတန်းများရပ်တန့်ကပြသောနေရာများတွင် ကြည့်ရှုသူပရိသတ်များက ဇာတ်ကြီးတစ်ဇာတ်ကြည့်နေရတော့သည်။

နိပါတ်ခင်းသည် အကထက် အပြကို ဦးစားပေးသည်။ အဆို၊ အငို၊ အပြောဟန်ထက် ရုပ်သေပြကွင်း၊ ပြကွက်ဖြင့် ပရိသတ်ကိုဖမ်းစားသည်။ ဇာတ်ခန်းတစ်ခန်းစီ သီးခြားကပြကြသောကြောင့် အခန်းပေါင်းများစွာပါသည့် လှည်းတန်းရှည်ကြီးပင်ဖြစ်တော့သည်။ သို့အတွက် နိပါတ်ခင်းကပြနိုင်ရန် တစ်အိမ်လျှင် လှည်းတစ်စီးတာဝန်ယူ၍ ဝိုင်းဝန်းကူညီကြသည်။ နိပါတ်ခင်းတစ်ခုတွင် လှည်းအစီးပေါင်း ခုနှစ်စီးမှ



အများဆုံး ၁၅ စီးထိ ပါဝင်လေ့ရှိသည်။ အချို့နိပါတ်ခင်းများတွင် လှည်းအစီးရေ ၆၀ မှ ၇၀ ထိ ပါဝင်သည်။ ပြင်ဆင်ရာတွင် ကက်အိမ် (နွားလှည်းတွင်ပစ္စည်းတင်ရန်၊ လူစီးရန်နေရာ)ပေါ်တွင် ငြမ်းထိုးကာ ဖျဉ်စီ၊ ဖျာခင်း၍ ဇာတ်ခန်းအလျောက် မွမ်းမံပြင်ဆင်ကြသည်။ သလွန်၊ ရာဇပလ္လင်၊ တောင်၊ ကျောင်းသင်္ခမ်းစသည်တို့အတွက် သေတ္တာကြီးကြီးတစ်လုံးကို သုံးလေ့ရှိပြီး တောတောင်၊ သစ်ပင်၊ ဥယျာဉ်များအတွက် သစ်ကိုင်းများ၊ နွယ်များကို စိုက်ထောင်ကာသုံးသည်။ နိပါတ်ခင်းပြီးနောက် မြေဝိုင်းဇာတ်ကြီးအဆင့်ပေါ်လာသည်။ မြေဝိုင်းဇာတ်ကြီးကပြနေချိန်တွင် နိပါတ်ခင်းကား ဆက်လက်ဖြစ်တည်ဆဲရှိသည်။ အချို့သောသုတေသီတို့ကလည်း နိပါတ်ခင်းနှင့် မြေဝိုင်းဇာတ်ကြားကာလတွင် ပုံကြီးဇာတ်၊ ပုံရှည်ဇာတ်များရှိခဲ့ကြောင်း ဆိုကြသည်။

မော်ဘီဆရာသိန်း၏ "မြန်မာ့ဇာတ်ပွဲသဘင်နှင့် မြန်မာပြဇာတ်များ"စာအုပ်တွင် ပုံရှည်ဇာတ်အကြောင်းကို အကျယ်တဝင့်ဖော်ပြထားသည်။ ဇာတ်ကြီးပုံသဏ္ဍာန် ပီပီသသပေါ်နေပုံကို ပုံဖော်ရေးသားချက်အရ သိရသည်။

ကပြပုံကို လေ့လာကြည့်ပါက ရှေးဦးစွာ လူနှစ်ယောက်သည် မျက်နှာချင်းဆိုင်ပုံရှည်ကြီးကိုလွယ်လျက်၊ လင်းကွင်းကိုင်သူက ပုံရှည်နှစ်လုံး၏အလယ်ကနေလျက် နှဲမှုတ်သူ တစ်ယောက်၊ ဝါးလက်ခုပ်တီးသူ တစ်ယောက်၊ တစ်ဖက်က မျက်နှာချင်းဆိုင်ထွက်ပြီးလျှင် မီးခွက်ကြီးကို လှည့်ပတ်ဆေးဆိုတီးမှုတ်ကပြလေသည်။ လင်းကွင်းတီးသူမှာ ပုံရှည်မင်းသားဖြစ်လေသည်။ ဝါးလက်ခုပ်ကို ပုံရှည်လူပြက်က တီးသည်။ ကသည့်အစီအစဉ်မှာ နတ်ကတော်က ခုနစ်သံချီကပြီး ဝန်ကြီးများထွက်သည်။ ဝန်ကြီးစကားပြောပြီးလျှင် လူပျိုတော်သား(လူပြက်)နှစ်ယောက် ထွက်သည်။ ပုံထောက်သံသီဆို၍ကခုန်သွားရာ လွှတ်တော်ဝန်ကြီးထံ ရောက်သွားကြသည်။ အမိန့်တော်နာခံ၍ အပျိုတော်များကိုခေါ်၍ ပုံရှည်အကနှင့် နေရာတော်ခင်းစေကာ ရှင်ဘုရင်ထွက်သည်။ ညီလာခံစဲပြီး အတွင်းဆောင်ဝင်သည်။ ဝန်များက သားတော်အပြန်လမ်းတွင် အကြိုတော်ထောက်ဆိုင်ရာ ဝန်ထောက်ကိုဆင့်ကာ တစ်ခန်းရပ်သည်။ မင်းသား၊ မင်းသမီး၊ လူပြက်နှစ်ယောက်တို့က မြိုင်ထစခန်းကပြလေသည်။ ထို့နောက် စခန်းသိမ်းလေသည်။

ထိုပုံရိပ်သည် မြေဝိုင်းဇာတ်သို့ ကူးခဲ့ဟန်ရှိသည်။ ကွင်းကျယ်ကျယ်မြေတလင်းပြောင်ပြောင်တွင် သပြေခက်နှင့် ၁၂ ရာသီပန်းကိုင်းတို့ကိုပူးတွဲလျက် စိုက်ထူကြသည်။ ရင်ခေါင်းခန့်မြင့်သည့်မီးတိုင်များ စိုက်ထူထားသည်။ မီးတိုင်မှာ ဝါးပိုးဝါးတစ်လုံးကို ထိပ်မှခွဲစိတ်ပြီး ရေနံချေးနှင့်ရက်ကန်းစင်မှ ချည်မျှင်အမြိတ်များထည့်၍ အင်တုံတစ်လုံးကို ဝါးဖျားတွင်ညှပ်၍ ထွန်းလေ့ရှိကြသည်။ ကျောဘက်တွင် ခေါင်းတော် (အရုပ်ခေါင်း)များကို တန်းထိုး၍ ချိတ်ဆွဲထားကြသည်။ ဖြီးလိမ်းပြင်ဆင်ရာဝယ် အကာအကွယ်မရှိကြချေ။ မြေတလင်းတွင် ကပြရာမှ ဖျာခင်းကပြသည့်အချိန်သို့ ရောက်လာခဲ့သည်။ ဆိုင်းတစ်ခြမ်း၊ ကြေးဝိုင်းတစ်ခြမ်းမှ ဖန်ကတော့ ဖယောင်းတိုင်ထွန်း၍တီးသည့် ဆိုင်းဝိုင်းကြီးများထိ တိုးတက်လာသည်။

ကပြပုံမှာ ဆိုင်းက ခုနစ်သံချီအကုန်တီးပြီးနောက် နတ်ကတော်(အပျိုတော်)ထွက်သည်။ နောက် ဝန်လေးပါး လွှတ်တော်တက်၊ ညီလာခံဖွင့်ဟန်ပြပြီး တိုင်းရေးပြည်ရာ ဆွေးနွေးကြသည်။ ဝန်ကြီးများနှင့် အပျိုတော်။ လူရွှင်တော် (လက်စွဲတော်၊ လူပြက်)တို့တွေ့ပြီး ရယ်မောဖွယ်ရာပြောကြသည်။ ထို့နောက် ဇာတ်လမ်း၏ တောင်းဆိုမှုအရ၊ ဇာတ်သမားစဉ်ဟုဖြစ်စဉ်များအရ သစ္စာထားနှစ်ပါးသွားကြသည်။ နှစ်ပါးသွားစခန်းချပြီး ပြည်တော်ပြန်ရောက်ကြသည်။ ဇာတ်အသွားအတိုင်း အလွမ်း၊ အဆွေး၊ အပူတိုက်ကြရသည်။ ဇာတ်လမ်း၏ ထွက်ပေါက်အရ သိကြားမင်းဆင်းလာကာ ကယ်တင်သည်။ (မေခလာလည်း ကယ်တင်ကြသည်။) ထွက်ပေါက်အတိုင်းလိုက်ကာ ဇာတ်ပေါင်းကြ၊ ဇာတ်သိမ်းကြသည်။

မြေဝိုင်းဇာတ်သည် ဇာတ်ကြီးအသွင်သို့ ရောက်လာခဲ့သည်။ နိပါတ်ခင်းမှ မြေဝိုင်းဇာတ်၊ ထိုမှ နန်းတွင်းသို့ရောက်ရှိခဲ့သည်။ မြန်မာသက္ကရာဇ် ၉၆၂ တွင် နာခံတော်ပြော့ကြီးမှထုတ်၍ လွှတ်တွင်ပြန်သည့် ညောင်ရမ်းမင်းသမီးတော် ဆံထုံးထုံးနားတွင်းမင်္ဂလာတွင် "သမီးတော်ပန်ထွာမင်းသမီး ဆံထုံးထုံးနားတွင်းမင်္ဂလာဆောင်သည်။ ရွှေတော်ပြေးမှုနှင့် လူဦးရေ ၉၀ မိန်းမစည်း၊ မိန်းမစောင်း၊ မိန်းမညှင်းအစုံ၊ ကိန္နရာဇာတ်၊ မနော်ဇာတ်၊ ဝိဓုရဇာတ်၊ ကုမ္မာဘယဇာတ်၊ အန္တရဒေဝီဇာတ်များကိုလည်း စာရင်းနှင့်တင်၍ အသင့်ရှိစေ"ဟူ၍ ပါရှိသည့် ပြန်တမ်းအရဇာတ်ဟူ၍ သုံးစွဲထားသောကြောင့် ဇာတ်ကြီးသဘင်သည် ထိုကာလကတည်းက နန်းတွင်းသို့ ရောက်ရှိလာခဲ့ပြီဟု ဆိုနိုင်သည်။

၂၀၁၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဇာတ်သဘင်ဘာသာရပ်ပြိုင်ပွဲတွင် မဟော်သဓာမည်သောဇာတ်ကြီးကို ပြိုင်ပွဲအသွင်ယှဉ်ပြိုင်ကြခြင်းမဟုတ်ဘဲ အရိုးအစဉ်ကိုထိန်းသိမ်းသည့်အသွင်ဖြစ်သည်။ ပါဝင်သည့်အခန်းစဉ်များကို လေ့လာကြည့်ခြင်းဖြင့် ဇာတ်ညွှန်းရေးဆရာနှင့် ဇာတ်စင်ဒါရိုက်တာ၏ အနုပညာအရည်အသွေးကို တောင်းဆိုထားမှန်းသိသာသည်။ ဝိဒေဟမင်းကြီးက ဥဒုမ္ဗရဒေဝီအား ကောက်ယူခန်း၊ ဥဒုမ္ဗရဒေဝီက ၎င်းအားစွန့်ပစ်ခဲ့သူကို တွေ့ခန်း၊ မဟော်သဓာအမရာတို့တွေ့ဆုံခန်း၊ မဟော်သဓာနှင့် ကေဝဋ္ဋအမတ်ပညာပြိုင်ခန်း စသည်တို့ကို ကောင်းစွာပြည့်စုံကုံလုံအောင် ရေးသားတင်ဆက်နိုင်ကြမည်ဟုမျှော်လင့်ရသည်။

နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးအနေဖြင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်၊ ထုံးတမ်းစဉ်လာများသည် ဘိုးဘေးတို့ပေးခဲ့သောလက်ဆောင်များပင်ဖြစ်သည်။ ဘိုးဘွားများပေးခဲ့သည့်အမွေတစ်ရပ်ဖြစ်သောမြန်မာဇာတ်ကြီး၏တန်ဖိုးကို မှေးမှိန်ကျဆင်းမသွားစေရန်မှာ အမွေခံလူငယ်များ၏တာဝန်ပင်ဖြစ်သည်။ ယနေ့ခေတ်ကာလဝယ် စီးပွားရေးနှင့် နည်းပညာအသာရနေသည့် နိုင်ငံကြီးများက ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် စီးပွားရေးနှင့် နည်းပညာများ၏အားကိုရယူကာ လွှမ်းမိုးထိုးဖောက်ပြီး ၎င်းတို့အလိုကျ သွတ်သွင်းနေကြချိန်ဖြစ်သည်။ နည်းလမ်းတို့အနက် ယဉ်ကျေးမှုပေါင်းစပ်ခြင်းဖြင့် လူမှုရေးစံနှုန်းများကို မသိမသာဖောက်ဖျက်လျက်ရှိသည်ကို အမျိုးသားရေးသတိ၊ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကာကွယ်သွားရန်လိုအပ်နေချိန်လည်းဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများ ဖြစ်ထွန်းအောင်မြင်နေခြင်းကြောင့်လည်း အမျိုးသားရေးသတိ၊ အမျိုးသားရေးစိတ်ဓာတ်တို့သည် စဉ်ဆက်မပြတ်စီးဆင်းနေနိုင်ခြင်းဖြစ်သည်။ လောက၊ ဓမ္မ၊ ရာဇအယူအဆများဖြင့် ခေတ်ကိုထင်ဟပ်ပြဆိုကာ ဇာတ်သမားလာလျှင် မှတ်သားစရာကျန်ရမည်ဟူသောစကားအတိုင်း မှတ်သားစရာများစွာကို ချန်ထားနိုင်ခဲ့ပေလိမ့်မည်။ ပညာပါရမီကိုအကြောင်းပြု၍ ဓမ္မကြောင်းနွယ်သောဇာတ်စာ၊ ဇာတ်စကား၊ ဇာတ်ချင်းများကို ဇာတ်ကြီးပညာရှင်တို့ပြောဆိုပုံ၊ ရာဇကြောင်းအစဉ်အတိုင်း ရာဇတို့ဟန်ပန်၊ မာန်တို့ကို လက်ာသွားဖြင့် ပြောဆိုပုံတို့ကို သိရှိရမည်ဖြစ်သည်။ လောကအကြောင်းအနေဖြင့် အဖြူနှင့်အမည်း၊ မုန်းသူနှင့်ချစ်သူ၊ သခင်နှင့်ကျွန်၊ အုပ်စိုးသူနှင့် အုပ်စိုးခံတို့၏ ကျင့်ဝတ်နီတိများကိုလည်း နာယူနိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် မြန်မာဇာတ်ကြီး၏ အနှစ်သာရပိုင်းကို ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်ကြမည့် ဇာတ်သဘင်ပြိုင်ပွဲကို အားပေးနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။

**ကိုးကား**

၁။ ပြည်ထောင်စုအကပဒေသာ(ဦးမင်းနိုင်)
၂။ မြန်မာ့ဇာတ်သဘင်သမိုင်း(မောင်သိန်းနိုင်)
၃။ မြန်မာဇာတ်ကြီး(သံလျင်မောင်ဝင်းဝါ)

# ပင်လယ်အုန်းခရုမှရရှိသော တန်ဖိုးကြီးရှားပါးသည့် ခရုအုန်းပုလဲ

နှင်းအိ(ရာမည‌မြေ)

ခရုမျိုးစိတ်များသည် မျိုးပေါင်းစု Mollusca မှ ဆင်းသက်လာကြပြီး ကျောရိုးမဲ့ရေသတ္တဝါအုပ်စုတွင် ပါဝင်ကြသည်။ ခရုအမျိုးမျိုးပါဝင်သော ခရုမျိုးပေါင်းစုကြီးတစ်ခုလုံးကို ပါဏဗေဒအရ Mollusca ဟုခေါ်တွင်၍ ထိုဝေါဟာရမှာ ကိုယ်ခန္ဓာပျော့သော သတ္တဝါမျိုးဟု အဓိပ္ပာယ်ရလေသည်။ ခရုမျိုးပေါင်းစုတွင် ခရုပက်ကျိ၊ ယောက်သွား၊ ကမာနှင့်ပက်ကျိတို့သာမက ကင်းမွန်၊ ပြည်ကြီးငါး၊ ရေဘဝဲ စသော သတ္တဝါများလည်းပါဝင်သည်။ ထိုသတ္တဝါများ၌ များသောအားဖြင့် ကိုယ်ခန္ဓာကို ဖုံးအုပ်ကာကွယ်ထားသော အခွံမာများရှိကြသော်လည်း တချို့တွင်လုံးဝမပါချေ။ တချို့တွင် ပါပြန်ကလည်း သေးငယ်၍သော်လည်းကောင်း၊ ကိုယ်ထဲ၌နစ်မြုပ်၍သော်လည်းကောင်း ရှိတတ်သည်။ ခရုလုံးကဲ့သို့ အခွံတစ်ခုတည်းပါရှိသော ခရုမျိုးဖြစ်က ခွံထီးခရုဟူ၍လည်းကောင်း၊ ယောက်သွားကဲ့သို့ အခွံနှစ်ခြမ်းစပ်ပါရှိက အခွံစုံခရုဟူ၍လည်းကောင်း ခေါ်သည်။ အခွံပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ အခွံဖြစ်ပေါ်ဖန်တီးပေးနိုင်သော အပေါ်ယံအရေခွံတစ်ထပ်ကား အားလုံးမှာပင်ပါရှိကြ၏။ ရေငန်တွင် ခရုမျိုးပေါင်းစုံကိုတွေ့ရ၏။ သို့သော် ရေချိုနှင့်ကုန်းတွင်နေသော ခရုမျိုးလည်းရှိသေးသည်။ ကမ္ဘာအရပ်ရပ်၌ ယခုအခါ ခရုမျိုးပေါင်း ၈၅၀၀၀ ခန့်မျှရှိ၍ ၎င်းတို့ကို အောက်ပါအတိုင်း မျိုးပေါင်း ငါးမျိုး ခွဲခြားထားသည်။

**(၁) ဝမ်းဗိုက်ဖြင့်သွားသောသတ္တဝါ (Gastropoda)**

ဤဝေါဟာရမှာ ဝမ်းဗိုက်ဖြင့်သွားသောသတ္တဝါများဟု အဓိပ္ပာယ်ရ၍ ဤမျိုးပေါင်း၌ ပက်ကျိနှင့်တကွ ရေချို၊ ရေငန်အပြင် ကုန်းတွင်ပါတွေ့ရသော ခရုလုံး၊ ခရုစေတီများပါဝင်သည်။ ကမ္ဘာအရပ်ရပ်တွင် တွေ့ရသော ခရုမျိုးအားလုံးအနက် တစ်ဝက်ကျော်ကျော်သည် ဤမျိုးပေါင်း၌ ပါဝင်သည်။ ၎င်းတို့သည် မိမိတို့၏ဝမ်းဗိုက်အရေပြားကို မြေပေါ်၌တွန့်၍တွန့်၍ တစ်နေရာမှ တစ်နေရာသို့ တွားသွားကြသည်။ ဦးခေါင်းဦးချိုသဏ္ဍာန် ဦးမှင်တစ်စုံပါတတ်သည်။ ထိုဦးမှင်များ၏ထိပ်ဖျား၌ မျက်စိတစ်လုံးစီပါသည်။ အကယ်၍ ဦးမှင်နှစ်စုံရှိပါက နောက်ပိုင်းအစုံတွင် မျက်စိများပါရှိသည်။ ပက်ကျိကဲ့သို့သော အကောင်မျိုးတချို့တွင် အခွံလုံးဝမရှိဘဲ တချို့တွင် အလွန်သေးငယ်သော အခွံကလေးသည် ကိုယ်အတွင်း၌ နစ်မြုပ်နေသည်။ ကျန်အခွံရှိသောအမျိုးတို့တွင် အခွံသည် အခွံထီးဖြစ်၍ ဝက်အူလိမ်အရစ်များဖြင့် ကတော့ပုံများလည်းရှိတတ်သည်။

**(၂) ပါးဟက်အထပ်ထပ်ပါရှိသော ခရု (Lamellibranchia)**

ဤမျိုးပေါင်းတွင် ရှပ်၊ ခုံး၊ ယောက်သွား၊ ကမာ စသော ရေနေအခွံစုံ ခရုအားလုံးပါဝင်သည့်အတွက် သာမန်အားဖြင့် အခွံစုံခရုမျိုးဟုလည်း ခေါ်ကြသည်။ အခွံနှစ်ခြမ်းသည် တစ်နေရာ၌ ပတ္တာဆက်ဆက်နေ၍ ထိုအခွံများကို အလိုရှိသလို ပိတ်နိုင်၊ ဖွင့်နိုင်သည်။ ဤခရုမျိုး၏ ခြေထောက်မှာ ပုဆိန်သွားပုံသဏ္ဍာန်ရှိ၍ တစ်ခါတစ်ရံ ၎င်းတို့ကို ပယ်လီဆိုင်ပေါ့(ပုဆိန်သွားပုံ ခြေထောက်ရှိသတ္တဝါ)ဟုလည်း ခေါ်ကြသည်။ ၎င်းတို့သည် သဲထဲ၊ ရွှံ့ထဲ၌ တွင်းတူးပြီး ခိုအောင်းနိုင်ကြသည်။ Lamellibranchia ဟုခေါ်ခြင်းမှာ ဤခရုမျိုး၏ ပါးဟက်များသည် သစ်ရွက်သဏ္ဍာန်ပြားချပ်၍ အထပ်ထပ်ပါရှိသောကြောင့်ဖြစ်သည်။

**(၃) ဦးခေါင်းတွင် ခြေထောက်ပေါက်သောသတ္တဝါ (Cephalopoda)**

ဤဝေါဟာရမှာ ဦးခေါင်းတွင် ခြေထောက်ပေါက်သော သတ္တဝါမျိုးဟု အဓိပ္ပာယ်ရသည်။ ခရုမျိုးအားလုံးတွင် ဤသတ္တဝါမျိုးသည် ကိုယ်အင်္ဂါအစိတ်အပိုင်းအပြည့်စုံဆုံး၊ အဆင့်အတန်းအမြင့်ဆုံးဖြစ်၍ အသိဉာဏ်အရာ၌ ကျောရိုးရှိတိရစ္ဆာန်များနှင့် အနီးစပ်ဆုံးဖြစ်သည်။ ၎င်းတို့သည် ရေငန်သတ္တဝါများဖြစ်ကြသည်။ ဤခရုမျိုး၏ ဦးခေါင်းတွင် မျက်စိနှစ်လုံးပါရှိ၍ ပါးစပ်ပတ်လည်၌ စုပ်ယူနိုင်သော အင်္ဂါအဖုကလေးများနှင့် ပြည့်စုံနေသည်။ ဦးမှင် ရှစ်ချောင်းသော်လည်းကောင်း၊ ၁၀ ချောင်းသော်လည်းကောင်း ပါရှိသည်။ ပါးစပ်တွင် ကြက်တူရွေးနှုတ်သီးကဲ့သို့ မာကျောသော နှုတ်သီးတစ်မျိုးလည်း ပါရှိတတ်သည်။ ရေဘဝဲ၊ ကင်းမွန်နှင့်ပြည်ကြီးငါးတို့သည် ဤမျိုးပေါင်းတွင် ပါဝင်သည်။ ဤခရုမျိုးတွင် ရန်သူနှင့်တွေ့က အကာအကွယ်အလို့ငှာ ပန်းထုတ်နိုင်သော မင်ရည်အိတ်လည်း ပါရှိတတ်၍ ထွက်ပြေးလိုသောအခါ ထိုအရည်ကိုမှုတ်ထုတ်ပြီး ရေကိုနောက်ကျိစေ၍ တစ်ဟုန်ထိုး နောက်ဆုတ်ပြေးတတ်သည်။ ၎င်းတို့အနက် Nautilus ဟုခေါ်သော လှပသည့်ပင်လယ်ခရုလုံးတစ်မျိုးတည်းတွင်သာ အခွံပါရှိ၍ ကျန်ခရုမျိုးတို့၌ လုံးဝအခွံမပါချေ။ ပါပြန်လျှင်လည်း သေးငယ်၍ ကိုယ်ထဲ၌ နစ်မြုပ်နေသည်။

**(၄) မာသောအခွံရှိသည့်ခရု(Amphineura)**

ဤခရုမျိုးသည် ရေငန်သတ္တဝါသက်သက်ဖြစ်သည်။ မာသောအခွံရှိ၍ Amphineura ဟုခေါ်သည်။ ကိုယ်ထည်မှာ ခပ်ဝိုင်းဝိုင်းပြားပြားဖြစ်၍ ဦးခေါင်းသီးခြားမရှိချေ။ ကိုယ်အပေါ်ပိုင်းတွင်သာ သေးငယ်သောအခွံပါရှိ၍ အခွံမှာပါးလွှာကာ တစ်ခုပေါ်တစ်ခု ထပ်လျက်ရှိတတ်သည်။ ကိုယ်အောက်ပိုင်းတစ်ပိုင်းလုံးမှာ ခြေထောက်သဖွယ်ဖြစ်၍ ဤခြေထောက်ကို တွားသွားရန်နှင့် ကျောက်တွင် ကပ်တွယ်နေရန် အသုံးပြုသည်။

**(၅) ဆင်စွယ်နှင့် ပုံသဏ္ဍာန်တူသည့် အခွံပါသောခရု(Scaphopoda)**

ဤခရုမျိုး၌ ဆင်စွယ်နှင့် ပုံသဏ္ဍာန်တူသော အခွံရှိ၍ Scaphopoda ဟုခေါ်သည်။ ဤမျိုးပေါင်းတွင် အမျိုးအနည်းငယ်သာပါ၍ အထက်တွင်ဖော်ပြခဲ့သော မျိုးပေါင်းများကဲ့သို့ မထင်ရှားချေ။ ၎င်းတို့သည် သေးငယ်သော ရေသတ္တဝါများဖြစ်ကြ၏။ ၎င်းတို့၏အခွံမှာ တစ်ဖက်သို့ချွန်းသွားသောပြွန်ကောက်ကလေးသဖွယ်ဖြစ်၍ ထိပ်နှစ်ဖက်စလုံး၌ အပိတ်မရှိဘဲ ပွင့်နေသည်။ ခရုဆင်နှာမောင်းဟုခေါ်သော ခရုမျိုးသည် ဤမျိုးပေါင်းတွင်ပါဝင်သည်။ ခရုမျိုးဝင်သတ္တဝါတို့၏အရွယ်မှာ အစားစားရှိသည်။ အလွန်သေးငယ်သော အကောင်များလည်းရှိ၍ ပြည်ကြီးငါးအကြီးစားများမှာ အလျားပေ ၃၀ ကျော်ထိရှိသဖြင့် ကျောရိုးမဲ့သတ္တဝါထဲ၌ အရှည်လျားဆုံးပင်ဖြစ်သည်။ ကမ္ဘာတွင် ခရုများပေါ်စက ၎င်းတို့အားလုံးသည် ပင်လယ်၌သာ ကျက်စားခဲ့ကြကြောင်းကို တူးဖော်ရရှိသော ရှေးဖြစ်ကျောက်ဖြစ်ရုပ်ကြွင်းများမှ လေ့လာသိရှိရပေသည်။ ထို့နောက် ရေချိုတွင် တချို့ကျက်စားလာကြ၍ နောင်သော် ကုန်းပေါ်တွင်ပါ ကျက်စားလာကြသည်။ ယခုအခါ ပါဏဗေဒအလိုအရ Gastropoda ခရုမျိုးတို့သည် ကုန်းသတ္တဝါအပေါင်းတွင် အမျိုးများပြားသော မျိုးပေါင်းတစ်ခုဖြစ်နေကြောင်း သိရသည်။ အဆိုပါမျိုးပေါင်း ငါးခုတွင် ခရုအုန်း ခေါ် အုန်းခရုသည် နံပါတ် (၁) ဝမ်းဗိုက်ဖြင့်သွားသော သတ္တဝါ(Gastropoda)တွင် ပါဝင်သည်။

**ခရုအုန်းပုလဲ ခေါ် မီလိုပုလဲ**

ကမ္ဘာတစ်ဝန်းလုံးတွင် ခရုမျိုးစိတ်ပေါင်း ၈၅၀၀၀ ခန့်ရှိကြပြီး ကုန်းခရု၊ ပင်လယ်ခရု၊ ရေချိုခရုဟူ၍ ရှိကြသည်။ အဆိုပါခရုများတွင် အုန်းခရုသည် ပင်လယ်ခရုအမျိုးအစား တွင်ပါဝင်ပြီး ဖြည်းညင်းစွာ ဝမ်းဗိုက်ဖြင့်တွားသွားကြပြီး အပြင်ဘက်တွင် အခွံမာကို မြင်နိုင်ကြသည်။ အုန်းခရုအပါအဝင် ပင်လယ်ခရုများသည် ပုံမှန်အားဖြင့် သက်တမ်း ငါးနှစ်ခန့် အသက်ရှည်ကြပြီး အသက်အရှည်ဆုံးမှာ ၂၅ နှစ်ခန့်ရှိကြသည်။ အဆိုပါ ပင်လယ်ခရုအမျိုးအစား အုန်းခရုများ



အုန်းခရုမှရရှိသော ခရုအုန်းပုလဲကို တွေ့ရစဉ်။

သည် အတွင်းပိုင်းတွင် ပျော့ပျောင်းသောခန္ဓာကိုယ်ရှိကြပြီး အပြင်ဘက်တွင် အခွံမာဖြင့် ကာကွယ်ဖုံးအုပ်ထားကြသည်။ အခွံအများစုမှာ ခရုပတ်ပုံစံအကွေးလေးများ ပါရှိကြသဖြင့် အမြင်တစ်မျိုးလှပကြသည်။ ပင်လယ်ခရုများတွင် သွားများမပါရှိကြဘဲ သွားများအစား မာကျောသည့် ကြိုးသာပါရှိကြသည်။ ပင်လယ်ခရုအများစုမှာ အသီးအရွက်စားများဖြစ်ကြပြီး အပင်၊ ရေညှိရေမှော်နှင့် ကျောက်တုံး၊ ကျောက်ဆောင်ကြားရှိ သေးငယ်သောကျောက်ပွင့်များကို စားကြသည်။ ခရုမျိုးစိတ်အနည်းစုမှာ အစုံစားနှင့် အသားစားများဖြစ်ကြသည်။

ပင်လယ်ငါးဖမ်းလှေများတွင် ဖမ်းယူရရှိသည့် ခရုအုန်း ခေါ် အုန်းခရုတစ်မျိုးအတွင်းမှ တစ်ခါတစ်ရံ ရရှိတတ်သည့် ခရုအုန်းပုလဲသည် တန်ဖိုးကြီးမားသည့် ရတနာတစ်ပါးဖြစ်သည်ကိုကား သိသူနည်းလှပေသည်။ အဆိုပါခရုအမျိုးအစားများသည် မိမိဝမ်းဗိုက်အရေပြားကို မြေပေါ်၌တွန့်၍တွန့်၍ တစ်နေရာမှ တစ်နေရာသို့ တွားသွားတတ်ကြသည်။ ခရုအုန်း သို့မဟုတ် အုန်းခရုသည် ပင်လယ်ကြမ်းပြင်တွင် ကျက်စားနေထိုင်ကြသည့် ခရုတစ်မျိုးဖြစ်သည်။ အဆိုပါခရုသည် အခွံခွာထားသည့် အုန်းသီးသဏ္ဍာန်ရှိ၍ ခရုအုန်း သို့မဟုတ် အုန်းခရုဟု ဒေသခံများခေါ်ကြသည်။ အရောင်အဆင်းမှာ ဝါကြန့်ကြန့်ဖြစ်ပြီး အခွံမာကာ အခွံပေါ်တွင် အစက်အပြောက်များ အနည်းငယ်ရှိသည်။ လုံးပတ် ရှစ်လက်မမှ ၁၉ လက်မထိ အသက်အရွယ်လိုက်၍ အရွယ်အစားအမျိုးမျိုးရှိကြသည်။ အခွံအတွင်းအသားမှာ အစင်းများပါရှိပြီး အသားကိုစားသုံးရန် အဓိကထားကြသည်။ ငါးဖမ်းပိုက်လှေများတွင် အခါအားလျော်စွာ ဖမ်းဆီးရမိကြပြီး အခြားငါးများနှင့်အတူ ပင်လယ်ကြမ်းပြင်မှတစ်ဆင့် ပိုက်အတွင်း ဖမ်းဆီးရမိတတ်ကြသည်။ အသားကို ရေနွေးဖြင့်ပြုတ်၍ ပါးပါးလှီးကာ သုပ်စားလေ့ရှိသည်။ ခရုအုန်းအသားသုပ်၏ အနေအထားနှင့် အရသာမှာ ဝက်နားရွက်သုပ်နှင့် ဆင်တူသည်။ ဟိုတယ်များတွင် ခရုအုန်းအသုပ်တစ်ပွဲလျှင် ငွေကျပ် သောင်းကျော် ပေးရတတ်သည်။

ခရုအုန်း သို့မဟုတ် အုန်းခရုအခွံကို ကနုကမာနည်းပညာဖြင့် လက်ဝတ်ရတနာသိမ်းဆည်းသည့်ဘူး၊ ဆေးလိပ်ဘူး၊ ဆေးလိပ်ပြာခံခွက်နှင့် အခြားအနုပညာမြောက်ပစ္စည်းပေါင်းများစွာ ဖန်တီးထုတ်လုပ်ကြသည်။ အတွင်းအသားထဲတွင် မှတ်ကောင်အတွင်း ပုလဲဖြစ်တည်သည့်ဖြစ်စဉ်ကဲ့သို့ သဘာဝအလျောက်ဖြစ်တည်နေသည့် ခရုအုန်းအမြုတေကို ရရှိတတ်သည်။ ဒေသခံများက ခရုအုန်းပုလဲဟုခေါ်ကြပြီး ယခုအခါ မီလိုပုလဲ (Melo Pearl)ဟု လူသိများပြီး အဆိုပါပုလဲကို အင်္ဂလိပ်အမည်အားဖြင့် "The Indian Volute or Bailershell or Melo Melo Pearl" ဟုခေါ်ကြသည်။

ကမ္ဘာပေါ်တွင် အဖိုးတန်ပုလဲ ကိုးမျိုးခန့်ရှိသည်ဟု သိရသည်။ ထိုပုလဲကိုးမျိုးတွင် Melo Pearl ဟု အမည်တွင်သော ခရုအုန်းပုလဲသည် မွေးမြူပြီးမွေးပုလဲအဖြစ်ထုတ်ယူ၍မရဘဲ သဘာဝအတိုင်းသာဖြစ်တည်တတ်သော သဘာဝပုလဲများဖြစ်ပြီး ရှားပါးသည်ဖြစ်ရာ လက်ဝတ်ရတနာဆိုင်တိုင်းတွင် မေး၍မရနိုင်ပေ။ ထိုပုလဲ၏ မျက်နှာပြင်၌ မီးတောက်ပုံအညိုအကွက်များပါရှိပြီး ရှားပါးပုလဲဖြစ်သောကြောင့် ဈေးကွက်၌ တွေ့ရရန်မလွယ်ကူပေ။ မီလိုပုလဲသည် အရောင်အားဖြင့် ငါးမျိုးရှိသည်။ ၎င်းတို့မှာ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်ဖျော့ဖျော့၊ ကြေးနီရောင်၊ အညိုရောင်ဟူ၍ရှိကြပြီး ၎င်းတို့တွင် လိမ္မော်ရောင်အမျိုးအစားသည် ဈေးကောင်းရကြသည်။

အဆိုပါ ပုလဲထွက်ရှိသော အုန်းခရုကို အရှေ့တောင်အာရှ ပင်လယ်ကမ်းရိုးတန်းနှင့် မြန်မာ၊ ထိုင်း၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် မလေးရှားနိုင်ငံ ရေပိုင်နက်တို့တွင် အများဆုံးတွေ့မြင်နိုင်သည်။ ပုလဲပုံသဏ္ဍာန်မှာ လုံးဝန်းသည့်သဏ္ဍာန်နှင့် ကြက်ဥပုံသဏ္ဍာန် အတွေ့ရများသည်။ အရွယ်အစားအမျိုးမျိုးတွေ့ရတတ်သည်။ အထူးသဖြင့် မှတ်ကောင်မှရသည့် သဘာဝပုလဲ၏ အရွယ်အစားဖြင့် ရရှိလေ့ရှိသည်။ အရောင်အဆင်းမှာ ဝါကြန့်ကြန့် ရွှေရောင်အဆင်းကဲ့သို့ရှိပြီး ပုလဲမျက်နှာပြင်ပေါ်တွင် သဘာဝအလျောက်ဖြစ်ပေါ်နေသည့် အစင်းများ၊ အရစ်များ ပုံသဏ္ဍာန်အမျိုးမျိုး ကျစ်လျစ်သိပ်သည်းစွာ ဖြစ်တည်နေလေ့ရှိသည်။ ခရုအုန်းပုလဲကို ခရုအုန်းအကောင်တိုင်းတွင် တွေ့ရလေ့မရှိဘဲ တစ်ခါတစ်ရံမှသာ ရရှိတတ်သည့် ရှားပါးစာရင်းဝင် ရတနာတစ်ပါးဖြစ်ရာ အရောင်အသွေးနှင့် အလေးချိန်ကိုလိုက်၍ ငွေကြေးတတ်နိုင်သူများက သိန်းရာချီပေး၍ ဝယ်ယူတတ်ကြသည်။ အရှေ့အလယ်ပိုင်းဒေသများမှ သူဌေးသူကြွယ်များ၊ ဥရောပနှင့် အမေရိကမှ ရတနာကုန်သည်များက ဈေးကြီးပေးကာ ဝယ်တတ်ကြသည်။ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ သူဌေးသူကြွယ်များ အဆောင်လက်စွပ်အဖြစ် ဆင်မြန်းလေ့ရှိကြောင်း သိရသည်။

အချုပ်အားဖြင့်ဆိုရသော် ရေသတ္တဝါ ပင်လယ်အုန်းခရုမှရသော ခရုအုန်းပုလဲ ခေါ် မီလိုပုလဲသည် သဘာဝအတိုင်းရရှိသော ပုလဲဖြစ်သောကြောင့် အလွန်တန်ဖိုးကြီး ရှားပါးလှသည်ဖြစ်ရာ စာဖတ်သူများ ဗဟုသုတရရှိစေရန် ရည်ရွယ်ပြီး လေ့လာရေးသားဖော်ပြလိုက်ရခြင်းဖြစ်ပါသည်။


**ကိုးကား**

- **Fish Base of Myanmar**
- **Inland Fisheries of Myanmar**
- **မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ်(၂၀၂၃)**
- **အုန်းခရုအမြုတေ(ဆရာစိုင်းခမ်းညို)**
- **ငါးလုပ်ငန်းစာစဉ် အတွဲ(၁)၊အမှတ်(၂)**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

## ဉာဏ်ကောင်းတဲ့ မြွေဖေဖေ

မင်္ဂလာပါ သားသားမီးမီးတို့ရေ။ ဦးဦး ဒီတစ်ပတ်ပြောပြမဲ့ပုံပြင်လေးကတော့ "မြွေဖေဖေ"လို့ အမည်ရတယ်ကွယ်။ ဟိုးရှေးရှေးတုန်းက ရွာရဲ့အပြင်ဘက်တောစပ်အနီး တောင်ပို့ကြီးမှာ မြွေမိသားစုနေထိုင်သတဲ့။ မြွေပေါက်ကလေးတွေဟာ အလွန်ငယ်လွန်းတာကြောင့် မြွေဖေဖေက အပြင်ကိုထွက်ပြီး အစာရှာရသလို မြွေမေမေကတော့ မြွေပေါက်ကလေးတွေကို စောင့်ရှောက်ပြီး တောင်ပို့အတွင်းမှာနေထိုင်သတဲ့။

တစ်နေ့မှာတော့ မြွေဖေဖေ အစာရှာထွက်ခိုက် တောင်ပို့နားအနီးကို ခွေးတစ်ကောင်နဲ့ မြွေဖမ်းတဲ့သူရောက်လာတာပေါ့။ ခွေးဟာ မြွေအနံ့ကိုရပြီး တောင်ပို့ရဲ့အပေါက်ကို လက်တွေနဲ့ယက်သတဲ့။ ပါးစပ်ကလဲအော်ပြီး သူ့သခင်ကို မြွေအထဲမှာရှိကြောင်း ပြောသတဲ့ကွယ်။ တောင်ပို့ထဲက မြွေမေမေဟာ ဘာလုပ်လို့ လုပ်ရမှန်းမသိဘဲ သောကတွေများနေတာပေါ့။ သူ့ကလေးတွေ သေမှာကိုစိုးရိမ်ပြီး မြွေဖေဖေကို မျှော်နေသတဲ့။ ခွေးကလဲမြေကြီးတွေကို တအားယက်ထုတ်နေတာပေါ့။ သိပ်မကြာခင်မှာပဲ မြွေဖေဖေဟာ တောင်ပို့အနားကိုရောက်လာခဲ့တယ်။ ပြီးတော့ မြွေမေမေနဲ့ သားသမီးတွေရှိတဲ့နေရာကို ကယ်ပေါက်ကနေဝင်ပြီး ရောက်အောင်သွားသတဲ့။ မြွေမေမေဟာ မြွေဖေဖေကိုမြင်တော့ အလွန်ဝမ်းသာသွားပြီး မြွေဖေဖေကို ပြောသတဲ့။

"မြွေဖေဖေရယ် တစ်ခုခုကြံပါအုံး။ မကြာခင်မှာ ကျွန်မတို့ဆီကို ခွေးကြီးရောက်လာတော့မယ်။ ခွေးကြီးရောက်လာရင် ကျွန်မတို့မိသားစု ဒုက္ခရောက်ကုန်တော့မှာ တစ်ခုခုလုပ်ပါအုံး"လို့ မြွေဖေဖေကိုငိုပြီး ပြောသတဲ့။ ထိုအခါ မြွေဖေဖေက-

"မြွေမေမေ သိပ်ပြီးမကြောက်ပါနဲ့ ငါရှိပါတယ်။ အခု ငါပြောတာမှတ်ထား။ ခွေးကြောင့်သာ ငါတို့ရှိမှန်းလူသိတာ။ ခွေးမရှိရင် ငါတို့ရှိမှန်း လူသိမှာမဟုတ်ဘူး။ ဒါကြောင့် ငါအပြင်ထွက်ပြီး ခွေးကိုပေါက်သတ်မယ်။ မြွေမေမေက ငါမရှိတော့ရင် သားသမီးတွေကို စောင့်ရှောက်ပါ"လို့ပြောပြီး မြွေဖေဖေဟာ သူ့အစီအစဉ်အတိုင်းလုပ်သတဲ့။ အရင်ဆုံး ခွေးကိုအားကုန်ပေါက်လိုက်တယ်။ ခွေးဟာ မြွေအဆိပ်ကြောင့် နေရာမှာပဲ သေသွားသတဲ့။ မြွေဖမ်းတဲ့လူဟာ မြွေဖေဖေရဲ့ ခေါင်းကို ခွနဲ့ဖိပြီးဖမ်းသတဲ့။ ပြီးတော့ မြွေဖေဖေရဲ့ အဆိပ်ရှိတဲ့အစွယ်ကိုချိုးလိုက်ပြီး အရှင်ယူသွားတာပေါ့။ မြွေမေမေတို့မိသားစုဟာ မြွေဖေဖေကြောင့် အသက်အန္တရာယ်ဘေးက လွတ်မြောက်သွားသတဲ့ကွယ်။

မြွေဖမ်းတဲ့လူဟာ မြွေဖေဖေကို မြွေအလမ္ဘာယ်



ဆရာဆီ ရောင်းလိုက်သတဲ့။ မြွေအလမ္ဘာယ်ဆရာဟာ ပလွေကိုမှုတ်ပြီး မြွေဖေဖေကို ကစေသတဲ့။ မြွေဖေဖေဟာ နေ့တိုင်း မြွေအလမ္ဘာယ်ဆရာရဲ့ စေခိုင်းမှုနဲ့ မြို့တိုင်းမှာ ကပြဖျော်ဖြေရတာပေါ့။ မြွေဖေဖေဟာ လမ်းတိုင်းလမ်းတိုင်းကို မှတ်ထားတယ်။ ဘာကြောင့်လဲဆိုရင် မြွေအလမ္ဘာယ်ဆရာဆီကလွတ်ခဲ့ရင် မြွေမေမေတို့ဆီ ပြန်ဖို့ပေါ့။ မြွေအလမ္ဘာယ်ဆရာဟာ မြွေဖေဖေ ကပြဖျော်ဖြေပြီးတိုင်း သစ်သားနဲ့လုပ်ထားတဲ့ လှောင်အိမ်ထဲကို ထည့်တယ်။ ပြီးတော့ နေ့စဉ် မြွေဖေဖေစားဖို့ ကြွက်အရှင်တစ်ကောင် ကျွေးသတဲ့။ မြွေဖေဖေဟာလဲ အားရှိအောင်၊ သန်မာအောင် နေ့တိုင်းစားတာပေါ့။ ညဘက်ရောက်တိုင်း လှောင်အိမ်ကို ကိုယ်နဲ့တိုက်သတဲ့။ မြွေဖေဖေ ဘယ်လိုပဲ ကိုယ်နဲ့တိုက်တိုက် လှောင်အိမ်ရဲ့သစ်သားတွေဟာ ဘယ်လိုမှယိုင်နဲ့ကျိုးပဲ့မသွားဘူးတဲ့ကွယ်။

မြွေဖေဖေဟာ အာဟာရတွေပြည့်စုံပြီး ခန္ဓာကိုယ်က ဝလာတော့ စိုပြည်လှပလာတာပေါ့။ မြွေအလမ္ဘာယ်ဆရာဟာ သူ့ရဲ့မြွေ လှပတာကိုကြည့်ပြီး ပီတိဖြစ်နေတာပေါ့။ မြွေဖေဖေ ကပြတိုင်းကြည့်တဲ့ ပရိသတ်တွေများတော့ မြွေအလမ္ဘာယ်ဆရာဟာ အသပြာတွေ ပိုပြီးရလာတာပေါ့။ ဒါကြောင့် မြွေဖေဖေကို တစ်နေ့ ကြွက်နှစ်ကောင်စီကျွေးသတဲ့။ မြွေဖေဖေဟာလဲ ကြွက်နှစ်ကောင်ကိုစားပြီး အားအင်တွေ ပိုရှိလာတာပေါ့။ ညတိုင်းလဲ လှောင်အိမ်ကို ကိုယ်နဲ့တိုက်သတဲ့။ လှောင်အိမ်က ဘာမှဖြစ်မသွားဘဲ ပုံမှန်အတိုင်းပဲတဲ့ကွယ်။ ဒါကြောင့် မြွေဖေဖေဟာ စဉ်းစားသတဲ့။

"အင်း ငါနေ့တိုင်း ကျွေးသမျှကြွက်တွေကို စားတယ်၊ အာဟာရပြည့်တယ်။ ခန္ဓာကိုယ်လဲကြီးလာတယ်။ ဒါပေမဲ့ လှောင်အိမ်ကို ငါဖျက်ဆီးလို့ မရပါလား။ ဘာကြောင့်လဲ"လို့ စဉ်းစားရင်း အတွေးအကြံတစ်ခုရလာသတဲ့ကွယ်။ ဒါကြောင့် မြွေဖေဖေဟာ သူ့ရဲ့အကြံကို စတင်အကောင်အထည်ဖော်တော့တယ်။ မြွေဖေဖေဟာ မြွေအလမ္ဘာယ်ဆရာ လာကျွေးတဲ့ ကြွက်နှစ်ကောင်ကိုမစားဘဲ ခွေနေတယ်။ ဒီအကြောင်းအရာကို မြွေအလမ္ဘာယ်ဆရာက သတိထားမိသတဲ့။ မြွေဖေဖေ နေမကောင်းလို့နေမှာပဲလို့တွေးပြီး အိမ်ပေါ် တက်သွားတာပေါ့။ ကြွက်ကလေးနှစ်ကောင်ဟာ မြွေဖေဖေကို ကြောက်တဲ့အတွက် ဟိုပြေးဒီပြေးလုပ်ပြီး နေဝင်ချိန်ရောက်တဲ့အခါ လှောင်အိမ်သစ်သားကို သွားတွေနဲ့ကိုက်တာပေါ့။ ညသန်းခေါင်အချိန်ရောက်တော့ ကြွက်နှစ်ကောင်ကိုက်တဲ့သစ်သားဟာ အပေါက်ဖြစ်သွားတာပေါ့။ အဲဒီအချိန်မှာ ကြွက်ကလေးနှစ်ကောင်ဟာ သစ်သားအပေါက်ကနေ ထွက်ပြေးသွားတယ်။ မြွေဖေဖေဟာလဲ သူ့အကြံအောင်သွားပြီး သစ်သား အပေါက်ကနေ ထွက်ပြေးလွတ်မြောက်ကာ မြွေမေမေတို့ရှိတဲ့ တောင်ပို့ဆီကို ပြန်လာသတဲ့။ မြွေဖေဖေဟာ မိမိစားချင်တဲ့ဆန္ဒကိုမျိုသိပ်ပြီး သည်းခံခဲ့တဲ့အတွက် အသက်ဘေးကလွတ်ခဲ့တာပေါ့ကွယ်။ နောက်တော့ မြွေဖေဖေနဲ့မြွေမေမေဟာ မြွေသားသမီးတွေနဲ့အတူ ပျော်ရွှင်စွာ နေထိုင်သွားကြတယ်ကွယ်။ ပုံပြင်လေးကတော့ ဒါပါပဲသားသားမီးမီးတို့ရေ။

သားသားမီးမီးတို့လဲ "မြွေဖေဖေ"ပုံပြင်ထဲက မြွေဖေဖေဟာ မိသားစုဒုက္ခရောက်ရင် မိသားစုအတွက် အသက်ပေးပြီး ကာကွယ်ခဲ့တာကို သိရှိပြီး မိဘတို့ရဲ့ မေတ္တာ စေတနာတို့ကိုသိကာ လိမ်လိမ်မာမာနေရမယ်နော်။ ဒါ့ပြင် မြွေဖေဖေဟာ အချုပ်အနှောင်ဘေးက လွတ်အောင် အကြံဉာဏ်တွေ ကြံစည်တွေးတောဆောင်ရွက်ခဲ့တဲ့အတွက် လွတ်မြောက်ခဲ့ရတာကိုလဲ သင်ခန်းစာယူပြီး အရာရာမှာ ဉာဏ်ကိုသုံးပြီး ကြံစည်စဉ်းစားဆင်ခြင်ကြရမယ်နော်။

**မောင်ပုည(ဟသ်ာတမြေ)**

## လှေပြိုင်ပွဲ

♦ အားလုံးပျော်ကြ မြစ်ပြင်ဆီ
လှော်ခတ်လက်ညီညီ၊
ဩသံကိုချီ အော်သံပေး
ရေပြင်လှိုင်းဖွေးဖွေး။

♦ အမျိုးသားရေး ပွဲတော်ပါ
ပြုလုပ်အောင်ကြောင်းဖြာ၊
စည်းလုံးညီညာ လက်တွေ့တွဲ
ရိုးရာလှေသဘင်ပွဲ၊
တစ်နှစ်တစ်ခါနွဲ။ ။

**ပန်းမာလာ**



## တို့ကျောင်းသား

♦ အဖြူအစိမ်းလေးဝတ်လို့ကွယ်
တို့တွေကျောင်းသွားမယ်၊
ပညာတွေသင်ရှာကြ
ပျော်ပျော်ပါးပါးဗျ။

♦ သူငယ်ချင်းများစုလို့ကွယ်
စာတွေသင်ကြတယ်၊
ဆရာများက လမ်းညွှန်ပေး
တို့တွေ တတ်မြောက်ရေး။

♦ ပညာတတ်ကြီးဖြစ်ရန်မှာ
တို့ရဲ့ပန်းတိုင်ပါ၊
ထိုအချိန်ရောက်ဖို့အား
တို့ရည်ရွယ်လို့ထား။ ။

**ကိုသန့်(လွန်ဆေး)**



## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)
## ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး
## စစ်သည်အစားခန့်ဝန်ထမ်းများ လျှောက်လွှာခေါ်ယူခြင်း

၁။ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် အမှတ်(၁၂) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ်တို့တွင် အောက်ဖော်ပြပါရာထူးများ၌ စစ်သည်အစားခန့် ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် အလိုရှိပါသည်-

(က) သတင်းကြေညာသူ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/ အမျိုးသမီး)။
(ခ) သတင်းအယ်ဒီတာ (မြန်မာ/အင်္ဂလိပ်) (အမျိုးသား/အမျိုးသမီး)။
(ဂ) ဇာတ်လမ်း/ဇာတ်ညွှန်း (အမျိုးသား/ အမျိုးသမီး)။
(ဃ) ထုတ်လုပ်ရေးမှူး (အမျိုးသား/အမျိုးသမီး)။
(င) အစီအစဉ်မှူး (အမျိုးသား/အမျိုးသမီး)။
(စ) ဂီတ(ခေတ်ပေါ်) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဆ) ဂီတ(ဆိုင်းဝိုင်း) အဆို/အတီး (အမျိုးသား/အမျိုးသမီး)။
(ဇ) ကဇာတ် (အဆို/အက) (အမျိုးသား/အမျိုးသမီး)။

၂။ အထက်ဖော်ပြပါ ရာထူးအားလုံးအတွက် လိုအပ်သည့်အရည်အချင်းများမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူသည် ပြည်ထောင်စု မြန်မာနိုင်ငံသား တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူဖြစ်ရမည်။
(ခ) ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်တွင် အသက် (၂၅)နှစ် ထက်မကျော်လွန်စေရ၊ အိမ်ထောင်မရှိဖူးသူ လူပျို/အပျို ဖြစ်ရမည်။
(ဂ) အချို့ရာထူးများမှာ လုပ်ငန်းသဘောသဘာဝအရ အအေးခန်းတွင် လုပ်ကိုင်နိုင်သူဖြစ်ရမည်။
(ဃ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည် (ယာယီဘွဲ့ ထောက်ခံစာမရပါ)။
(င) အနည်းဆုံး ငါးနှစ် အမှုထမ်းဆောင်နိုင်သူဖြစ်ရမည်။လိုအပ်ပါက စစ်သည်/စစ်သမီးအဖြစ် တာဝန်ထမ်းဆောင်နိုင်ရမည် (စာချုပ် ချုပ်ဆိုဆောင်ရွက်ပါမည်)။
(စ) လျှောက်ထားသူနှင့် မိဘညီအစ်ကိုမောင်နှမများအားလုံး အနေဖြင့် ပြစ်မှုကင်းရှင်းရမည့်အပြင် ပါတီနိုင်ငံရေးနှင့် ကင်းရှင်းသူများဖြစ်ရမည်။
(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။
(ဇ) ရေးဖြေနှင့်နှုတ်ဖြေစာမေးပွဲ ဖြေဆိုအောင်မြင်ရမည်။
(ဈ) ကျန်းမာရေးဆေးစစ်မှု အောင်မြင်ရမည်။

၃။ အောက်ဖော်ပြပါ ရာထူးအသီးသီးအတွက် လိုအပ်သည့် အရည်အချင်းများမှာ ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) သတင်းကြေညာသူ လျှောက်ထားသူများသည် ရုပ်ရည်သင့်တင့်လှပပြီး အသံကြည်လင်ပီသရမည်။ မျက်စိကောင်းမွန်ရမည် (မျက်မှန်တပ်ဆင်ထားသူ မဖြစ်စေရ)။
(ခ) အဆို/အက လျှောက်ထားသူများသည် မြန်မာသံ၊ ခေတ်ပေါ်တေးသီချင်းများအား ကောင်းမွန်စွာ သီဆိုနိုင်ရမည်။ တစ်ဦးချင်း/စုပေါင်းယိမ်းအက ကပြနိုင်ရမည်။ ရုပ်ရည်သင့်တင့်ပြေပြစ်ရမည်။

၄။ ရွေးချယ်ခြင်းခံရပါက ရုပ်မြင်သံကြားထုတ်လုပ်မှုအခြေခံသင်တန်းသို့ တက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက် အောင်မြင်ပြီး၍ ဝန်ထမ်းအဖြစ် စတင်ခန့်အပ်ခြင်းခံရပါက တပ်ကြပ်ကြီး(အစားခန့်) အဆင့် လစာနှုန်း ကျပ် ၁၉၈၀၀၀- ၂၀၀၀- ၂၀၈၀၀၀ ဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။

၅။ လျှောက်လွှာနှင့် ကိုယ်ရေးရာဇဝင်ပုံစံများကို အောက်ပါတပ်များတွင် ရယူနိုင်ပါသည်-

(က) အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)မှော်ဘီ၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၆၀၂၇၈)
(ခ) အမှတ်(၂)တပ်မတော်ရုပ်မြင်သံကြားထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)တောင်ညို၊ နေပြည်တော်။ (ဖုန်း ၀၃၁-၇၄၂၇၄)
(ဂ) အမှတ်(၁)တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရဲမွန်၊ ရန်ကုန်မြို့။ (ဖုန်း ၀၃၁-၃၀၄၀၀၊ ၀၉-၆၉၁၇၅၅၅၅၇)
(ဃ) အမှတ်(၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မန္တလေးမြို့။ (ဖုန်း ၀၃၃-၃၃၁၆၀၊ ၀၉-၆၉၄၀၄၂၇၀၄)
(င) အမှတ်(၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြစ်ကြီးနားမြို့။ (ဖုန်း ၀၃၃-၄၀၀၀၅၊ ၀၉-၆၈၄၆၇၃၃၃၂)
(စ) အမှတ်(၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း လားရှိုးမြို့။ (ဖုန်း ၀၃၃-၃၆၁၀၁၊ ၀၉-၆၉၁၂၄၉၁၂၃)
(ဆ) အမှတ်(၅) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ကြီးမြို့။ (ဖုန်း ၀၃၄-၃၂၁၁၆၊ ၀၉-၆၉၇၂၈၇၈၅၅)
(ဇ) အမှတ်(၆) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ချောင်းဆုံ၊ မော်လမြိုင်မြို့။ (ဖုန်း ၀၉-၃၉၁၀၆၅၆၊ ၀၉-၆၇၈၉၂၆၁၀၀)
(ဈ) အမှတ်(၇) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ပုသိမ်မြို့။ (ဖုန်း ၀၃၁-၂၁၁၂၀၊ ၀၉-၆၇၈၆၅၂၀၀၆)
(ည) အမှတ်(၈) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း အမ်းမြို့။ (ဖုန်း ၀၄၃-၂၂၀၃၀၊ ၀၉-၆၈၆၃၉၆၀၈၇)
(ဋ) အမှတ်(၉) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မုံရွာမြို့။ (ဖုန်း ၀၃၃-၇၂၄၄၉၊ ၀၉-၆၉၃၂၄၂၆၈၁)
(ဌ) အမှတ်(၁၀) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း တောင်ငူမြို့။ (ဖုန်း ၀၃၂-၃၃၁၂၅၊ ၀၉-၆၇၈၈၄၂၁၁)
(ဍ) အမှတ်(၁၁) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ကျိုင်းတုံမြို့။ (ဖုန်း ၀၃၄-၃၃၁၄၀၊ ၀၉-၆၉၅၇၅၈၁၄၉)
(ဎ) အမှတ်(၁၂) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း မြိတ်မြို့။ (ဖုန်း ၀၅၉-၄၁၈၇၈၊ ၀၉-၄၀၁၅၅၄၂၈၇)
(ဏ) အမှတ်(၁၃) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ရွာတော်၊ နေပြည်တော်။ (ဖုန်း ၀၃၂-၃၀၃၅၃၊ ၀၉-၆၉၁၃၈၄၄၀၀)
(တ) အမှတ်(၁၄) တိုက်ပွဲဝင်စည်းရုံးရေးသင်တန်းကျောင်း ခိုလမ်မြို့။ (ဖုန်း ၀၃၄-၃၈၆၆၆၊ ၀၉-၉၅၉၇၉၄၃၀၁)

၆။ လျှောက်လွှာများကို ၄-၉-၂၀၂၃ ရက်မှ ၆-၁၀-၂၀၂၃ ရက်အတွင်း အထက်ဖော်ပြပါတပ်များတွင် လာရောက်လျှောက်ထားနိုင်ပါသည်။

၇။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးလျှောက်လွှာ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ ဘွဲ့လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုစာရင်းမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/မြို့နယ် ရဲစခန်းတို့မှ ထောက်ခံစာမူရင်း၊ မိဘများ၏ သဘောတူညီကြောင်း ထောက်ခံချက်၊ တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ဓာတ်ပုံ ၃ ပုံတို့အား ပူးတွဲတင်ပြရမည်။

၈။ ပဏာမလူတွေ့အရည်အချင်းစစ်ဆေးခြင်းကို မြဝတီရုပ်မြင်သံကြား (တောင်ညို) နေပြည်တော်တွင် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလအတွင်း ပြုလုပ်သွားမည်ဖြစ်ပြီး စစ်ဆေးမည့်ရက်အား သက်ဆိုင်ရာ လျှောက်လွှာတင်သွင်းသည့်တပ်များမှတစ်ဆင့် ထပ်မံအကြောင်းကြားပေးသွားပါမည်။

၉။ အသေးစိတ်သိရှိလိုပါက မြဝတီရုပ်မြင်သံကြား (မှော်ဘီ) ရန်ကုန် (ဖုန်း ၀၃၁-၆၀၂၇၈)၊ မြဝတီရုပ်မြင်သံကြား(တောင်ညို) နေပြည်တော် (ဖုန်း ၀၃၁-၇၄၂၇၄၊ ၀၉-၂၅၄၃၅၆၉၄၇) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၄၉၉၅ ဧက စိုက်ပျိုးပြီးစီး


ယခင်နှစ်က မတ်ပဲစိုက်ခင်းကို တွေ့ရစဉ်။

**စစ်ကိုင်း စက်တင်ဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၄၉၉၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၈၀၉၁၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၆၄၉၉၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် စစ်ကိုင်းခရိုင်မှာ ပဲမျိုးစုံ ဧက ၁၈၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လက်ရှိအချိန်ထိ ဧက ၁၆၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပါပြီ။ မိုးကာလမှာလဲ ပဲမျိုးစုံသီးနှံ တိုးချဲ့စိုက်ပျိုးနိုင်အောင် ဆောင်ရွက်နေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း ၄၂၃၂၃ ဧက၊ ထောပတ်ပဲ ၈၄၄ ဧက၊ စွန်တာပြာ ၁၀၁၈ ဧက၊ ပဲလွန်း၄၅၅ ဧက၊ ပဲစင်းငုံ ၁၉၇၅၈ ဧက၊ အခြားပဲ ၁၂၀၅၈ ဧက၊ မြင်းမူမြို့နယ်တွင် မတ်ပဲ ၄၉ ဧက၊ ပဲတီစိမ်းဧက ၁၆၁၉၀၊ ထောပတ်ပဲ ၁၄၇ ဧက၊ စွန်တာပြာ ၁၃၇၇ ဧက၊ ပဲလွန်း ၄၃၅ ဧက၊ ပဲကြီး ၃၇၅ ဧက၊ ပဲစင်းငုံ ၃၄၈၆၈ ဧကနှင့် မြောင်မြို့နယ်တွင် မတ်ပဲ ၂၀၉၇ ဧက၊ ပဲတီစိမ်း ၁၉၅၈၇ ဧက၊ ပဲလွန်း ၃၃၀၇ ဧက၊ ပဲစင်းငုံ ၉၉၉၇ ဧက စုစုပေါင်း ၁၆၄၉၉၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် ပဲမျိုးစုံ စိုက်ပျိုးရန်လျာထားမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ပဲတီစိမ်း ၄၅၅၃၅ ဧက၊ ထောပတ်ပဲ ၉၁၅ ဧက၊ စွန်တာပြာ ဧက ၁၁၅၀၊ ပဲလွန်း ၄၅၇ ဧက၊ ပဲစင်းငုံ ၁၉၇၈၅ ဧက၊ အခြားပဲ ၁၄၅၅၈ ဧက၊ မြင်းမူမြို့နယ်တွင် မတ်ပဲ ၉၉ ဧက၊ ပဲတီစိမ်း ၁၇၄၂၄ ဧက၊ ထောပတ်ပဲ ၁၆၃ ဧက၊ စွန်တာပြာ ၁၄၁၅ ဧက၊ ပဲလွန်း ၅၉၅ ဧက၊ ပဲစင်းငုံ ၃၅၂၆ ဧက၊ ပဲကြီး ၄၆၉ ဧကနှင့် မြောင်မြို့နယ်တွင် မတ်ပဲ ၃၀၅၄ ဧက၊ ပဲတီစိမ်း ၂၃၂၂၉ ဧက၊ ပဲလွန်း ၆၀၀၀ ဧက၊ ပဲစင်းငုံ ၉၉၉၇ ဧက၊ စားတော်ပဲ ဧက ၈၅၀ စုစုပေါင်း ၁၈၀၉၁၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်အတွင်း ပဲမျိုးစုံသီးနှံစိုက်တောင်သူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားရောဂါကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# မာဘယ်ကျောက်ပြားစက်ရုံ(မန္တလေး)

အီတလီနိုင်ငံထုတ် ခေတ်မီ စက်ကရိယာများ အသုံးပြုကာ
အီတလီနည်းပညာဖြင့်ထုတ်လုပ်ထားသည့်
အရည်အသွေးကောင်းမွန်သော နေပူခံကျောက်ပြား၊
အိမ်တွင်းအလှဆင် ကျောက်ပြားနှင့် ရေချိုးခန်းသုံးကျောက်ပြား အရွယ်အစားမျိုးစုံ....

**CNC 3D** ရုပ်လုံးဖော်စက်ကြီးများ အသုံးပြု၍ ဗုဒ္ဓဆင်းတုတော်များ၊ ရုပ်ထုများ
ကျောက်ထွင်းပန်းချီကားများ၊လူသုံးကုန်ပစ္စည်းများအား ထုတ်လုပ် ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။



ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၁၂၃၁၆၃၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇





## စာရေးမတစ်ဦး အလိုရှိသည်

လစာ - ၁၈၀၀၀၀/-
ဒန်/သတ္တုဆိုင်
ဈေးချိုအနောက်ဖက်
၂၆×၂၇ ကြား၊ ၈၆×၈၇ ကြား။
09-780654321

## မွေးသက္ကရာဇ်အမှန်

ပန်းမော်မြို့၊ စံ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 မှ (ဘ) ဦးဝင်းမြင့်ဦး(၅/တသန(နိုင်)၀၅၅၁၁၂) ၏သား မောင်လင်းထက်ဝင်း ၏ မွေးသက္ကရာဇ်အမှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ၁၂-၈-၂၀၀၈ ဖြစ်ပါကြောင်း။ ၁၂-၈-၂၀၀၈

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



ခြင်ဆေးခွေ
သုံးလျှင်
သတိယှဉ်
အောက်တွင်
ခံခွက်
မမေ့နှင့်

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

---

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး။

( ဂ ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

( ခ ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

( ဂ ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

( ခ ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

( ဂ ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်...

❖ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကို အဓိကတည်ဆောက်ကြရ...

❖ နိုင်ငံရေးတည်ငြိမ်မှု၊ ရင့်ကျက်မှု၊ စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါကြွယ်ဝမှုနှင့်တိုက်ရိုက်အချိုးကျနေ...

❖ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၁၈ ရက်တွင်ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ(၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**



**တောင်ကြီးတန်ဆောင်တိုင်ရိုးရာ မီးပုံးပျံပွဲတော်ကို နိုဝင်ဘာ ၂၁ ရက်မှ နိုဝင်ဘာ ၂၇ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်** စာမျက်နှာ - ၁၁

**နမ့်စန်မြို့၊ မော်ဘီမြို့၊ မုံရွာမြို့နယ်၊ ကလေးမြို့နှင့် အမရပူရမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်** စာမျက်နှာ - ၂၀

**တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့ရွာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်** စာမျက်နှာ - ၂၀

**စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲမျိုးစုံ ၁၆၄၉၉၅ ဧကစိုက်ပျိုးပြီးစီး** စာမျက်နှာ - ၃၀

# ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ



**နေပြည်တော် စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မဇာနန်းလှ အသက် ၃၃ နှစ်က ဆင်ဖြူတော် အထီးကလေး တစ်စီးကို ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ ပေ ၁ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည်

**စာမျက်နှာ ၂၁ ကော်လံ ၄ ☆**

